# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက် | ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၀၄၉)


## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

**Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမင်းသူ၊ ဦးသောင်းထွန်း၊ ဦးကျော်တင်၊ ဦးသိန်းဆွေ၊ ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဆက်အောင်၊ ဦးကျော်မျိုး၊ ဗဟိုကော်မတီအတွင်းရေးမှူးများဖြစ်ကြသော ဦးဇော်သန်းသင်းနှင့် ဒေါက်တာသက်ခိုင်ဝင်းတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အထွေထွေရွေးကောက်ပွဲအပြီး လူစုလူဝေးများ ဖြစ်ပေါ်ခဲ့ခြင်းများရှိခဲ့ရာ နိုဝင်ဘာလကုန် ရက်သတ္တပတ်ကာလ၌ ကိုဗစ် –၁၉ ရောဂါ ဖြစ်ပွားမှုနှုန်း မြင့်တက်မှုမရှိစေရန် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်တားဆီးရေးအစီအမံများ ကြိုတင်ဆောင်ရွက်ထားရှိရေး၊ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် ဆေးရုံတက်လျက်ရှိသော လူနာများထဲမှ ဆေးရုံဆင်းခွင့်ပြုနိုင်သည့် လူနာများအား ဆောလျင်စွာ ဆေးရုံဆင်းခွင့်ပေးနိုင်ရေး၊ အအေးပိုင်းဒေသများတွင် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်သွားရေး၊ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံရသည့် ပြည်သူများအနေဖြင့် မိမိအစီအစဉ်ဖြင့် ဆေးကုသမှုပြုခဲ့ပြီး အခြေအနေဆိုးရွားမှသာ ဆေးရုံသို့ လာရောက်ပြသမှုကြောင့် ဆေးရုံသို့ ရောက်ရှိချိန်တွင် သေဆုံးခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဆေးရုံသို့ လာရောက်ပြသရန် ကြောက်ရွံ့မှုမရှိစေရေး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ် – ၁၉ ရောဂါကုသရေးအတွက် ပြည့်စုံစွာပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် စိုးရိမ်ရသည့် လူနာများဖြစ်ပါက မိသားစု/ဆွေမျိုးများထဲမှ လူနာစောင့်တစ်ဦး လိုက်ပါစောင့်ရှောက်နိုင်ရန် ခွင့်ပြုပေးရေး၊ နိုင်ငံတော်မှ စတုတ္ထအကြိမ် ငွေကြေးထောက်ပံ့နေမှုအပေါ် မလိုလားသူများက ဦးဆောင်ပြီး လူစုလူဝေးဖြင့် ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်လျက်ရှိရာ အဆိုပါအဖွဲ့မှ ဦးဆောင်သူများအား ဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားရန်နှင့် လိုက်ပါဝန်းရံသူများအား ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန်အတွက် လိုအပ်သော ပညာပေးဟောပြောမှုများ

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## ပြည်ပနိုင်ငံများရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၃၁)ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(အောက်ပုံ)**


အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၇၃ ဦး၊ အင်ဒိုနီးရှားမှ တစ်ဦး၊ အီတလီမှ တစ်ဦး၊ ဘရာဇီးမှ တစ်ဦး၊ ရုရှားမှ တစ်ဦး၊ ကနေဒါမှ တစ်ဦး၊

*စာမျက်နှာ ၄ ကော်လံ ၁* ◆



**“ရန်ကုန်တက္ကသိုလ်” ဝေါဟာရ၏ ဇာစ်မြစ်**

ရန်ကုန်တက္ကသိုလ်နှစ်တစ်ရာပြည့် အထိမ်းအမှတ် ဆောင်းပါး




*စာမျက်နှာ – ၆*

**ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် “ရာပြည့်တက္ကသိုလ် မြကျွန်းညို” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်ပွဲကျင်းပ**

*ဆောင်းပါး စာမျက်နှာ – ၇*

**တောင်ကိုရီးယားနိုင်ငံက ပိုမိုတင်းကျပ်သည့် လူမှုဝေးကွာစည်းကမ်းများ ချမှတ်ဆောင်ရွက်မည်**

*နိုင်ငံတကာသတင်း စာမျက်နှာ – ၁၂*


KBZ BANK

(6) CONSECUTIVE YEARS

‘BANK OF THE YEAR IN MYANMAR 2018’

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# ကိုဗစ်လှိုင်းကို လှော်ခတ် ကျော်ဖြတ်ကြစို့

မြန်မာနိုင်ငံသည် တိုးတက်ဖွံ့ဖြိုးမှုနည်း၍ ဆင်းရဲနွမ်းပါးသည့် နိုင်ငံအဖြစ်ဖြင့် ကမ္ဘာ့အလယ်တွင် ရပ်တည်နေရ၏။ ငွေကြေးဥစ္စာ ချို့ငဲ့သည့်အတွက် နိုင်ငံနှင့်ချီ၍ ကြုံတွေ့ရသော အကျပ်အတည်းမျိုး၌ အခြားသော နိုင်ငံများထက် ပိုမိုပြင်းထန်စွာ ထိခိုက်နာကျင်ရနိုင်၏။ ထို့ကြောင့် ယခုကဲ့သို့ ကိုဗစ်ကပ်ရောဂါနှင့် ကြုံတွေ့သည့်အခါ အထူးတလည် သတိကြီးစွာဖြင့် အတတ်နိုင်ဆုံး လူထုကြားထဲ ရောဂါပိုးပေါက်ကွဲပျံ့နှံ့မှုမဖြစ်ရလေအောင် ကာကွယ်ထိန်းချုပ်ကုသရန် ကြိုးပမ်းနေရခြင်းဖြစ်၏။

ခေါင်းဆောင်များက ပြည်သူလူထု ကျန်းမာရေးအသိ၊ ကာကွယ်ရေးသတိတို့ဖြင့် ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်နိုင်ကြရန် ဆော်ဩနေကြခြင်းလည်းဖြစ်၏။

ယခုအခါ နိုင်ငံတွင်း၌ ကိုဗစ်ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည်မှာ ဝေဒနာသည် အမြောက်အမြားနှင့် မနည်းပါးလှသော သေဆုံးသူအရေအတွက် ရှိနေပြီဖြစ်ပါသည်။ ကိုဗစ်ရောဂါ ခံစားခဲ့အတည်ပြုလူနာ စုစုပေါင်း ၇ သောင်းကျော်၊ ရောဂါပျောက်ကင်း၍ ဆေးရုံဆင်းခွင့်ရသူ ၅ သောင်း လေးထောင်ကျော်၊ သေဆုံးသူ ၁၆၀၀ ကျော် ရှိနေခဲ့ပြီ။

ယခုဆိုလျှင် ကိုဗစ်ကပ်ရောဂါ တရုတ်နိုင်ငံ ဝူဟန်မြို့တွင် စတင်တွေ့ရှိခဲ့သည်မှာပင် တစ်နှစ်ရှိခဲ့ပြီ။ တစ်ကမ္ဘာလုံး ပုံမှန်သွားလာ လှုပ်ရှားနေမှုပုံစံ လုံးဝပြောင်းလဲသွားခဲ့သည်မှာ တစ်နှစ်ပြည့်တော့မည်ဟု ဆိုရပါမည်။ ထိုအကြောင်းကြောင့်ပင် ကမ္ဘာ့နိုင်ငံတို့သည် ကျန်းမာရေးအရရော၊ စီးပွားရေးအရရော များစွာထိခိုက်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံသည်လည်း အများနည်းတူ ထိခိုက်ခံစားနေရပြီပဲဖြစ်ပါသည်။ အထက်တွင်ဆိုခဲ့သလို ဆင်းရဲချို့ငဲ့သော နိုင်ငံဖြစ်သည့်အတွက် ကျန်းမာရေးဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအထောက်အကူ အားနည်းမှုက ပိုမိုနစ်နာခံစားစရာများဖြစ်သော်လည်း ပြည်သူချင်း စာနာကြ၊ ကူညီကြ၊ ဖေးမကြဟူသည့် နူးညံ့ကြင်နာတတ်သော စိတ်ပိုင်းဆိုင်ရာ မြင့်မားမှုရှိခြင်းကြောင့် နစ်နာနိုင်သည့် အခြေအနေကို များစွာသက်သာစေခဲ့သည်ဟု ဆိုရပါမည်။ ထို့ပြင် ဦးစီးဦးဆောင်ပြုမှုတို့တွင် ဖြစ်စေ၊ စီမံခန့်ခွဲမှုဆိုင်ရာတွင် ဖြစ်စေ၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဖြစ်စေ တာဝန်ရှိသူတို့ စွမ်းစွမ်းတမံ တာဝန်ယူကြခြင်းကလည်း သည့်ထက်များစွာ စိုးရိမ်ဖွယ်ရှိသည့် အနေအထားသို့ ရောက်မသွားအောင် ထိန်းထားခဲ့နိုင်သေးသည်ဟု ယူဆပါသည်။

ကိုဗစ်ကပ်ရောဂါက နိုင်ငံတကာအနေဖြင့်လည်း ယခုထိ ချုပ်ထိန်းနိုင်ပြီဟူသည့် အနေအထားကို မရောက်သေးဘဲ၊ ဒုတိယလှိုင်း၊ တတိယလှိုင်းစသည်တို့ကို မုန်တိုင်းကြားတွင် ဆက်လက်ဖြတ်သန်းလှော်ခတ်နေရဆဲဖြစ်လေရာ မြန်မာနိုင်ငံသားတို့သည် အင်နှင့် အားနှင့် ဆက်လက်တောင့်ခံ ကျော်ဖြတ်ကြရပါဦးမည်။

ယခုပင်လျှင် ရွေးကောက်ပွဲအောင်ပွဲခံမှုများက လူစုလူဝေးတို့၏ အကျိုးဆက်က မည်မျှပြန့်ပွားမည်ဆိုသည်ကို မခန့်မှန်းနိုင်သေး။ မြန်မာပြည်သူတို့အဖို့ ဒီမိုကရေစီရွေးကောက်ပွဲဟူသည် ဘဝနှင့် ရင်းယူရသည်ဟု သဘောထားကြသူ များလေရာ ရွေးကောက်ပွဲ အောင်အောင်မြင်မြင်ပြီးဆုံးသွားသည်ကလည်းတစ်ကြောင်း၊ မိမိတို့ ရွေးချယ်မဲပေးလိုသူတို့မဲရကာ အနိုင်ရရှိသွားသည်ကလည်း တစ်ကြောင်းတို့ကြောင့် ထင်၏။ ပျော်ကြရွှင်ကြ၏။ ထိုပျော်ရွှင်မှုကို အောင်ပွဲခံလိုကြ၏။ သို့သော်လည်း ကိုဗစ်ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုသည် လူစုလူဝေး များပြားထူထပ်မှုကြောင့် ဖြစ်ရသည်က ပင်မအကြောင်းအရင်းတစ်ခု ဖြစ်သည်ကိုမေ့လို့မရပါ။ ကိုယ့်အိမ်ထဲ ကိုယ်နေကာ ပျော်ရွှင်ကြဖို့သင့်၏။ လူစုလူဝေး အောင်ပွဲများပြုလုပ်ရန် ခေတ်ကောင်းချိန်ကို စိတ်ရှည် လက်ရှည် စောင့်ကြဖို့ တိုက်တွန်းလိုပါသည်။

ထို့ပြင် ယခုအခါ မြန်မာနိုင်ငံ၏ ရာသီစက်ဝန်းအရ ဆောင်းရာသီရောက်လာပြီဖြစ်ရာ၊ ရောဂါပိုးနှင့်ပတ်သက်၍ ပိုမိုသတိထားရန် လိုအပ်ပါသည်။ ကိုဗစ်ဗိုင်းရပ်စ်ရောဂါပိုးသည် အေးသည့် ရာသီဥတုတွင် ပိုမိုရှင်သန်ကူးစက်ပြန့်ပွားနိုင်ခြေရှိသည်ဟု သိထားရသည်ဖြစ်သောကြောင့် အေးလာသည်နှင့်အမျှ သတိကြီးကြဖို့ လိုမည်ဖြစ်ပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်နိုင်ရေးအတွက် အမြဲတမ်းမှန်ကန်သော နည်းနာများဖြစ်သည့်၊ လူစုလူဝေးရှောင်ကြဉ်ခြင်း၊ စနစ်တကျနှင့် မကြာခဏ လက်ဆေးခြင်း၊ အပြင်မထွက်မဖြစ် ထွက်ရမည်ဆိုလျှင် မျက်နှာဖုံး နှာခေါင်းစည်းတို့ တပ်ဆင်ခြင်း၊ လူချင်းခွာခွာနေခြင်းတို့ကို ဆက်လက်လိုက်နာကျင့်ကြံကြရန် အရေးကြီးပါသည်။ ထို့ပြင် ယခုလို အေးချမ်းလာသည့် ရာသီကို အားကစားရာသီအဖြစ်ဖြင့် ကိုယ်လက်လှုပ်ရှားလုပ်ကြလေ့ရှိသည့် အစဉ်အလာအတိုင်း မိမိကျန်းမာရေး၊ ကိုယ်ခံအား ကောင်းမွန်ရေးတို့အတွက် တစ်ကိုယ်ရေ ကိုယ်လက်လှုပ်ရှား အားကစားလုပ်ခြင်းတို့ကလည်း ကိုဗစ်ကာကွယ်ရေးအတွက် တစ်တပ်တစ်အား ဖြစ်ပါလိမ့်မည်။

အသိကြီးကြီး၊ သတိကြီးကြီးဖြင့် ပိုးကူးစက်မှု ကာကွယ်ရေးနည်းလမ်းများကို စောင့်ထိန်းလိုက်နာရင်း တစ်ကိုယ်ရေ ထိန်းသိမ်းခြင်း၊ အားကစားလုပ်၍ ကိုယ်ခံအားကောင်းအောင် အားထုတ်ခြင်း စသည်တို့ဖြင့် ကပ်ရောဂါဘေးကင်းဝေး ကျန်းမာကြပါစေသော်။ ။

## အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

**နေပြည်တော် နိုဝင်ဘာ ၁၇**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "ပိုမိုကောင်းမွန်သည့် COVID-19 အလွန် ကမ္ဘာတည်ဆောက်ဖို့ မသန်စွမ်းသူများ လက်လှမ်းမီပါဝင်ပြီး ရေရှည်တည်တံ့စေရန် ကြိုးစားစို့" "Building Back Better: toward a disability-inclusive, accessible and sustainable post COVID-19 World" အဖြစ် သတ်မှတ်ထားရှိပြီး ဝန်ကြီးဌာနအသီးသီးရှိ စာပေဝါသနာရှင်များ၊ ပြင်ပပုဂ္ဂိုလ် စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက် သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖိတ်ခေါ်ထားသည်။

ဆောင်းပါးတွင် မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊ မသန်စွမ်းသူများ ကြုံတွေ့နေရသည့် အတားအဆီးတို့နှင့်စပ်လျဉ်း၍ ထင်မြင်ယူဆချက် (ဥပမာ- မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ နေထိုင်ရှင်သန်နိုင်ရေးအတွက်ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်၏ အဓိပ္ပာယ်)၊ ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများ ကြုံတွေ့နေရသည့် အတားအဆီးတို့ကို ဖယ်ရှားပြီး မသန်စွမ်းသူများ အကျုံးဝင်ပါဝင်မှုကို သေချာစေခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည့် အခွင့်အလမ်းများ၊ အကြံပြုချက်များ စသည့် အချက်များကို ထည့်သွင်းရေးသားရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများ ဌာနခွဲမှ ဦးစွမ်းရည်ရ (ညွှန်ကြားရေးမှူး)၊ တယ်လီဖုန်း အမှတ် -၀၆၇-၃၄၀၄၆၀၂ နှင့် ဦးရဲမျိုးဝင်း (ဒုတိယညွှန်ကြားရေးမှူး)၊ တယ်လီဖုန်း အမှတ် ၀၆၇-၃၄၀၄၆၀၃ တို့ထံ ဆက်သွယ်၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၇ ရက် သောကြာနေ့ ညနေ ၅ နာရီအထိ နောက်ဆုံးထား ပေးပို့ရမည်ဖြစ်သည်။

ပေးပို့လာသော ဆောင်းပါးစာမူများကို စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၂) ဆုအထိ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါနှင့် ရင်ဆိုင်ကျော်လွှားခဲ့ရပုံအကြောင်း ဆွေးနွေးခန်း အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲ မှ ည ၇ နာရီ အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

ယခုအခါ အပတ်စဉ် ဗုဒ္ဓဟူးနေ့၊ ညနေ ၆ နာရီခွဲတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူများနှင့် ဆွေးနွေးမေးမြန်းခန်းကို ထုတ်လွှင့်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၈ ရက်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူများ ဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဆေးတက္ကသိုလ် (၂) စိတ်ကျန်းမာပညာဌာနမှ ကထိက ဒေါက်တာမျိုးကျော်သူ၊ သဃ်န်းကျွန်းမြို့နယ်မှ ဦးကျော်သူရဝင်းနှင့် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးမှ သူနာပြုဆရာမကြီး ဒေါ်ကြည်ကြည်ဝေတို့၏ ကိုဗစ်-၁၉ ရောဂါ ရင်ဆိုင်ကျော်လွှားခဲ့ရပုံများအကြောင်း ဆွေးနွေးခန်းအစီအစဉ်ကို ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးတက္ကသိုလ် မြကွန်းသာအငြိမ့်အဖွဲ့ ဖျော်ဖြေမှုစတင်ရိုက်ကူး

**ရန်ကုန် နိုဝင်ဘာ ၁၇**

ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်၊ ကုသရေးကာလအတွင်း အများပြည်သူများ Stay at home ဖြင့် မိမိတို့ နေအိမ်များတွင်နေထိုင်စဉ် ပြည်သူများ စိတ်အပန်းပြေစေရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရုပ်ရှင်နှစ် (၁၀၀) ပြည့် Live Show အစီအစဉ်များနှင့် ရန်ကုန်တက္ကသိုလ်နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်ဂုဏ်ပြုဖျော်ဖြေပွဲ Live Show အစီအစဉ်များ ထုတ်လွှင့်ပြသပေးလျက်ရှိသည်။



နိုဝင်ဘာ ၇ ရက် ည ၉ နာရီမှစ၍ အပတ်စဉ်စနေနေ့တိုင်း ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် သဘင် အထိမ်းအမှတ်အဖြစ် တက္ကသိုလ်အငြိမ့်အဖွဲ့များမှ ဂုဏ်ပြုဖျော်ဖြေပွဲများကို ထုတ်လွှင့်ပြသမည်ဖြစ်ပြီး အငြိမ့်ဖျော်ဖြေပွဲများကို ရန်ကုန်မြို့ MRTV စတူဒီယိုတွင် ရိုက်ကူးလျက်ရှိသည်။

နိုဝင်ဘာ ၁၇ ရက်တွင် မန္တလေးတက္ကသိုလ် မြကွန်းသာအငြိမ့်အဖွဲ့ စတင် ရိုက်ကူးလျက်ရှိရာ မင်းသမီး အိမ့်သူမင်း (ဒုတိယနှစ် မြန်မာစာ) နှင့် လူရွှင်တော်များအဖြစ် စည်သူငြိမ်း (ပထမနှစ်မဟာဝိဇ္ဇာ၊ မြန်မာစာ)၊ မင်းမင်းစိုး (ဒုတိယနှစ် မဟာဝိဇ္ဇာ၊ မြန်မာစာ)၊ အောင်ကျော်ဖြိုး (စတုတ္ထနှစ် မြန်မာမှုပညာ)၊ ကျော်သီဟစိုး (ပထမနှစ် မြန်မာမှုပညာ) တို့က ဟာသ ပြက်လုံးများဖြင့် ပြည်သူများ စိတ်အပန်းပြေစေရန် ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်သည်။

နောက်ခံ မြန်မာဆိုင်းဝိုင်းအနေဖြင့် စတားဗိုလ်လှိုင်းနှင့်အဖွဲ့ (မြန်မာ့အသံနှင့် ရုပ်မြင်သံကြား) မှဦးဆောင်၍ ရွှာစားအောင်ဝမ်းတူးနှင့် ရွှေပန်တျာဇော်လင်းထက်တို့ ပါဝင်တင်ဆက်ပေးမည်ဖြစ်သည်။ မင်းသမီးအကအလှကို အကနည်းပြအဖြစ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် သဘင်ပညာဌာန လက်ထောက်ကထိက ဆရာဦးစိုးညွန့်အောင် သင်ကြားပို့ချပေးခြင်းဖြစ်ပြီး လူရွှင်တော် ပြက်လုံးခွင်ပိုင်းဆိုင်ရာကို လူရွှင်တော်ကြီး ဦးချစ်စရာနှင့် ဦးထင်ပေါ်တို့က သင်ကြားပေးကာ အငြိမ့်တေးသီချင်းများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ဂီတပညာဌာန အငြိမ်းစားတွဲဖက် ပါမောက္ခ ဂီတမှူး စန္ဒရားဦးတင်ဝမ်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ဂီတပညာဌာန တွဲဖက်ပါမောက္ခ ဦးဇော်မိုးကျော်တို့က ရေးသားဖန်တီး ပေးထားသည်။

နိုဝင်ဘာ၂၁ရက် ည ၉ နာရီတွင် မန္တလေးတက္ကသိုလ် မြကွန်းသာ အငြိမ့်အဖွဲ့ ဖျော်ဖြေတင်ဆက်မှုကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ဟားခါးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တွင် ၇ ဒီဂရီ စင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့၊ နမ့်စန်မြို့နှင့် တီးတိန်မြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ် ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ အထွေထွေအတွင်းရေးမှူး မစ္စတာရှီကျင့်ဖျင်နှင့် နော်ဝေနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စ အိုင်လ်နီ အယ်ရစ်ဆင် ဆိုးလ်ရိုဒ် တို့က ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၇

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ အထွေထွေအတွင်းရေးမှူး မစ္စတာ ရှီကျင့်ဖျင်နှင့် နော်ဝေနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စ အိုင်လ်နီ အယ်ရစ်ဆင် ဆိုးလ်ရိုဒ် တို့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာအပြည့်အစုံမှာ -

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ အထွေထွေအတွင်းရေးမှူး မစ္စတာရှီကျင့်ဖျင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မကြာမီရက်ပိုင်းကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အဆွေတော် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ကောင်းမွန်သောရလဒ်ရရှိကြောင်း ဝမ်းမြောက်ဝမ်းသာစွာ သိရှိရပါကြောင်း၊ ကျွန်တော့်အနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ နှစ်နှစ်ကာကာ ဂုဏ်ပြုထောမနာပြုပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်ချမ်းသာကြွယ်ဝရေးဟူသော မွန်မြတ်သည့် လုပ်ငန်းကြီးဖော်ဆောင်ရာတွင် ပိုပြီးကြီးမားသော အောင်မြင်မှုရရှိလိမ့်မည်ဖြစ်ကြောင်း ယုံကြည်ပါကြောင်း၊

တရုတ်-မြန်မာ နှစ်နိုင်ငံသည် တောတောင်ရေမြေချင်းဆက်စပ်သော အိမ်နီးချင်းကောင်း၊ ဆွေမျိုးပေါက်ဖော်ကောင်းဖြစ်ကြပါကြောင်း၊ ယခုနှစ်သည် တရုတ်-မြန်မာ သံတမန်ဆက်သွယ်ရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်ကို ကျွန်တော်တို့နှစ်နိုင်ငံ အတူတူ နွှဲပျော်ခဲ့ပါကြောင်း၊ နှစ်ဆန်းပိုင်းတွင် ကျွန်တော်သည် မြန်မာနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးစဉ် အောင်မြင်စွာရောက်ရှိစဉ် အေးအတူပူအမျှဖြစ်သော အသိုက်အဝန်း ဆက်ဆံမှုတည်ဆောက်ရန် အဆွေတော်နှင့် သဘောတူထားပြီး နှစ်နိုင်ငံဆက်ဆံရေးခေတ်သစ်ကို ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားပြီးနောက် နှစ်ပါတီနှင့် နှစ်နိုင်ငံအကြား ထိထိရောက်ရောက် အပြန်အလှန်ကူညီပံ့ပိုးခြင်းဖြင့် အေးအတူပူအမျှ တက်ညီလက်ညီ ရိုင်းပင်းကူညီမှုစိတ်ဓာတ် ပိုပြီးပေါ်လွင်ထင်ရှားလာပါကြောင်း၊

တရုတ်ကွန်မြူနစ်ပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အကြား နီးကပ်သော ချစ်ခင်ရင်းနှီးမှုထားရှိခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးတည်တံ့ခိုင်မြဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ တရုတ်ဘက်သည် နှစ်ပါတီနှင့် နှစ်နိုင်ငံဆက်ဆံရေးကို အလွန်အလေးထားပါကြောင်း၊ ကျွန်တော့်အနေဖြင့် အဆွေတော်နှင့်အတူ နှစ်ပါတီနှင့် နှစ်နိုင်ငံဆက်ဆံရေးကို နိုင်ငံရေးရှုထောင့်မှ ဦးဆောင်လမ်းညွှန်မှု အားဖြည့်ဆောင်ရွက်ရန်၊ အာဏာရပါတီ အပြန်အလှန်သင်ယူဖလှယ်မှု နက်ရှိုင်းစွာဖော်ဆောင်ရန်၊ Belt & Road နှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံမှုဘောင်အောက် ကဏ္ဍပေါင်းစုံ လက်တွေ့ပူးပေါင်းဆောင်ရွက်မှု တွန်းအားပေးရန်၊ နယ်စပ်ဒေသငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိရောက်စွာကာကွယ်စောင့်ထိန်းရန်၊ နှစ်နိုင်ငံ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရာတွင် အောင်သီး အောင်နှံ ပိုမိုရရှိရန်၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများထံသို့ ကောင်းကျိုးသယ်ပိုးကြရန် ဆန္ဒပြုပါကြောင်း။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ နော်ဝေနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စ အိုင်လ်နီ အယ်ရစ်ဆင် ဆိုးလ်ရိုဒ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် အဆွေတော်နှင့် အဆွေတော်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အနိုင်ရရှိခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ပြည်သူအများအပြား ဆန္ဒမဲပေးခဲ့ခြင်းသည် အသွင်ကူးပြောင်းရေးနှင့်ပတ်သက်၍ ပြည်သူများ၏ စိတ်အားထက်သန်မှုကို ပြသလျက်ရှိခြင်းဖြစ်ပါကြောင်း၊ လာမည့် အစိုးရအနေဖြင့် ပြည်သူများက အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို အသုံးပြု၍ အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုများ ဆက်လက်အောင်မြင်စွာ ဖော်ဆောင်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

---

❒ *ရှေ့ဖုံးမှ*

ဆောင်ရွက်သွားရေး၊ နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၅ ရက်နေ့အထိ ကာလအတွင်း ပြည်သူများ နေအိမ်တွင်နေထိုင်ရန် ပန်ကြားချက်အား ထုတ်ပြန်သွားရေးနှင့် အဆိုပါကာလအတွင်း ပြည်သူများ အပန်းဖြေနိုင်ရန် ဖျော်ဖြေရေးအစီအစဉ်များ ပိုမိုတိုးမြှင့်ထုတ်လွှင့်ပြသနိုင်ရေး၊ Stay at Home သတ်မှတ်ထားခြင်းမရှိသော မြို့နယ်များရှိ (A) အဆင့်သတ်မှတ်ခြင်းခံရသော စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလကုန်တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်ရေး၊ Stay at Home သတ်မှတ်ထားခြင်းမရှိသော တိုင်းဒေသကြီး / ပြည်နယ်များမှ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများအား နေ့စဉ် နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ် လူဦးရေ ကန့်သတ်ချက်ဖြင့် ဖူးမြော်ခွင့်ပြုနိုင်ရေး၊ နိုဝင်ဘာလနောက်ဆုံးပတ်အတွင်း ကိုဗစ် – ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုအပေါ် မူတည်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး / ပြည်နယ်များမှ Stay at Home သတ်မှတ်ထားခြင်းမရှိသော မြို့နယ်များရှိ ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ခွင့်နှင့် ဘုန်းကြီးကျောင်း၊ ဗလီ၊ Church ကျောင်းများတွင် ဥပုသ်သီလဆောက်တည်ခြင်း၊ ဝတ်ပြုဆုတောင်းခြင်းများ တစ်လလျှင် လေးကြိမ် လူဦးရေ ၃၀ ထက်မပိုဘဲ ခွင့်ပြုနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိရေးနှင့် ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုအပေါ်မူတည်၍ ချက်ချင်းပြန်လည်ရပ်ဆိုင်းရန် စီစဉ်ဆောင်ရွက်ထားရှိရေး၊ ဒီဇင်ဘာ ၂၅ ရက်တွင် ကျရောက်မည့် ခရစ္စမတ်ပွဲတော်နှင့် ဒီဇင်ဘာ ၃၁ ရက် နိုင်ငံတကာနှစ်သစ်ကူးပွဲတော်နေ့များ၌ Church ကျောင်းများတွင် ဝတ်ပြုဆုတောင်းခြင်းအား လူ ၅၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်ရေး၊ ခရစ္စမတ်ပွဲတော်ကာလတွင် လူအများစုဝေး၍ နေအိမ်များသို့ သီချင်းများ လိုက်လံသီဆို ဆုတောင်းခြင်းများကို ခွင့်မပြုဘဲ Church ကျောင်းများ၌ ဝတ်ပြုဆုတောင်းသီဆိုခြင်းများကိုသာ ခွင့်ပြုရန်အတွက် လိုအပ်သော ကျန်းမာရေးစံသတ်မှတ်ချက်အား ညှိနှိုင်းရေးဆွဲရေး၊ ခရစ္စမတ်ပွဲတော်နှင့် နိုင်ငံတကာနှစ်သစ်ကူးပွဲတော်အကြိုကာလအတွင်း ပြည်သူများ စိတ်ပျော်ရွှင်ချမ်းမြေ့စေရန် ဖျော်ဖြေရေးကဏ္ဍအစီအစဉ်များ၊ သီချင်းဆိုပြိုင်ပွဲများနှင့် အငြိမ့်ဖျော်ဖြေပွဲများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်နှင့် အခြားရုပ်သံလိုင်းများမှ ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်သွားရေး၊ ကနဦး မော်တော်ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ဝန်ဆောင်မှုပြုနိုင်ရေး၊ Stay at Home သတ်မှတ်ထားသော မြို့နယ်များအား ကိုဗစ် – ၁၉ ဖြစ်ပွားမှုအပေါ် မူတည်၍ ဖြေလျှော့ပေးနိုင်ရေး၊ ပြည်တွင်းလေယာဉ်ခရီးစဉ်များ ပြန်လည်ပြေးဆွဲခွင့်ပြုနိုင်ရေး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ခရီးသွားရန်အကြောင်းကိစ္စ ပေါ်ပေါက်ပါက သက်ဆိုင်ရာကျန်းမာရေးဌာနများမှ ဆေးစစ်ဆေးမှုခံယူပြီး ပိုးမရှိပါက သွားလာစေရေးနှင့် ပိုးမရှိကြောင်း ထောက်ခံချက်ပါရှိပါက ရောက်ရှိနေရာရှိ စစ်ဆေးရေးဂိတ်များတွင် ပြသပြီး ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကွာရန်တင်းဝင်ရောက်ခြင်းတို့ကို မပြုစေတော့ဘဲ သွားလာခွင့်ပြုရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လိုအပ်သည့် ဆုံးဖြတ်လမ်းညွှန်ချက်ပေးခြင်းများ ဆောင်ရွက်ပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ကိုဗစ် – ၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးအစီအစဉ်များ အပါအဝင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် ရေတို၊ ရေရှည်အစီအမံများနှင့် စပ်လျဉ်း၍ ယခုသီတင်းပတ်အတွင်း သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

**“နိုဝင်ဘာလနောက်ဆုံးပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုအပေါ် မူတည်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ Stay at Home သတ်မှတ်ထားခြင်းမရှိသော မြို့နယ်များရှိ ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ခွင့်နှင့် ဘုန်းကြီးကျောင်း၊ ဗလီ၊ Church ကျောင်းများတွင် ဥပုသ်သီလဆောက်တည်ခြင်း၊ ဝတ်ပြုဆုတောင်းခြင်းများ တစ်လလျှင် လေးကြိမ် လူဦးရေ ၃၀ ထက်မပိုဘဲ ခွင့်ပြုနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိရေးနှင့် ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုအပေါ်မူတည်၍ ချက်ချင်းပြန်လည်ရပ်ဆိုင်းရန် စီစဉ်ဆောင်ရွက်ထားရှိရေး၊ ဒီဇင်ဘာ ၂၅ ရက်တွင် ကျရောက်မည့် ခရစ္စမတ်ပွဲတော်နှင့် ဒီဇင်ဘာ ၃၁ ရက် နိုင်ငံတကာနှစ်သစ်ကူးပွဲတော်နေ့များ၌ Church ကျောင်းများတွင် ဝတ်ပြုဆုတောင်းခြင်းအား လူ ၅၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်ရေး၊ ခရစ္စမတ်ပွဲတော်ကာလတွင် လူအများစုဝေး၍ နေအိမ်များသို့ သီချင်းများ လိုက်လံသီဆို ဆုတောင်းခြင်းများကို ခွင့်မပြုဘဲ Church ကျောင်းများ၌ ဝတ်ပြုဆုတောင်းသီဆိုခြင်းများကိုသာ ခွင့်ပြုရန်အတွက် လိုအပ်သော ကျန်းမာရေးစံသတ်မှတ်ချက်အား ညှိနှိုင်းရေးဆွဲရေး၊ ခရစ္စမတ်ပွဲတော်နှင့် နိုင်ငံတကာနှစ်သစ်ကူးပွဲတော်အကြိုကာလအတွင်း ပြည်သူများ စိတ်ပျော်ရွှင်ချမ်းမြေ့စေရန် ဖျော်ဖြေရေးကဏ္ဍအစီအစဉ်များ၊ သီချင်းဆိုပြိုင်ပွဲများနှင့် အငြိမ့်ဖျော်ဖြေပွဲများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်နှင့် အခြားရုပ်သံလိုင်းများမှ ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့်ဆွေးနွေး”**

# ကုန်စိမ်းသီးနှံများ ထုတ်လုပ်သည်မှ ဈေးကွက်ဝင်ရောက်နိုင်သည်အထိ သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးနှင့် မှိုစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့နှင့် နည်းပညာရရှိရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

**၂၀၂၀ ပြည့်နှစ် ဆောင်းရာသီထုတ်လုပ်မည့် ကုန်စိမ်းသီးနှံများ ထုတ်လုပ်သည်မှ ဈေးကွက်ဝင်ရောက်နိုင်သည်အထိ သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးနှင့် မှိုစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့နှင့်နည်းပညာရရှိရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် ဆောင်းရာသီထုတ်လုပ်မည့် ကုန်စိမ်းသီးနှံများ ထုတ်လုပ်သည်မှ ဈေးကွက်ဝင်ရောက်နိုင်သည်အထိ သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးနှင့် မှိုစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့နှင့်နည်းပညာရရှိရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်စဉ်။ သတင်းစဉ်

### ကြိုတင်စီမံမှုများ လိုအပ်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ယခု ကိုဗစ်-၁၉ ကာလတွင် ထွက်ပေါ်လာမည့်သီးနှံများကို ဈေးကွက်သို့ရောက်ရှိရန် ကန့်သတ်ချက်၊ တားမြစ်ချက်များကြောင့် စားသောက်ဆိုင်များ၊ ဈေးဆိုင်များ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးများ၌ အခက်အခဲများ ဖြစ်ပေါ်နေကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်းကြောင့် ကန့်သတ်မှုများရှိလာပြီး သီးနှံထုတ်လုပ်မှု ကွင်းဆက်တစ်ခုလုံး ထိခိုက်လာနိုင်သဖြင့် ကြိုတင်စီမံမှုများ လိုအပ်လာပါကြောင်း၊ အဆိုပါသီးနှံများအတွက် သွင်းအားစုများနှင့် အရည်အသွေးပြည့် ဓာတ်မြေသြဇာများ မှန်မှန်ကန်ကန် လျင်လျင်မြန်မြန်ရရှိရန်လည်း လိုအပ်ပါကြောင်း၊ တရုတ်နယ်စပ်သို့ ဖရဲ၊ သခွားတင်ပို့ရန်အတွက် နယ်စပ်တွင် ကန့်သတ်မှုများရှိနေ၍ ကုန်စည်စီးဆင်းမှုနှောင့်နှေးနေပြီး သီးနှံစိုက်ပျိုးသူများ ထိခိုက်နစ်နာမှုများ ရှိကြောင်း၊ တောင်သူများအနေဖြင့် ဈေးကွက်အခြေအနေကို ကြည့်၍ သီးနှံများကို ပြောင်းလဲစိုက်ပျိုးရန်လည်း လိုအပ်ပါကြောင်း၊ တစ်ဖက်နိုင်ငံ၏ စားသုံးမှုလည်း ကျဆင်းလာသကဲ့သို့ စားသောက်ဆိုင်များတွင် ကြက်သွန်၊ ဂေါ်ဖီသုံးစွဲမှုနှုန်း ကျဆင်းလာသဖြင့် ဝယ်လိုအားလည်း ကျဆင်းလာသည်ကို တွေ့ရှိရပါကြောင်း၊ ပုပ်သိုးလွယ်သီးနှံများ ပြည်တွင်းဈေးကွက်သို့ လျင်လျင်မြန်မြန် ပို့ဆောင်နိုင်ရန်အတွက် ဖြစ်ပေါ်နေသည့် အတားအဆီးများကို ဌာနများ၊ အသင်းအဖွဲ့များပေါင်းစပ်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

### ဈေးငွေမှရရှိနိုင်ရေး စီစဉ်ဆောင်ရွက်

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကိုဗစ်-၁၉ ကြောင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အကန့်အသတ်များရှိနေပါကြောင်း၊ အလုပ်သမားများ၊ စိုက်ပျိုးထုတ်လုပ်သူများ ပါဝင်သည့် ကွင်းဆက်တစ်ခုလုံးအတွက် စံသတ်မှတ်ချက်၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲအဖြေရှာပေးနိုင်ပါက ကောင်းမွန်နိုင်ပါကြောင်း၊ မှိုစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အရင်းအနှီးလိုအပ်မှုကို သမဝါယမဈေးငွေမှရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မှိုစိုက်ပျိုးထုတ်လုပ်ရာတွင် အဓိကလိုအပ်သော သွင်းအားစု၊ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးနည်းစနစ်များရရှိရေး ဆောင်ရွက်ပေးခြင်း၊ မှိုစိုက်ပျိုးနည်းစနစ်များကို သင်တန်းပို့ချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်တွင်းတွင် ကုန်တင်ယာဉ်များကန့်သတ်မှုရှိနေပြီး တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့နှင့်လည်း ကုန်းကြောင်းကုန်သွယ်မှုကို အဟန့်အတားဖြစ်နေကြောင်း၊ ထိုသို့ဖြစ်ပေါ်နေမှုကို မည်သို့ကျော်လွှားကြမလဲဆိုသည်ကို ဆွေးနွေးရန် လိုအပ်ပါကြောင်း၊ Cold Storage၊ Packing House နှင့် Logistic Commodity Exchange Center များ ထူထောင်နိုင်ပါက ကုန်စည်စီးဆင်းမှုချောမွေ့လာနိုင်ပါကြောင်း၊ ပြည်ပဝယ်လိုအားကို ထိန်းညှိရောင်းချနိုင်ပါက ပုပ်သိုးပျက်စီးမှု၊ ဈေးနှုန်းကျဆင်းမှုများကို ရှောင်ရှားနိုင်မည် ဖြစ်ပါကြောင်း၊ သီးနှံကုန်စည်ဒိုင်များကို မန္တလေး၊ လားရှိုးနှင့် တန့်ယန်း(နမ့်ဖတ်ကာ) ဒေသများတွင် တည်ထောင်နိုင်ပါက ပြည်ပတင်ပို့မှုကို အထောက်အကူပြုနိုင်ကြောင်း၊ Stay Home ကာလတွင် စားသုံးသူများကို ကုန်စည်ရောင်းချသည့် ဈေးကားများဖြင့် မြန်မာနိုင်ငံ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းက ဆောင်ရွက်ပေးနေသည်များ ရှိပါကြောင်း၊ ကုန်းကြောင်းပိုင်းသာမက လေကြောင်းလိုင်းဖြင့်လည်း တင်ပို့မှုများ စီစဉ်နိုင်ရန်လိုအပ်ပါကြောင်း၊ သီးနှံထွက်ရှိရာဒေသမှ အနီးဆုံးနိုင်ငံများသို့ တင်ပို့နိုင်ရေး ဆွေးနွေးကြရန်လည်း လိုအပ်ပါကြောင်း၊ ကုန်သည်များအနေဖြင့် တင်ပို့လိုသည့်နိုင်ငံများကို အဆိုပြုပေးပါက စီးပွားရေးသံမှူးများနှင့် ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း၊ မှိုစိုက်ပျိုးမှုချဲ့ထွင်ရန် လိုအပ်ပါကြောင်း၊ မှိုသည် ပရိုတင်းဓာတ်ကြွယ်ဝ၍ အာဟာရရှိသဖြင့် ဈေးကွက်ဖန်တီးပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် မှိုစိုက်ပျိုးမှုများပြားပြီး ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ရောင်းချလျက်ရှိရာ မှိုစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် ဓာတ်ခွဲခန်း၊ ပေါင်းတင်စက် စသည်များပံ့ပိုးပေးရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် တက်ရောက်လာသူများအနေဖြင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး အစည်းအဝေး တက်ရောက်လာကြသူများက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည့်စုံသော မူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဖြင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုအား မြှင့်တင်ဆောင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သော မြန်မာနိုင်ငံ၏ စီးပွားရေး ပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက်အရ မြန်မာနိုင်ငံ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ဆည်မြောင်း၊ ရေနုတ်မြောင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ရေစီမံခန့်ခွဲမှုစနစ်သာမက စိုက်ပျိုးရေးအခြေခံ အဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာ လုပ်ငန်းများ၊ ကျေးလက်အိမ်ထောင်စုများ၏ မြေယာပိုင်ဆိုင်မှုနှင့် ပိုင်ဆိုင်မှုအခွင့်အရေးများကို ပိုမိုအားကောင်းစေရန်နှင့် သင့်လျော်သော ဒစ်ဂျစ်တယ်နည်းများဖြင့် မြေယာမှတ်ပုံတင်ခြင်းစနစ်ကို အားကောင်းလာစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ ကန်ထရိုက်လယ်ယာ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအား အရှိန်မြှင့်တင်ဆောင်ရွက်ရန်၊ တန်ဖိုးမြှင့် စားသောက်ကုန်လုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေရန် အခြေခံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းထွက်ကုန်များအား တန်ဖိုးမြှင့်တင်ခြင်း၊ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် အခြေခံထုတ်လုပ်သူများအကြား ချိတ်ဆက်မှု အားကောင်းလာစေရေးတို့အတွက် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် စက်မှုလယ်ယာ ဖော်ဆောင်ရေးတွင်လည်း လယ်ယာသုံးစက်ကိရိယာများနှင့် စက်ပစ္စည်းများကို အရစ်ကျချေးငွေစနစ်ဖြင့် ဝယ်ယူနိုင်ရေးအတွက် လက်ရှိဆောင်ရွက်နေသောလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရန်၊ ထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းများတွင် အမျိုးသမီးများ၊ လယ်သမားများနှင့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်၊ စိုက်ပျိုးရေးကဏ္ဍ၊ ငါးမွေးမြူရေးလုပ်ငန်းနှင့် အစားအစာကဏ္ဍတို့တွင် ရွှေ့လျားအသက်မွေးဝမ်းကျောင်း သင်တန်းများအား ဆောင်ရွက်သွားရန်၊ တောင်သူများ၏ စိုက်ပျိုးရေး ထွက်ကုန်များအတွက် ဝယ်လိုအား လိုအပ်ချက်အရ အမှာစာများ ပေးပို့နိုင်ရေးကို ခွင့်ပြုပေးခြင်းဖြင့် စိုက်ပျိုးရေးထွက်ကုန် ရောင်းလိုအားနှင့် ဝယ်လိုအားအကြား ချိတ်ဆက်မှု အားကောင်းစေရေးအတွက် မိုဘိုင်းအက်ပလီကေးရှင်းကဲ့သို့ အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးကို ဖွံ့ဖြိုးတိုးတက်စေရန်၊ ကိုဗစ်-၁၉ ကာလလွန် မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များနှင့်အညီ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

ဖြိုတိန်မှ သုံးဦး၊ ဩစတြေးလျမှ လေးဦး၊ ဆွစ်ဇာလန်မှ ငါးဦး၊ အမေရိကန်ပြည်ထောင်စုမှ ၁၁ ဦး၊ မြန်မာနိုင်ငံသား စုစုပေါင်း ၁၀၁ ဦး လိုက်ပါခဲ့ကြသည်။

ထို့ပြင် မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၃၅ ဦး၊ ပြစ်ဒဏ်ကျခံပြီးသည့် မြန်မာနိုင်ငံသား ၄၀၊ မြန်မာနိုင်ငံသား စုစုပေါင်း ၁၇၅ ဦးတို့အား ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/ သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှုခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှုခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ/ အဖွဲ့အစည်းများဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❑ ကျောဖုံးမှ

| စဉ် | ပါတီ / တစ်သီးပုဂ္ဂလ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုး | စုစုပေါင်း |
|---|---|---|---|---|---|---|
| (ဃ) | ရခိုင်အမျိုးသားပါတီ | ၄ | ၄ | ၇ | - | ၁၅ |
| (င) | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ | ၂ | ၇ | - | ၁၂ |
| (စ) | မွန်ညီညွတ်ရေးပါတီ | ၂ | ၃ | ၆ | ၁ | ၁၂ |
| (ဆ) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ | ၁ | ၇ | - | ၁၁ |
| (ဇ) | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၂ | ၃ | ၃ | - | ၈ |
| (ဈ) | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁ | - | ၃ | - | ၄ |
| (ည) | ရခိုင့်ဦးဆောင်ပါတီ | ၁ | - | ၂ | - | ၃ |
| (ဋ) | ‘ဝ’အမျိုးသားပါတီ | ၁ | - | ၂ | - | ၃ |
| (ဌ) | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ | ၂ |
| (ဍ) | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ | - | ၁ | - | ၂ |
| (ဎ) | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ | ၂ |
| (ဏ) | ဒီမိုကရေစီပါတီသစ်(ကချင်) | - | ၁ | ၁ | - | ၂ |
| (တ) | ကယန်းအမျိုးသားပါတီ | - | - | - | ၁ | ၁ |
| (ထ) | ကရင်ပြည်သူ့ပါတီ | - | - | ၁ | - | ၁ |
| (ဒ) | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | - | - | ၁ | - | ၁ |
| (ဓ) | ချင်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | - | - | ၁ | - | ၁ |
| (န) | တစ်သီးပုဂ္ဂလ | - | - | ၂ | ၂ | ၄ |
| | စုစုပေါင်း | ၃၁၅ | ၁၆၁ | ၆၁၂ | ၂၉ | ၁၁၁၇ |

၄။ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အထက်အပိုဒ် ၃ ပါ နိုင်ငံရေးပါတီ ၁၉ ပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် ၁၁၁၃ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် ၄ ဦးတို့ကို ရွေးကောက်တင်မြှောက်ပြီးဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# (၃၈) ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

**(၃၈) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (38th ASEAN Ministers on Energy Meeting (AMEM) and Associated Meetings) ကို နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ဗီယက်နမ်နိုင်ငံက အလှည့်ကျ အိမ်ရှင်နိုင်ငံအဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပလျက်ရှိသည်။**

မြန်မာနိုင်ငံ၏ စွမ်းအင်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးအဖြစ် တာဝန်ယူထားသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသန်းဇော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အစည်းအဝေး ပထမနေ့အစီအစဉ်ဖြစ်သည့် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးအတွက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ ကြိုတင်ပြင်ဆင်မှုအစည်းအဝေး (SOME Preparatory Meeting for the 38th AMEM) သို့ ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

အဆိုပါ (၃၈) ကြိမ်မြောက်အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လေးရက်ကြာ ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများမှ AMEM နှင့် ဆက်စပ်အစည်းအဝေးများတွင် အတည်ပြုရန် ကိစ္စရပ်များအတွက် အကြိုညှိနှိုင်းအစည်းအဝေးများကို လည်းကောင်း၊ နိုဝင်ဘာ ၁၉ နှင့် ၂၀ ရက်တို့တွင် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် အခြားဆက်စပ်အစည်းအဝေးများဖြစ်သည့် (၁၄) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး (14th EAS-EMM)၊ (၁၇) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများနှင့် ASEAN+3 နိုင်ငံများဖြစ်ကြသည့် တရုတ်၊ ဂျပန်၊ ကိုရီးယား အစည်းအဝေး၊ (၆) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီအစည်းအဝေး (6th AMEM-IEA)၊ (၄) ကြိမ်မြောက် အာဆီယံစွမ်းအင် ဝန်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ပြန်ပြည့်မြဲစွမ်းအင်အေဂျင်စီအစည်းအဝေး (4th AMEM-IRENA) နှင့် ၂၀၂၀ အာဆီယံစွမ်းအင်ဆိုင်ရာ လုပ်ငန်းဖိုရမ် (2020 ASEAN Energy Business Forum (AEBF)) တို့ကိုလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# "ရန်ကုန်တက္ကသိုလ်" ဝေါဟာရ၏ ဇာစ်မြစ်

## ဒလဘာန်း

**ရန်ကုန်တက္ကသိုလ်ကို စာဖတ်ပရိသတ်နှင့် အထူးမိတ်ဆက်ပေးရန် လိုမည်မထင်ပါ။ အထူးသဖြင့် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် ဆောင်းပါး၊ စာပေ၊ ကဗျာများကို ယနေ့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှာ မကြာခဏ တွေ့မြင်ဖတ်ရှုနေကြရ၍ ရန်ကုန်တက္ကသိုလ်နှင့် စာဖတ်ပရိသတ်တို့ တရင်းတနှီးရှိနေကြမည် ထင်သည်။ စာနယ်ဇင်းမှာသာမက ရုပ်မြင်သံကြားအစီအစဉ်မှလည်း ရန်ကုန်တက္ကသိုလ် သီချင်း၊ ဇာတ်လမ်း၊ သမိုင်းကြောင်းအစီအစဉ်များ ထုတ်လွှင့်နေမှုကြောင့် စာမဖတ်ဖြစ်သူများအတွက်ပင် ရန်ကုန်တက္ကသိုလ်ဟူသည့် ဝေါဟာရက မစိမ်းတော့ပါ။**

အမှန်တကယ်တွင် ရန်ကုန်တက္ကသိုလ်တည်းဟူသော ဤအခေါ်အဝေါ် အသုံးအနှုန်းမှာ ယနေ့အများ သိနေကြသည့် ရန်ကုန်တက္ကသိုလ်ကြီး ဖြစ်ပေါ်လာပြီး ၁၀ နှစ်ခန့်အကြာတွင်မှ တရားဝင်သုံးနှုန်း တွင်ကျယ်လာခြင်း ဖြစ်ပါသည်။ စင်စစ် ရန်ကုန်တက္ကသိုလ်ကြီး နှစ် (၁၀၀) ပြည့်ချိန်၌ ရန်ကုန်တက္ကသိုလ် အခေါ်အဝေါ်က ရာပြည့်နှစ် ရောက်ရန် ဆယ်စုနှစ်တစ်ခုခန့် လိုနေသေးပါသည်။

ဗြိတိသျှတို့ မြန်မာနိုင်ငံကို အုပ်စိုးနေသည့်ကာလ တစ်ချိန်က နှစ်ခြင်းကောလိပ် (Baptist College)၊ နောင်အခါတွင် သာသနာပြုနှင့် မြန်မာ အင်္ဂလိပ် အဘိဓာန် ပညာရှင်ဆရာကြီး ယုဒသန် (Adoniram Judson) ကို ဂုဏ်ပြုသောအားဖြင့် ၁၉၁၈ ခုနှစ်၌ ပြောင်းလဲမှည့်ခေါ်ခဲ့သော ဂျပ်ဆင်ကောလိပ် ခေါ် ယုဒသန်ကောလိပ် ရှိခဲ့သည်။ ထို့အပြင် ရန်ကုန်ကောလိပ် (Rangoon College – ၁၈၇၈)၊ အစိုးရကောလိပ် (Government College – ၁၉၀၄) ဟူ၍ အမည်အဆင့်ဆင့်ပြောင်းလဲကာ ယူနီဘာစီတီကောလိပ် (University College – ၁၉၂၀) ဟူ၍လည်း ကျောင်းတစ်ကျောင်း ရှိလေသေးသည်။ အဆိုပါ ယုဒသန်ကောလိပ်နှင့် ယူနီဘာစီတီကောလိပ် တို့သည် ၁၉၂၀ ပြည့်နှစ်အထိ အိန္ဒိယနိုင်ငံ ကာလကတ္တား ယူနီဘာစီတီ (Calcutta University) လက်အောက်ခံကောလိပ်များ ဖြစ်ခဲ့ကြပါသည်။

**Burma Act No. IX of 1920**

**THE UNIVERSITY OF RANGOON**


**ACT, 1920**

ကို မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ် ခရက်ဒေါက် (Sir Reginald Henry Craddock) က ၁၉၂၀ ပြည့်နှစ် စက်တင်ဘာလ ၂၆ ရက်မှာ သဘောတူလက်မှတ်ရေးထိုးပြီး အောက်တိုဘာ ၂၄ ရက်နေ့မှာ အိန္ဒိယဘုရင်ခံချုပ် Lord Chelmsford က အဆိုပါ ရန်ကုန်ယူနီဘာစီတီအက်ဥပဒေကို အတည်ပြုပေးခဲ့ပါသည်။ ဤအက်ဥပဒေကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ စတင်အသုံးပြုမည့်အကြောင်း ယူနီဘာစီတီကောလိပ် ကျောင်းအုပ်ကြီး မက်သယူးဟန်းတား (Matthew Hunter) က နိုဝင်ဘာလ ၃၀ ရက်နေ့မှာ ကြေညာခဲ့သည်။ ထို့ကြောင့် ရန်ကုန်ကောလိပ်မှ တစ်ဖြစ်လဲ ယူနီဘာစီတီကောလိပ်နှင့် နှစ်ခြင်းကောလိပ်မှ တစ်ဖြစ်လဲ ယုဒသန်ကောလိပ်/ဂျပ်ဆင်ကောလိပ်တို့သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်ယူနီဘာစီတီ လက်အောက်သို့ တစုတစည်းတည်း ရောက်ရှိသွားကြပြီး ကာလကတ္တားယူနီဘာစီတီ အုပ်ချုပ်မှုအောက်မှ ကင်းလွတ်ခဲ့ကြပါသည်။

ဗြိတိသျှအုပ်ချုပ်မှုအောက် ရန်ကုန်ယူနီဘာစီတီ၏ အင်္ဂလိပ်ဘာသာဖြင့် အခေါ်အဝေါ် များကို ဆီလျော်သော မြန်မာ သို့မဟုတ် ပါဠိဘာသာအခေါ်အဝေါ်များသို့ ပြောင်းလဲရန် မြန်မာဆရာကြီးများ၊ ပညာရှင်ကြီးများက ဆန္ဒပြင်းပြရှိကြသည်။ ထို့ကြောင့် ၁၉၃၀ ပြည့်နှစ် နွေရာသီကျောင်းပိတ်ရက်တွင် လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး၊ ကဝိမျက်မှန် ဆရာဝ၊ ပါမောက္ခ ဆရာကြီး ဦးဖေမောင်တင်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း၊ ဝေလမင်းသား ဆုရ ဆရာပွား၊ ဆရာထင်၊ ဝေလမင်းသား ဆုရ ဆရာဦးဘသောင်း၊ ဆရာညွှန့်၊ ဆရာဦးထွန်းဖေ တို့သည် ယူနီဘာစီတီကောလိပ်၌ စုဝေး၍ အစည်းအဝေးထိုင်ပြီး အင်္ဂလိပ်ဘာသာ အခေါ်အဝေါ်အသုံးအနှုန်းများထဲမှာ မြန်မာဘာသာဖြင့် တိုက်ရိုက်အသံဖလှယ်ထားသည့် စကားလုံးအချို့ကို မြန်မာ သို့မဟုတ် ပါဠိ ဘာသာသို့ ဆွေးနွေးညှိနှိုင်း ပြန်ဆိုခဲ့ကြသည်။

ဥပမာအားဖြင့် University ကို "တက္ကသိုလ်"၊ College ကို "ကျောင်းတိုက်ကြီး"၊ Professor ကို "ပါမောက္ခ ဆရာကြီး"၊ Lecturer ကို "ကထိက"၊ Demonstrator ကို "သရုပ်ပြဆရာ"၊ Tutor ကို "နည်းပြဆရာ"၊ Principal ကို "ကျောင်းအုပ်ကြီး"၊ Warden ကို "အဆောင်မှူး"၊ Hall–Hostel ကို "ကျောင်းဆောင်"၊ M.A. ကို မဟာဝိဇ္ဇာ၊ M. Sc. ကို မဟာသိပ္ပံ၊ Convocation ကို "ဘွဲ့နှင်းသဘင်" စသည်ဖြင့် စကားလုံးပေါင်း ၅၀ ကျော် ကို ထိုအစည်းအဝေးက ဆွေးနွေးညှိနှိုင်း ပြန်ဆိုခဲ့ကြသည်။ ထိုအစည်းအဝေးမှတ်တမ်းကို "တက္ကသိုလ် ခေါ် ရန်ကုန်ယူနီဘာစီတီနှင့် မြန်မာအခေါ်အဝေါ်" ခေါင်းစဉ်ဖြင့် ၁၉၃၀ ပြည့်နှစ် ဩဂုတ်လ ၂ ရက်နေ့ထုတ် သူရိယသတင်းစာ၌ ဖော်ပြထားသည့်အတိုင်း ပူးတွဲဖော်ပြထားပါသည်။


*စာမျက်နှာ ၇ သို့*



၁၉၂၈ ခုနှစ် ဝါခေါင်လဆန်း ၉ ရက် 2-8-30

တက္ကသိုလ်ခေါ်ရန်ကုန်ယူနီဗာစီတီနှင့်မြန်မာအခေါ်အဝေါ်။

| | |
|---|---|
| အင်္ဂလိပ်။ | မြန်မာ-ပါဠိ။ |
| University. | တက္ကသိုလ်။ |
| College. | ကျောင်းတိုက်ကြီး။ |
| Arts. | ဝိဇ္ဇာ၊ |
| Science. | သိပ္ပံ၊ |
| Chancellor. | အဓိပတိ၊ |
| Vice Chancellor. | ဒုတိယအဓိပတိ၊ |
| Pro Vice Chancellor. | မုပိယကိုယ်စားအဓိပတိ၊ |
| Principal. | ကျောင်းအုပ်ကြီး၊ |
| Hall-Hostel. | ကျောင်းဆောင်၊ |
| Warden. | အဆောင်မှူး။ |
| Lecturer. | ကထိက၊ |
| Lecture. | ကထာ၊ |
| M. A. | မဟာဝိဇ္ဇာ၊ |
| M. Sc. | မဟာသိပ္ပံ၊ |
| Professor. | ပါမောက္ခဆရာကြီး၊ |
| Intermediate. | ဥပစာအတန်း၊ |
| Governing Body. | ဂေါပကအဖွဲ့၊ |
| Senate. | ပါမောက္ခအဖွဲ့၊ |
| Committee. | သမာဓိအဖွဲ့၊ |
| Dean of Medical Studies. | ဆေးပညာဌာနမှူး၊ |
| Doctor. | ပါရဂူ၊ |
| Fellow. | ကျကြီး၊ |
| Union. | သမဂ္ဂ၊ |
| Convocation. | ဘွဲ့နှင်းသဘင်၊ |
| Registrar. | စာရင်းထိန်း၊ |
| Executive Committee. | အမှုဆောင်သမာဓိအဖွဲ့၊ |
| Board of Moderators. | [illegible] |
| Board of Studies. | [illegible] |
| Reader in Far Eastern History. | [illegible] |
| Board of Examiners. | [illegible] |
| Chemistry. | ဓါတုဗေဒ၊ |
| Botany. | [illegible] |



သူရိယသတင်းစာ၊ ... ဝါခေါင်လဆန်း ၉


| | |
|---|---|
| Physic. | ရူပဗေဒ၊ |
| Biology. | သတ္တဗေဒ၊ |
| Zoology. | တိရစ္ဆာနဗေဒ၊ |
| Geology. | ဘူမိဗေဒ၊ |
| Engineering. | ကမ္မဗေဒ၊ |
| Astronomy. | နက္ခတ္တဗေဒ၊ |
| Laboratory. | ဓါတ်ခွဲရုံ။ |
| Mathematics. | သင်္ချာပညာ၊ |
| Civil Engineering. | ရဋ္ဌကမ္မဗေဒ၊ |
| Mechanical Engineering. | ယန္တကမ္မဗေဒ၊ |
| Fine Arts. | သုခုမဝိဇ္ဇာ၊ |
| Surgery. | သတ္ထကမ္မဗေဒ၊ |
| Phisiology. | ဇီဝိတသဘာဝပညာ၊ |
| Anatomy. | ကာယသဏ္ဌာနပညာ၊ |
| Pathology. | ရောဂဗေဒ၊ |
| Midwifery. | ဝမ်းဆွဲအတတ်၊ |
| Gynoecology. | မီးယပ်ပညာ၊ |
| Logic. | တက္ကဗေဒ၊ |
| Philosophy | ယထာဘူတပညာ၊ |
| Demonstrator. | သရုပ်ပြဆရာ၊ |
| Tutor. | နည်းပြဆရာ၊ |

မောင်ထွတ်ခေါင်၊
ပြည်ကျောင်းဆောင်၊
တက္ကသိုလ်ကျောင်းတိုက်ကြီး၊


စာမျက်နှာ ၆ မှ

## “ဗြိတိသျှအုပ်ချုပ်မှုအောက် ရန်ကုန်ယူနီဘာစီတီ၏ အင်္ဂလိပ်ဘာသာဖြင့် အခေါ်အဝေါ်များကို ဆီလျော်သော မြန်မာ သို့မဟုတ် ပါဠိဘာသာ အခေါ်အဝေါ်များသို့ ပြောင်းလဲရန် မြန်မာဆရာကြီးများ၊ ပညာရှင်ကြီးများက ဆန္ဒပြင်းပြရှိကြ”

သူရိယသတင်းစာကို လေ့လာရာတွင် မြန်မာပညာရှင်ကြီးတို့၏ အားထုတ်မှုကြောင့် ယူနီဘာစီတီကောလိပ်ကို “တက္ကသိုလ်ကျောင်းတိုက်ကြီး” ဟူ၍ လည်းကောင်း၊ ပရော်ဖက်ဆာကို “ပါမောက္ခဆရာကြီး” ဟူ၍လည်းကောင်း စတင်ခေါ်ဝေါ် သုံးစွဲလာခြင်းကို အထောက်အထားများအရ တွေ့ရှိရပါသည်။ အဘတို့ ကျောင်းမဂ္ဂဇင်း ကိုကား University College Magazine ဟုပင် ခေါ်ဝေါ်သုံးစွဲဆဲ ဖြစ်ကြောင်း မှတ်သားရသည်။ အထောက်အထားအဖြစ် မဂ္ဂဇင်းအဖုံး မိတ္တူကို ပူးတွဲဖော်ပြထားပါသည်။




၁၉၃၀ ပြည့်နှစ် ရောက်ခါနီး ၁၉၂၉ ခုနှစ် မတ်လတွင် ရန်ကုန်မြို့ စိန့်ဂျွန်းကောလိပ် ခေါ် ဆရာမှတ်ကြီးကျောင်း (St. John's College) က အဘ (မင်းသုဝဏ်/ ဦးဝန်) ၁၀ တန်းအောင်မြင်ပြီး ထိုနှစ်ကုန်ပိုင်း ယူနီဘာစီတီကောလိပ်သို့ စတင်ကျောင်းဝင်ရန် မော်ကွန်းထိန်း Alexander Campbell လက်မှတ်တံဆိပ်ဖြင့် ၁၉၂၉ ခုနှစ် အောက်တိုဘာလ ၂၈ ရက် နေ့စွဲပါ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပေးသော ၁၀ တန်းအောင် သက်သေခံလက်မှတ်ကို သမိုင်းအထောက်အထားတစ်ခု အနေဖြင့် ပူးတွဲဖော်ပြထားပါသည်။



220, 1st Inh.

UNIVERSITY OF RANGOON.

MATRICULATION CERTIFICATE

Dated Rangoon, the 28 OCT 1929

This is to certify that Maung Wun of University College has been duly registered as a Matriculated student of this University in accordance with the provisions of Chapter IV of the Regulations of the University of Rangoon Act, 1920.

His registration number is 3360 of 1929-30

and his registered date of birth is 10th February 1909.

A. Campbell
Registrar,
University of Rangoon.

## “သူရိယသတင်းစာကို လေ့လာရာတွင် မြန်မာပညာရှင်ကြီးတို့၏ အားထုတ်မှုကြောင့် ယူနီဘာစီတီကောလိပ်ကို “တက္ကသိုလ်ကျောင်းတိုက်ကြီး” ဟူ၍ လည်းကောင်း၊ ပရော်ဖက်ဆာကို “ပါမောက္ခဆရာကြီး” ဟူ၍ လည်းကောင်း စတင်ခေါ်ဝေါ် သုံးစွဲလာခြင်းကို အထောက်အထားများအရ တွေ့ရ”

နိဂုံးချုပ်အားဖြင့် ၁၉၂၀ ပြည့်နှစ် ရန်ကုန်ယူနီဘာစီတီ အက်ဥပဒေအရ ပေါ်ပေါက် လာသည့် ရန်ကုန်ယူနီဘာစီတီကို နောင် ၁၀ နှစ်အကြာကာလ ၁၉၃၀ ပြည့် နှစ်ဦးပိုင်းတွင်မှ ယနေ့ အများသိရှိသုံးစွဲနေသည့် “ရန်ကုန်တက္ကသိုလ်” ဟူ၍ တရားဝင်စတင်သတ်မှတ် ခေါ်ဝေါ်ခဲ့ကြောင်း မိမိရှာဖွေတွေ့ရှိရသော အထောက်အထားများအပေါ် အခြေခံတင်ပြအပ်ပါသည်။

**မှတ်ချက် (၁)** ။ ။ ရန်ကုန်တက္ကသိုလ် စတင်ပေါ်ပေါက်လာသည့်အခါ ယူနီဘာစီတီကောလိပ်သို့ ကျောင်းသား (၆၉၂) ဦး၊ ဂျပ်ဆင်ကောလိပ်သို့ ကျောင်းသား (၁၃၇) ဦး တို့ တက်ရောက်ခဲ့ပါသည်။

**မှတ်ချက် (၂)** ။ ။ သူရိယသတင်းစာ ဖော်ပြချက်အရ Registrar ကို “စာရင်းထိန်း” ဟူ၍ ပြန်ဆိုထားသည်ကို သတိပြုမိပါသည်။

ကျမ်းကိုး -
၁။ တက္ကသိုလ်များသမိုင်း သုတေသနဌာန (၁၉၉၅)၊ ရန်ကုန်တက္ကသိုလ်သမိုင်း (၁၉၂၀ - ၁၉၉၅)၊ စာ ၈။
၂။ သူရိယသတင်းစာ (၂-၈-၁၉၃၀)၊ “တက္ကသိုလ် ခေါ် ရန်ကုန်ယူနီဘာစီတီ နှင့် မြန်မာ အခေါ်အဝေါ်”
၃။ University College Magazine, Vol. 20, No. 1 (December, 1930)

# ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် “ရာပြည့်တက္ကသိုလ် မြကျွန်းညို” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၇**

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို “ရာပြည့်တက္ကသိုလ် မြကျွန်းညို” ခေါင်းစဉ်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖိတ်ခေါ်ကျင်းပခဲ့သည်။ အဆိုပါ ပြိုင်ပွဲဓာတ်ပုံများ ဆုစိစစ်ရွေးချယ်ခြင်းကို နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာခန်းမ (Recreation Center) ၌ ကျင်းပသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ရန်ကုန်တက္ကသိုလ်၏ ခမ်းနားတင့်တယ်မှု၊ သမိုင်းအစဉ်အလာကြီးမြတ်မှုများ၊ ခေတ်အဆက်ဆက် ပြုပြင်ပြောင်းလဲမှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ နိုင်ငံနှင့် လူမျိုးအတွက် အကျိုးပြုပုံရိပ်များ၊ အောင်မြင်ထူးချွန်ထင်ရှားသည့် ပုဂ္ဂိုလ်များ၊ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် အဆောက်အဦများ၊ ရန်ကုန်တက္ကသိုလ်နှစ်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှုများနှင့် ပွဲတော်ပုံရိပ်များစသည့် ရန်ကုန်တက္ကသိုလ်၏ အနှစ်သာရကို ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရန် ၂၀၂၀ ပြည့်နှစ် ဇွန် ၃၀ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ဖိတ်ခေါ်ခဲ့ပြီး ပညာရှင်၊ ဝါသနာရှင် ၉၇ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ၆၃၂ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများ ဆုစိစစ်ရွေးချယ်ခြင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဓာတ်ပုံပညာရှင်များက ပြိုင်ပွဲဝင်စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အကဲဖြတ်စိစစ်ရွေးချယ်ခဲ့ကြရာ **(ယာပုံ) ပထမဆုအဖြစ် ငွေးဝင်း (ရမ္မာဝတီ)၊ ဒုတိယဆုအဖြစ် ဦးထွန်းဝင်းနိုင်၊ တတိယဆုအဖြစ် အောင်မြင့်ထွေး၊ အထူးဆုများအဖြစ် အထူးဆု-၁ ပိုင်ဖြိုး(City News)၊ အထူးဆု-၂ ဦးတင်မြင့်၊ အထူးဆု-၃ မောင်မောင်ညှပ်၊ အထူးဆု-၄ ဦးကိုကိုထွေး၊ အထူးဆု-၅ မောင်မောင်ညှပ်**တို့က အသီးသီးဆုများ ရရှိခဲ့ကြသည်။ ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအသိပေး အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဓာတ်ပုံ - အောင်မြင့်**




# တက္ကသိုလ်နှစ်လည် မဂ္ဂဇင်းကဏ္ဍ

## အောင်နိုင်(တက္ကသိုလ်)

**ဆရာကြီး ဆရာမကြီးတို့၏ အသိပညာနှင့် အဘိဓမ္မာတို့ ကိန်းဝပ်ရာဘဏ္ဍာတိုက်၊ အဌာရသ ပညာမိုးတို့ သွန်းဖြိုးရာ ပဒေသာကျွန်း၊ တစ်နှစ်တာဖြစ်ရပ်တို့၏ သိုမှီးရာသမိုင်းသိုက်၊ အချစ်ပန်းတို့ လှိုင်လှိုင်ပွင့်ရာ ဥယျာဉ်၊ စာပေ ဖန်တီးရှင်လုလင်လုံမတို့ ကလောင်သွေးရာပျိုးခင်း၊ အထက်ပါအကြောင်းအရာတို့ ဆုံစည်းသိုမှီးရာသည် တက္ကသိုလ် နှစ်လည် မဂ္ဂဇင်းပါတည်း။ တက္ကသိုလ်နှင့် နှစ်လည်မဂ္ဂဇင်းတို့သည် ဆိုးတူကောင်းဖက် ခရီးဆက်ခဲ့ကြသည်။ ခရီးဆက်နေဆဲဖြစ်ကြသည်။ ခရီးဆက်ကြပေဦးမည်။**

ရန်ကုန်တက္ကသိုလ်သည် ခရစ်နှစ် ၁၉၂၀ ပြည့်နှစ်တွင် ပေါ်ထွန်းလာခဲ့သည်။ တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းကတော့ ဘယ်ခုနှစ်တွင် မွေးဖွားလာခဲ့သနည်း။ လက်လှမ်းမီသမျှ လေ့လာကြည့်ဖြစ်ပါသည်။ ဤသို့ လေ့လာသောအခါ အဆိုပါ စာစောင်သည် အမည်အမျိုးမျိုးပြောင်းခဲ့သည်ကိုတွေ့ရသည်။ နှစ်လည်မဂ္ဂဇင်းနှင့် အချင်းချင်းတည်မီရာလည်းဖြစ်၊ သွေးသားလည်းတော်စပ်သည့် စာစောင်







သုံးစောင်ရှိသည်။ ထိုစာစောင်တို့မှာ –

အိုးဝေဂျာနယ်(မဂ္ဂဇင်း)၊

တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၊

ဂန္ထလောကမဂ္ဂဇင်း တို့ဖြစ်ကြသည်။

ဂန္ထလောကမဂ္ဂဇင်းမူကား တက္ကသိုလ်ကောလိပ်၊ တက္ကသိုလ်ကျောင်းတိုက်တို့နှင့် ဆက်နွှယ်မှုရှိခဲ့သော်လည်း တက္ကသိုလ်ပြင်ပက စာစောင်သာဖြစ်သည်။ တက္ကသိုလ်ကျောင်းသားတို့ ပူးပေါင်းရေးသားကြသောကြောင့်သာ ဆက်နွှယ်ခြင်းဖြစ်သည်။ အိုးဝေဂျာနယ်နှင့် တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်းတို့ကမူ တက္ကသိုလ်၏ သွေးရင်း၊ သားရင်းတို့ပါတည်း။

လွတ်လပ်ရေးမရမီကာလက ထုတ်ဝေသော တက္ကသိုလ်စာစောင်ကို ကျောင်းတိုက်မဂ္ဂဇင်းဟု မဂ္ဂဇင်း (Magazine) အင်္ဂလိပ်အသံထွက်ကို ယူသုံးထားသော်လည်း လွတ်လပ်ရေးရပြီးနောက်တွင်မူ တက္ကသိုလ်နှစ်ပတ်လည်စာစောင်ဟု မြန်မာစကားကို ပြောင်းသုံးခဲ့ကြသည်။ သို့ရာတွင် စာစောင်ဟူသောအမည်သည် ယေဘုယျဆန်လွန်းသဖြင့် ရောထွေးနိုင်သောကြောင့် တွင်နေပြီဖြစ်သည့် မဂ္ဂဇင်းအမည်ကိုပင် ပြန်သုံးထားဟန်တူပါသည်။

မင်းသုဝဏ်ဋီကာစာအုပ်တွင် “၁၉၂၉ ခု ဒီဇင်ဘာလထုတ် တက္ကသိုလ်ကျောင်းတိုက် နှစ်ပတ်လည်မဂ္ဂဇင်း အတွဲ ၂၀၊ အမှတ် ၁ တွင် ဆရာကြီး မင်းသုဝဏ်၏ ကဗျာငါးပုဒ် စတင်ဖော်ပြသည်”ဟု မောင်ခင်မင် (ဓနုဖြူ)က ရေးထားသည်။ ပုံမှန်ထုတ်ဝေသည့် ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် အတွဲ၊ အမှတ်ဟူသည့် ကိန်းဂဏန်းတို့ရေးထိုးထားလေ့ရှိရာ အတွဲသည် ခုနှစ်၊ အမှတ်သည်ရက် တစ်ပတ်သို့မဟုတ် လ(month)ကို သတ်မှတ်ခြင်းဖြစ်မည်။

အထက်ဖော်ပြပါ ၁၉၂၉ ဒီဇင်ဘာလထုတ်...အတွဲ ၂၀၊ အမှတ် ၁ သည် ကျောင်းတိုက်မဂ္ဂဇင်း၏ စတင်ရာကာလကို ဖော်ပြနိုင်သည်ဟု ယူဆပါသည်။ ထိုမဂ္ဂဇင်း ထုတ်ဝေခဲ့သည်မှာ အနှစ် ၂၀ ကြာခဲ့ပြီဟုဆိုရာရောက်ပါသည်။ ထို့ကြောင့် ကျောင်းတိုက်မဂ္ဂဇင်းထုတ်ခဲ့သည့်ခုနှစ်သည် (၁၉၂၉ –၂၀)= ၁၉၀၉ ခုနှစ်ဟု ယူရလိမ့်မည်။

အိုးဝေမဂ္ဂဇင်းနှင့်ပတ်သက်၍မူ မောင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)အယ်ဒီတာအဖြစ်ဖြင့် ထုတ်ဝေခဲ့သည့်အတွဲ ၅၊ အမှတ် ၁ မဂ္ဂဇင်းကို ၁၉၃၆ ဟု ရေးထိုးထားရာ ထိုမဂ္ဂဇင်းစတင်ထုတ်ဝေခဲ့သည်မှာ ငါးနှစ်ကြာပြီဟု ယူရန်ရှိသည်။ ထို့ကြောင့် ထိုမဂ္ဂဇင်း(Oway or Voice of the Peacock) စတင်ထုတ်ဝေသည့် ခုနှစ်မှာ ၁၉၃၁ ခုနှစ်ဟု ယူရန်ရှိသည်။ ဤကြံဆတွက်ချက်မှုသာ မှန်ခဲ့လျှင် တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်းက အိုးဝေမဂ္ဂဇင်းထက်စောသည်ဟု မှတ်ယူရပေမည်။

**(မောင်အောင်ဆန်း အယ်ဒီတာအဖြစ် တာဝန်ယူထုတ်ဝေသည့် ၁၉၃၆ ခုနှစ်၊ အတွဲ ၅၊ အမှတ် ၁ မဂ္ဂဇင်းသည် “ငရဲခွေးကြီး လွတ်လာပြီ” ဆောင်းပါးပါသော မဂ္ဂဇင်းဖြစ်ပါသည်။)**

နောက်ထုတ်ဝေသည့် မဂ္ဂဇင်းများတွင်လည်း ထုတ်ဝေသည့်စာသင်နှစ်၊ မဂ္ဂဇင်းအတွဲနှင့် အမှတ်များ ဖော်ပြကြသည်။ ထိုဖော်ပြပါ ခုနှစ်၊ အတွဲ၊ အမှတ်တို့ကို တိုက်ဆိုင်ညှိနှိုင်းကြည့်ရာတွင် အစီအစဉ်မကျ။ ကိန်းဂဏန်းများကွာဟနေသည်များ တွေ့ရသည်။ ထိုသို့ဖြစ်ရသည်မှာ အခြေအနေမပေးသဖြင့် မထုတ်လုပ်ရဘဲ နှစ်ကျော်သွားသောကြောင့်လည်းဖြစ်နိုင်သည်။ စာသင်နှစ်နှစ်နှစ် သုံးနှစ်ပေါင်း၍ ထုတ်ရသောကြောင့်လည်းဖြစ်နိုင်သည်။ ယနေ့ခေတ်တိုင်အောင်လည်း အခြေအနေ မပေးသဖြင့် နှစ်ကျော်သွားသည်လည်းရှိပါသည်။ သို့သော် ထွက်ရှိလာသည့် မဂ္ဂဇင်းများကမူ ယခင့်ယခင် နှစ်များက မဂ္ဂဇင်းများထက် အဘက်ဘက်က တိုးတက်လာလျက်ရှိနေပါသည်။


ယခုဆက်လက်၍ မဂ္ဂဇင်းဖြစ်မြောက်ရန်နှင့် အရည်အသွေးမြင့်စေရန် လက်တွဲကူပံ့ပေးသည့် အသင်းအဖွဲ့များအကြောင်းကို ဖော်ပြပါမည်။ မဂ္ဂဇင်းအတွက် အဓိကအင်အားမှာ ကျောင်းသား ကျောင်းသူများသာဖြစ်သည်။ အဓိက စာမူရှင်တွေဖြစ်ကြသည်။ တန်ဖိုးရှိ ဆောင်းပါးများကိုမူ ဆရာ ဆရာကြီးတို့က ရေးသားကြသည်။ မှတ်တမ်းများကို ရုံးအဖွဲ့များကလည်း ရေးသားကြသည်။ ထူးထူးခြားခြား ပံ့ပိုးပေးသော အသင်းအဖွဲ့မှာ တက္ကသိုလ်ပန်းချီအသင်းပါတည်း။

မဂ္ဂဇင်းထုတ်လုပ်ရေးလုပ်ငန်းများကို အစောပိုင်းက တာဝန်ယူသောအသင်းမှာ ကျောင်းသားသမဂ္ဂ အမှုဆောင်တို့ ဖြစ်ကြသည်။ ဦးမောင်မောင်ကြီး၊ ဦးတင်၇၊ ဦးသိန်းမောင်ဦးစီးလျက် ဦးကျော်ရင် ဥက္ကဋ္ဌအဖြစ် ပါဝင်ကာ ၁၉၅၄ ခုနှစ်တွင် စတင်၍ ကလောင်အသင်း Pen Club ကို တည်ထောင်ကြသည်။ ၁၉၅၈– ၁၉၅၉ စာသင်နှစ်တွင် တက္ကသိုလ်ကလောင်အသင်း (Pen Club) ကို မင်းယုဝေ၊ မင်းကျော်၊ မောင်ဆွေတင်၊ ပုသိမ်လှလှစီတို့ ဦးဆောင်ကာ အမှုဆောင် ၂၁ ဦးတို့ဖြင့် ဖွဲ့စည်းသည်။ နောက်တစ်ကြိမ်တွင် ဦးကျော်ဦး၊ ဦးသိန်းသန်းထွန်း၊ ဦးခင်မောင်အုန်းတို့ပါဝင်သည့် အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းသည်။ ထိုကာလမှစ၍ ကလောင်အသင်းအမှုဆောင်တို့ကပင် နှစ်လည်မဂ္ဂဇင်းကို အဓိကတာဝန်ယူကြသည်။ သို့သော် ၁၉၆၃ ခုနှစ်နောက်ပိုင်း၌ အသင်းပျောက်ကွယ်သွားသည်။ နှစ်လည်မဂ္ဂဇင်းသည်ပင် ရပ်တန့်သွားသည်။

မဂ္ဂဇင်းပြန်လည်ထွက်လာသောအခါ မဂ္ဂဇင်းကော်မတီ အဖွဲ့ဖွဲ့စည်းလျက် နှစ်လည်မဂ္ဂဇင်းကို ဆရာ ကျောင်းသားတို့ ပူးပေါင်းအကောင်အထည်ဖော်ကြသည်။ ယခင်က မဂ္ဂဇင်းများကို ကျောင်းသားတို့ကသာ အဓိက တာဝန်ယူခဲ့ကြသည်။ မြန်မာစာ ပါမောက္ခ၊ အင်္ဂလိပ်စာပါမောက္ခတို့ကသာ အကြံပေးအတိုင်ပင်ခံအဖြစ် တာဝန်ယူရသည်။ ၁၉၆၀ ပြည့်နှစ်ကျော် ကာလမှစ၍ မဂ္ဂဇင်းကော်မတီတွင် ဆရာများကသာ အဓိက တာဝန်ယူကြရသည်။ အခြေအနေအရ ယူရခြင်းပါတည်း။

*စာမျက်နှာ ၉ သို့*

- **မဂ္ဂဇင်းအတွက် အဓိကအင်အားမှာ ကျောင်းသား ကျောင်းသူများသာ ဖြစ်သည်။ အဓိကစာမူရှင်တွေဖြစ်ကြသည်။ တန်ဖိုးရှိ ဆောင်းပါးများကိုမူ ဆရာ ဆရာကြီးတို့က ရေးသားကြသည်။ မှတ်တမ်းများကို ရုံးအဖွဲ့များကလည်း ရေးသားကြသည်။ ထူးထူးခြားခြား ပံ့ပိုးပေးသော အသင်းအဖွဲ့မှာ တက္ကသိုလ် ပန်းချီအသင်းပါတည်း**
- **စာမူများကိုမူ တက္ကသိုလ်အတွင်းရှိ ပညာရှင်၊ ကလောင်ရှင်များက တာဝန်ယူကြသည်။ ပုံမှန်အားဖြင့် သုတစာမူကို ဆရာ ဆရာမတို့က တာဝန်ယူကြလျက် ရသစာမူများကို ကျောင်းသားတို့က တာဝန်ယူကြသည်။ ကျောင်းမဂ္ဂဇင်းဟူသည် ကျောင်း၏ ကြေးမုံဖြစ်သဖြင့် အားလုံးက စိတ်ဝင်စားကာ အလေးထားကြသည်။ မဂ္ဂဇင်းကို ကျောင်းသားတိုင်းက ရပိုင်ခွင့်ရှိသည်။ ရလျှင် အမြတ်တနိုးရှိကြ**



### စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

- အမည်ရင်း ဦးအောင်သောင်း ဖြစ်သည်။
- ဇာတိမှာ တောင်သာမြို့နယ်၊ အောင်ဇမ္ဗူကျေးရွာဖြစ်သည်။ ဝိဇ္ဇာ(ဂုဏ်ထူး)၁၉၆၅ ခုနှစ်၊ မန္တလေးတက္ကသိုလ်နှင့် မဟာဝိဇ္ဇာ၊ ၁၉၇၃ ခုနှစ် ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။
- နည်းပြ လုပ်သားများ ကောလိပ်၊ ရန်ကုန်၊ လက်ထောက်ကထိက၊ မော်လမြိုင် တက္ကသိုလ်၊ ကထိက၊ ရန်ကုန်တက္ကသိုလ်၊ တွဲဖက်ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၊ ပါမောက္ခ၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် အငြိမ်းစားယူသည်။
- ၁၉၆၀ ပြည့်နှစ် မန္တလေးတက္ကသိုလ်နှစ်လည် စာစောင်မှစ၍ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ လုံးချင်းစာအုပ် ၁၆ အုပ် ရေးသားခဲ့သည်။
- ကလောင်ခွဲများအနေဖြင့် အောင်နိုင်(တက္ကသိုလ်)၊ တက္ကသိုလ်တောသား၊ ဇာတ်ဆရာငါးပိကြော်+ အခြားဖြစ်သည်။
- လက်ရှိတွင် တိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ မြန်မာစာအဖွဲ့၊ အချိန်ပြည့်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်သည်။

*စာမျက်နှာ ၈ မှ*

စာပေစိစစ်ရေးပေါ်လာကတည်းက ဝန်ထမ်းပုဂ္ဂိုလ်ကိုသာ ထုတ်ဝေသူအဖြစ်လက်ခံတော့သည်။ ကျောင်းသားက ထုတ်ဝေသူအဖြစ် စာမူတင်ပြလျှင် ထိုစာမူသည် ပြန်၍မကျလာတော့ပေ။ စာမူများကို ယခင်က အယ်ဒီတာအဖွဲ့က ဆုံးဖြတ်သည်။ နောင်တွင်မူ တက္ကသိုလ်စိစစ်ရေးအဖွဲ့ အဆင့်မြင့်ဦးစီးဌာန စိစစ်ရေးအဖွဲ့၊ ပြည်ထဲရေးစိစစ်ရေးအဖွဲ့များကို ဖြတ်ကျော်ရတော့သည်။

မဂ္ဂဇင်းအဆင်အပြင်လှပရေးကို တက္ကသိုလ်အနုပညာအသင်းကြီး၏ အဖွဲ့စိတ်ဖြစ်သည့် ပန်းချီအသင်းက ပံ့ပိုးပေးသည်။ တက္ကသိုလ်တွင် ပန်းချီကဏ္ဍလည်းအရေးပါသည်။ ဦးဘဉာဏ်၊ ဦးစံဝင်း၊ ဦးအုန်းလွင်၊ ဦးဉာဏ်ရှိန်တို့က ပန်းချီအကြောင်း လာရောက်ဟောပြောကြသည်။ ပညာရေးဝန်ထမ်းဖြစ်သည့် ဦးဗကြည်က ရံဖန်ရံခါသင်ပြသည်။ ၁၉၅၅ ခုနှစ်တွင် ပန်းချီငွေရတုပွဲပြုလုပ်သည်ဆိုသဖြင့် အသင်းကို ၁၉၃၀ ပြည့်နှစ်လောက်ကပင် ဖွဲ့စည်းထားဟန်ရှိသည်။ သင်တန်းကို ဦးဗကြည်၊ ဦးစံဝင်း၊ ဦးသုခ၊ ဦးသိန်းဟန်တို့က ပို့ချပေးခဲ့ကြသည်။

မဂ္ဂဇင်းမျက်နှာဖုံးပုံနှင့် စာမူသရုပ်ဖော်ပုံများကို ပန်းချီသင်တန်းသားတို့ကပင် ရေးဆွဲပေးကြရသည်။ မဂ္ဂဇင်း၏ စာမူအင်အားသည် တက္ကသိုလ်အတွင်းမှာသာရှိသည်ဟူသော သဘောထားအရ စာမူများကိုလည်းကောင်း၊ ပန်းချီများကိုလည်းကောင်း တက္ကသိုလ်၏ ဆရာဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူတို့၏ လက်ရာများကိုသာ သုံးရသည်။ ပန်းချီမှာလည်း ထိုနည်းအတိုင်းသာ။

မဂ္ဂဇင်း၊ စာစောင်၊ စာအုပ်ကို ကိုင်လိုက်လျှင် အဦးဆုံးတွေ့ရသည်မှာ မျက်နှာဖုံးပုံဖြစ်သည်။ ထိုပုံသည် လှပဖို့လိုသည်။ အဓိပ္ပာယ်လည်းဆောင်ရမည်။ ထို့ကြောင့် မျက်နှာဖုံးပုံအတွက် ပန်းချီလက်ရာရှင်တို့ ပြိုင်ပွဲဝင်ကြရသည်။ ပြိုင်ပွဲတွင် လက်ရာပေါင်း ၂၀ ကျော် ၃၀ မျှ ပါဝင်ကြသည်။ မျက်နှာဖုံးပုံကို များသောအားဖြင့် ဘွဲ့နှင်းအဆောက်အအုံ၊ သစ်ပုပ်ပင်၊ ဂျပ်ဆင်မျှော်စင်၊ သိပ္ပံဘာသာရပ် အဆောက်အအုံ၊ အပန်းဖြေရိပ်သာပုံတို့ကို အခြေခံပြီး ရေးဆွဲကြသည်။ အချို့ပန်းချီကျောင်းသားတို့ကမူ အဆိုပါ ကျောင်းအထိမ်းအမှတ်သင်္ကေတများကို အခြေခံထားပြီး မိမိတို့၏ စိတ်ကူးဉာဏ်ဖြင့် ခြယ်လှယ်မွမ်းမံတတ်ကြသည်။ ထိုအခါ မျက်နှာဖုံးပုံသည် ဆန်းကြယ်လာသည်။ ကြည့်ရှုရသူတို့အဖို့ မိမိအတွေး၊မိမိဉာဏ်ဖြင့်အနက်ဖော်ခံစားရသည်အထိ အဆင့်မြင့်သွားတတ်သည်။

အချို့ပုံတို့မှာ ကျောင်းတွင်းမှာသာမက ပြင်ပလောကမှာအထိ ဂယက်ရိုက်သွားတတ်သည်။ ထို့ကြောင့် မျက်နှာဖုံးပုံအဆင့်လည်း မြင့်စေ၊ တွေဝေစရာလည်း မဖြစ်စေရန် မဂ္ဂဇင်းတာဝန်ရှိဆရာများနှင့် ပန်းချီပညာရှင်တို့ ပူးပေါင်းကာ ပြိုင်ပွဲဝင်ပန်းချီများကို စိစစ်ရွေးချယ်ကြရသည်။ စာရေးသူသိမီသလောက်ဆိုပါလျှင် ဦးဗကြည်၊ ဦးသိန်းဟန်၊ လှတင်ထွန်း(ဝင်းပ)၊ ဒေါ်တင်တင်စန်း၊ ဦးစောလွင်တို့ ပါဝင်ရွေးချယ်ကြပါသည်။



စာမူများကိုမူ တက္ကသိုလ်အတွင်းရှိ ပညာရှင်၊ ကလောင်ရှင်များက တာဝန်ယူကြသည်။ ပုံမှန်အားဖြင့် သုတစာမူကို ဆရာ ဆရာမတို့က တာဝန်ယူကြလျက် ရသစာမူများကို ကျောင်းသားတို့က တာဝန်ယူကြသည်။ ကျောင်းမဂ္ဂဇင်း ဟူသည် ကျောင်း၏ ကြေးမုံဖြစ်သဖြင့် အားလုံးက စိတ်ဝင်စားကာ အလေးထားကြသည်။ မဂ္ဂဇင်းကို ကျောင်းသားတိုင်းက ရပိုင်ခွင့်ရှိသည်။ ရလျှင် အမြတ်တနိုး ရှိကြသည်။ ထို့ကြောင့် ဂရုစိုက်ကြပါသည်။

မဂ္ဂဇင်းသို့ရောက်ရှိလာသော စာမူအရေအတွက်မှာ လိုအပ်သည်ထက် များစွာပိုနေမြဲပါတည်း။ ဝတ္ထုတို၊ စာညွန့်၊ ကဗျာအရေအတွက်မှာလိုသည်ထက် သုံးလေးဆမှ ဆယ်ဆအထိ ရှိခဲ့သည်။

၁၉၅၀ ပြည့် စာသင်နှစ် မဂ္ဂဇင်းအတွက် ပို့လာသော စာမူအရေအတွက်မှာ ဝတ္ထုတို ၅၀၊ ဆောင်းပါး ၃၁၊ ကဗျာ ၂၉၀၊ စာညွန့် ၃၆၊ ပြဇာတ် ၁၊ အထွေထွေ ၁၅၊ ရုပ်ပြောင် ၃ စုစုပေါင်း ၄၂၆ ဖြစ်သည်။ စာမူအင်အားမှာ ကောင်းလှသည်။ ၁၉၇၃ ခု စာသင်နှစ် ဝိဇ္ဇာ သိပ္ပံနှစ်လည် မဂ္ဂဇင်းအတွက်မှာမူ ကဗျာ ၄၀၁၊ ဆောင်းပါး ၉၃၊ ဝတ္ထုတို ၁၄၅၊ ပြဇာတ် ၄၊ စာညွန့် ၅၊ စာတန်း ၁၀၊ စာခွေ(ပေးစာ) ၁၆၊ ကာတွန်း ၆၅ ပုံ၊ သိမှတ်ဖွယ်ရာ ၂၊ အင်္ဂလိပ်စာမူ ၁၀ အထိ တိုးတက်လာသည်။

နောက်တစ်နှစ်ဖြစ်သည့် ၁၉၇၄ စာသင်နှစ် မဂ္ဂဇင်းအတွက်ကား ကဗျာ ၅၁၀၊ ဆောင်းပါး ၁၀၂၊ ဝတ္ထု ၁၃၅၊ ပြဇာတ် ၃၊ စာညွန့် ၄၁၊ စာတန်း ၂၂၊ စာခွေ ၁၀၊ ကာတွန်း ၅၆ကွက်၊ အင်္ဂလိပ်စာမူ ၂၅ စုစုပေါင်း ၉၀၄ စောင်အထိ ရှိလာသည်။ ကိန်းဂဏန်းများ ဖော်ပြနေခြင်းမှာ မဂ္ဂဇင်း၏ တိုးတက်မှုနှင့် ကဗျာ၏ သဘာဝကိုဖော်ပြလို၍ ဖြစ်ပါသည်။

တက္ကသိုလ်ဘဝဆိုသည် ပျိုရွယ်သူတို့၏ အဘက်ဘက်က ဖွံ့ဖြိုးရာကာလဖြစ်သည်။ အထူးသဖြင့် ရုပ်ပိုင်း၏ ဖွံ့ဖြိုးမှုကား အထွတ်အထိပ်ကာလ၊ အလှပဆုံးကာလဖြစ်သည်။ လူ့ဘဝကို ၁၀ နှစ်စီ ၁၀ စုခွဲထားပေရာ ထိုအရွယ်သည် ဝဏ္ဏဒသတဟုဆိုသည်။ အလှဆုံးကာလဟုဆိုလိုသည်။ တက္ကသိုလ်နယ်မြေဖြစ်သဖြင့် အစွမ်းကုန်ခြယ်သသော အရွယ်လည်း ဖြစ်သည်။ လုလင်လေးများရော၊ လုံမလေးများပါ အဆုံးစွန်လှပတင့်တယ် စွဲမက်ဖွယ် အဆင်းကို ဆောင်ထားကြသည်။ ထိုအရွယ်တွင် ဆန့်ကျင်ဘက်လိင်ကို အဝင်စားဆုံးဖြစ်ကြသဖြင့် ခံစားမှုတို့လည်း အားအကောင်းဆုံးဖြစ်ဖြစ်လာကြသည်။

စာသင်ခန်းအတွင်းနေစဉ် တွေ့မြင်ရင်းနှီးနေကြရသဖြင့် ရင်ထဲ၌ အစိုင်အခဲတို့ အုံဖွဲ့နေကြပြီး ရင်ဖွင့်သဖြင့် အဆင်ပြေကြသူတို့လည်းရှိသည်။ ထိုအခါ သိမ်မွေ့သာယာသော ကဗျာအတိုအထွာလေးတို့ ပွင့်အန်လာသည်။ အဆင်မပြေသူတို့မှာမူ လွမ်းစာဆွေးစာ တေးကဗျာတို့ မိုးရွာသလို ကျရောက်လာကြတော့သည်။ ဤနည်းအားဖြင့် တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းတို့သည် အချစ်ဟစ်တိုင်၊ အလွမ်းစိုက်ခင်းတို့ ဖြစ်နေတော့သည်။ မျိုးစေ့ကလည်း မှန်၊ မိုးငွေ့ကလည်း ထန်လာသဖြင့် ကဗျာတည်းဟူသော ပျိုးပင်များ၊ စာညွန့်တည်းဟူသော သားတက်များ ဖွံ့ထွားတင့်တယ် အလှကြွယ်နေတော့သည်။

တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းတို့သည် လက်သင်ကလောင်ရှင်တို့ မြေစမ်းနိုင်သည့် ကျွန်းမြေဖြစ်သလို ဝါရင့်စာဆိုကြီးတို့၏ အထွက်တိုးစိုက်ကွက်လည်း ဖြစ်သည်။

စာဆိုပညာရှိ ဇော်ဂျီ၏ "တြိနမဿာ အစပျို့" ယူနီဗာစီတီကောလိပ်ဘွဲ့ စာထောင့်လေးချိုးကြီးသည် ၁၉၂၅ ခုနှစ် တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်းတွင်လည်းကောင်း၊ စာဆိုမင်းသုဝဏ်၏ (အထင်ရှားဆုံးဖြစ်သည့်) "ခါနွေဆန်းတော့ လွမ်းမိတယ်" တမ်းချင်းကဗျာသည် ၁၉၃၀ ပြည့်နှစ်ထုတ် တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်းတွင်လည်းကောင်း စင်တော်တင်ထားကြသည်။ တက္ကသိုလ်မဂ္ဂဇင်းမှာ ကလောင်သွေးခဲ့ကြသူတို့သည် နောင်တွင် ကဗျာစာဆိုကြီးများ ဖြစ်လာတတ်ပါသည်။

နှလုံးသားဖူးငုံတို့ စိုရွှမ်းနေကြသည့် ကျောင်းတော်သူကျောင်းတော်သားတို့၏ ဝတ္ထုတိုများနှင့် ရင်လှိုက်ရယ်မောရသည့် ရသများ၊ ချိုမွှေးကြည်အေးရသည့် ရသများ၊ ကြေကွဲလောင်ကျွမ်းရသည့် ရသများ လေးလေးပင်ပင်ပါဝင်နေသည်က များသည်။ ထို့ကြောင့်လည်း ကျောင်းတိုက်မဂ္ဂဇင်းများသည် ကျောင်းတွင်းလုလင် လုံမေတို့၏ သည်းခြေခိုက်များနှင့် ဆားများ ဖြစ်နေကြတော့သည်။



ဆောင်းပါးများကို ဆရာတို့က အရေးများကြသည်။ ဆရာဟူသည် ထာဝရကျောင်းသားများ ဖြစ်ကြသည်။ သင်တန်းပို့ချရင်း သုတေသနပြုနေကြသည်။ အသစ်လေ့လာမှုမှ အသစ်တွေ့လာမှုများကို ကျောင်းမဂ္ဂဇင်းမှ တစ်ဆင့် အသစ်ပေးကြသည်၊ အဆစ်ပေးကြသည်။ ထို့ကြောင့် မဂ္ဂဇင်းသည် ဝိတ်တက်လာတော့သည်။

တက္ကသိုလ်၌ လှုပ်ရှားမှုများ အမြဲရှိနေသည်။ သစ်လွင်ကြိုဆိုပွဲ၊ ဆရာပူဇော်ပွဲ၊ ညစာစားပွဲ၊ စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ အားကစားပြိုင်ပွဲ၊ ကထိန်ပွဲ၊ ဘွဲ့နှင်းပွဲ စသည့် သဘင်ပွဲ၊ အရှင်ပွဲတို့ကို မှတ်တမ်းပြုကြသည်။ ထိုမှတ်တမ်းတို့သည် မဂ္ဂဇင်း၌ဆုံစည်းကြသည်။ ထို့ကြောင့် မဂ္ဂဇင်းများသည် တက္ကသိုလ်အတ္ထုပ္ပတ္တိ၏ ကျောက်စာတိုင်ဖြစ်နေတော့သည်။

ရန်ကုန်တက္ကသိုလ်၏ နှစ်လည်မဂ္ဂဇင်းများနှင့် အလားတူပင် မြေးမြစ်ကောလိပ်၊ တက္ကသိုလ်များ၌လည်း နှစ်လည်မဂ္ဂဇင်းတို့ ရွယ်တူရိုးမျှရှိနေကြသည်။ အစဉ်အလာအားဖြင့် ရန်ကုန်စက်မှုတက္ကသိုလ်မဂ္ဂဇင်းမူကား ဗိသုကာများလည်းရှိ၊ အသိပညာများလည်းပြည့်သဖြင့် မဂ္ဂဇင်းအရည်အသွေးမှာ ထူးခြားနေပေသည်။ အဖေတူသားပေကိုး။

တက္ကသိုလ်တိုင်းလည်း ဆက်လက်ဖွံ့ဖြိုးပါစေသတည်း၊ မဂ္ဂဇင်းများလည်း တိုးတက်ပါစေသတည်း။ ။

**ကိုးကား- နှစ်လည်မဂ္ဂဇင်းများ။**

# ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

## ထက်လျှံ၊ ဓာတ်ပုံ - ဇော်မင်းလတ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နိုဝင်ဘာ ၁၇ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး ။** ။ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာတစ်ဝန်းမှာ ကူးစက်ဖြစ်ပွားလျက်ရှိနေတဲ့ ကိုဗစ် – ၁၉ ကမ္ဘာ့ကပ်ရောဂါဟာ အသက်အရွယ်မရွေး၊ လူတန်းစားမရွေး ကူးစက်ဖြစ်ပွားနိုင်တဲ့ ရောဂါဆိုးကြီးဖြစ်သလို ဒီနေ့အချိန်အထိ ရောဂါကုသဖို့ ဆေးရော၊ ကြိုတင်ကာကွယ်ဖို့ ဆေးပါ တရားဝင်မတွေ့ရှိရသေးတာကို မိဘပြည်သူများ အသိပဲဖြစ်ပါတယ်။

ဒီရောဂါကို မဖြစ်ပွားရအောင်၊ ကူးစက်မခံရအောင် အထိရောက်ဆုံး ကာကွယ်နိုင်တဲ့ နည်းလမ်းတွေက လက်ကို မကြာခဏဆေးတာ၊ Mask ကို စနစ်တကျ အသုံးပြုတာနဲ့ လူထူထပ်တဲ့နေရာတွေကို ရှောင်ကြဉ်ပြီး အိမ်မှာပဲနေတာ အစရှိတဲ့အချက်တွေပဲ ဖြစ်ပါတယ်။

ရောဂါဖြစ်ပွားလာမှုဟာ အချိန်ကြာလာတာနဲ့အမျှ လူသားတွေအနေနဲ့ မိမိတို့ နေ့စဉ်ပုံမှန်သွားလာလှုပ်ရှားမှုတွေကနေ Stay at Home နေထိုင်နေရတဲ့ အခြေအနေတွေကို ငြီးငွေ့စိတ်ပျက်လာတာ၊ အလိုမကျ အားငယ်လာတာမျိုးတွေလည်း ဖြစ်လာနေကြပြီဆိုတာကိုလည်း တွေ့မြင်နေရပါတယ်။

သို့သော် ရောဂါကူးစက်နိုင်မှု အရှိန်အဟုန်ကို ထိန်းချုပ်နိုင်ဖို့အတွက် လတ်တလောမှာ ဒီနည်းလမ်းတွေက အထိရောက်ဆုံးနဲ့ အကောင်းဆုံးဖြစ်တာကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ ကိုဗစ် – ၁၉ ကာကွယ်ရေးလမ်းညွှန်ချက်တွေကို လိုက်နာရင်း ဆက်လက်သတိပြုနေထိုင်ကြဖို့ စဉ်ဆက်မပြတ် တိုက်တွန်းနှိုးဆော်နေကြတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လတ်တလော ကြုံတွေ့နေရတဲ့ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု အခြေအနေ၊ ကုသပေးနေမှု အနေအထား၊ ဆောင်ရန် / ရှောင်ရန် ကိစ္စရပ်တွေနဲ့ပတ်သက်လို့ ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေက အပတ်စဉ်တိုင်း ရှင်းလင်းဖြေကြားပေးလျက်ရှိရာမှာ ဒီနေ့ရဲ့ ကိုဗစ်အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်မှာ **ပါမောက္ခဒေါက်တာမြင့်ဟန် [ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင်]၊ ပါမောက္ခ ဒေါက်တာဇော်ဝေစိုး [ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်–၁(ရန်ကုန်)၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် – ၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့]**တို့နဲ့အတူ ဦးဆောင်ဆွေးနွေးသူအဖြစ် **ပါမောက္ခဒေါက်တာမြတ်ဝဏ္ဏစိုး [ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန]** က ပါဝင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီနေ့ရဲ့ ဆွေးနွေးဖြေကြားမှုတွေ စတင်နိုင်ဖို့အတွက် ပါမောက္ခဒေါက်တာမြတ်ဝဏ္ဏစိုးက ဦးဆောင်ဆွေးနွေးပေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ပါမောက္ခဒေါက်တာမြတ်ဝဏ္ဏစိုး။** ။ ဟုတ်ကဲ့၊ မိဘပြည်သူများအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်က နေပြည်တော် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြတ်ဝဏ္ဏစိုး ဖြစ်ပါတယ်။ ဒီနေ့ ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်မှာ ကျွန်တော်နဲ့အတူ ဆရာကြီး ပါမောက္ခဒေါက်တာမြင့်ဟန်နဲ့ ဆေးတက္ကသိုလ်–၁ ပါမောက္ခချုပ် ဆရာကြီးပါမောက္ခ ဒေါက်တာဇော်ဝေစိုးတို့က ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ဆရာကြီးပါမောက္ခ ဒေါက်တာမြင့်ဟန်ကနေပြီး မေးခွန်းများကို ဖြေကြားပေးဖို့ ကျွန်တော့်အနေနဲ့ ပန်ကြားအပ်ပါတယ်ခင်ဗျာ။

**ပါမောက္ခဒေါက်တာမြင့်ဟန်။** ။ ဟုတ်ကဲ့ ကျေးဇူးတင် ပါ တယ်။ ကျွန်တော် ဒီနေ့ မေးခွန်း(၃) ခုကို ဖြေဆိုသွားဖို့ ရှိပါတယ်။ ပထမဆုံး မေးခွန်းက **ကျွန်မဟာ ကိုဗစ် Positive ဖြစ်ပြီး ဆေးရုံကဆင်းပြီး အိမ်မှာ Home Quarantine တစ်ပတ်ပြီးပါပြီ။ အခုဆို Home Quarantine ပြီးတာ ၄ ရက်ရှိပါပြီ။**



ကိုဗစ်–၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ်တွင် ပါမောက္ခဒေါက်တာမြင့်ဟန်၊ ပါမောက္ခဒေါက်တာ ဇော်ဝေစိုးနှင့် ပါမောက္ခဒေါက်တာမြတ်ဝဏ္ဏစိုးတို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

**အခု ၄ နှစ် ကလေး၊ ၈ နှစ် ကလေးတို့နဲ့ ထိတွေ့လို့ရပါပြီလား။ ကလေးတွေနဲ့ ထိတွေ့တဲ့အခါမှာ ဆောင်ရန်/ရှောင်ရန်တွေကို ကျေးဇူးပြု၍ ညွှန်ကြားပေးပါရှင့်**လို့ မေးထားပါတယ်။

ဟုတ်ပါတယ်။ ကျွန်တော်တို့ ကိုဗစ် Positive ဖြစ်ပြီး အိမ်မှာ မိသားစုကလေးတွေရှိတဲ့သူတွေ အတွက်က မေးခွန်းရှင် မိခင်အနေနဲ့ စိတ်ပူပန်မှုတွေ ရှိနေတယ်လို့ ကျွန်တော်တို့ မှန်းဆမိပါတယ်။ ကိုဗစ် Positive ဖြစ်ပြီး ဆေးရုံက ဆင်းလာပြီဆိုရင် ဆေးရုံကလည်း ရောဂါလက္ခဏာတွေ သက်သာမှ၊ လိုအပ်တဲ့စစ်ဆေးမှုတွေ ပြုလုပ်ပြီးမှ ပြန်လည်ပေးဆင်းခြင်းဖြစ်ပါတယ်။ ပြီးတော့ Home Quarantine အိမ်မှာလည်းဆက်ပြီး တစ်ပတ်ကို တိတိပပ လိုက်နာပြီးနေဖို့ ညွှန်ကြားပြီးလည်း ဖြစ်ပါတယ်။

ကိုဗစ်ရောဂါနဲ့ ပတ်သက်ပြီး အဓိက မိသားစုတွေ စိုးရိမ်တာက မိမိတို့ရဲ့ မိသားစုဝင်၊ အထူးသဖြင့် ကလေးတွေကိုပါ။ ကလေးတွေ ကူးစက်သွားမှာ စိုးရိမ်ကြတဲ့ သဘောရှိပါတယ်။ သို့သော်လည်း Home Quarantine တစ်ပတ်နေထိုင်ပြီးရင် ကိုဗစ်ရဲ့သဘောက သူက တခြားသူကို ဆက်ပြီး ကူးစက်နိုင်ခြေ အတိုင်းအတာက နှစ်ပတ်ဆိုရင် စိတ်ချရပါတယ်။ အဲဒီတော့ Positive ဖြစ်ပြီး အခုဆိုရင် နှစ်ပတ်လည်း ကျော်သွားပြီလို့ သိရပါတယ်။ ဒါဆိုရင် မိမိရဲ့ကလေးတွေနဲ့ ပုံမှန်ထိတွေ့ဆက်ဆံလို့ရနေပါပြီလို့ ဖြေကြားချင်ပါတယ်။

ကလေးတွေကို ကြည့်လိုက်တော့ အသက်က ၄ နှစ်နဲ့ ၈ နှစ်ဆိုတော့ နို့တိုက်ရတဲ့အရွယ်၊ ရင်ခွင်ပိုက်ကလေးအရွယ်တွေ မဟုတ်တော့တဲ့အတွက် ဆက်လက်ပြီး ဆောင်ရန် / ရှောင်ရန်တွေကို ပြောရမယ်ဆိုရင် ကိုဗစ်ကူးစက်မှုမြင့်မားတဲ့ကာလမှာ ကျွန်တော်တို့ အမြဲတမ်း အကြံပြုနေတဲ့ အချက် ၄ ချက်ကို ဆက်လက်ပြီး လိုက်နာဖို့လိုပါတယ်။ အဲဒီတော့ မလိုအပ်ဘဲနဲ့ ထိတွေ့မှုတွေကို ရှောင်ရပါမယ်။ လက်ကို မကြာခဏ ဆေးရပါမယ်။ Mask ကို တပ်ရပါမယ်။ လူစုလူဝေးရှိတဲ့နေရာတွေကို တတ်နိုင်သမျှ ရှောင်ကြဉ်ရပါမယ်။ အမေအနေနဲ့ စိတ်ပူတဲ့ သူကနေတစ်ဆင့် ကူးစက်ဖို့ လမ်းကတော့ တော်တော်လေး နည်းပါတယ်။ ဒါပေမယ့် ကလေးတွေအနေနဲ့ အပြင်ကနေပြီး တခြားကနေ ကူးစက်နိုင်တဲ့ အနေအထားတွေရှိနိုင်တဲ့အတွက် ဒါကို ကျွန်တော့်အနေနဲ့ သတိပြုစေချင်ပါတယ်။

အထူးသဖြင့် ကလေးတွေ ဆော့ကစားတဲ့အချိန်တို့၊ ကလေးချင်း တွေ့ထိတဲ့အချိန်တွေ၊ ဈေးတို့ ဘာတို့ကို မိဘတွေက ခေါ်သွားခဲ့ရင်ဖြစ်ဖြစ် လူအုပ်ရှိတဲ့ နေရာတွေကို သွားမယ်ဆိုရင် ၈ နှစ် ကလေးက Mask တပ်ဖို့ လိုပါလိမ့်မယ်။ ၄ နှစ်အရွယ်ကလေးက Mask တပ်ရတာ အခက်အခဲရှိနိုင်တဲ့အတွက် Social Distancing နဲ့ အညီ ခပ်ခွာခွာလေးနေဖို့ ဒါတွေကို သတိပြုစေချင်ပါတယ်။ ကျွန် တော့်အနေနဲ့ ခြုံပြောရရင် ကူးစက်မှုအခွင့်အလမ်းက မိမိကလေးတွေကို အလွန်နည်းသွားပါပြီ။ ဒါပေမယ့်လည်း ကိုဗစ်နဲ့ ပတ်သက်ပြီး ဆောင်ရန် / ရှောင်ရန်တွေကို ဆက်လက်ပြီး လိုက်နာဖို့ ကျွန်တော့်အနေနဲ့ အကြံပြုချင်ပါတယ်။

တစ်ဆက်တည်းမှာပဲ ကလေးတွေဟာ ယေဘုယျအားဖြင့် ကိုဗစ်ရောဂါဖြစ်ပွားမှုအနေနဲ့ ကလေးတွေမှာ ကူးစက်ခံရနိုင်တဲ့ အနေအထား အင်မတန် နည်းပါးပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ သတိရှိဖို့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုဗစ်ရောဂါသည် အသက်အရွယ်မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး အားလုံးကို ကူးစက်နိုင်တဲ့ အနေအထားရှိတဲ့အတွက် ဒါတွေကို သတိထားရှောင်ကြဉ်သင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ဖြေကြားချင်ပါတယ်။

နောက်ဒုတိယမေးခွန်းက **ကိုဗစ် Positive ဖြစ်လို့သာ Quarantine Center ကို သွားလိုက်ရတယ်။ နှာစေး ချောင်းဆိုးခြင်းလည်း မရှိဘူး။ အနံ့အရသာ ပျောက်ခြင်းလည်း မရှိဘူး။ ဖျားနာခြင်းလည်းမရှိပါ။ ကိုဗစ် လက္ခဏာတွေတစ်ခုမှ မဖြစ်ပါဘူး။ ပုံမှန်စားကောင်း၊ သောက်ကောင်း၊ အိပ်ကောင်းပဲ အဲဒါဘာဖြစ်လို့ပါလဲ။ ကိုယ်နဲ့နီးနီးကပ်ကပ်နေမိတဲ့ Quarantine ဝင်နေဆဲ ကျွန်မအမျိုးသားနဲ့ ၃ နှစ်အရွယ် ကလေးက Negative ပါ။ အဲဒါ ဘယ်လိုဖြစ်တာပါလဲရှင်** ဆိုပြီး မေးထားပါတယ်။

ကိုဗစ်ရောဂါနဲ့ ပတ်သက်ပြီး ကိုဗစ်မှာ ၈၀ ရာခိုင်နှုန်းသော ကူးစက်ခံရသူတွေက ရောဂါလက္ခဏာ သာမန်လောက် ပြတာတွေလည်းရှိတယ်။ တချို့တွေဆိုရင် မသိမသာ ပြလိုက်တဲ့ လူနာတွေနဲ့ သတိမထားမိတာတွေလည်းရှိပါတယ်။ တချို့ဆိုရင် စောစောက မေးခွန်းရှင် မေးထားသလို ဘာလက္ခဏာတစ်ခုမှ မရှိဘူး။ ဒါပေမယ့် Positive ဖြစ်သွားတယ်။ ဒီလိုမျိုးလည်း ရှိပါတယ်။

ဒီရောဂါလက္ခဏာ ပြင်းထန်တာတွေက ၅ ရာခိုင်နှုန်းလောက်ဖြစ်တယ်။ အတန်အသင့် ပြင်းထန်တာတွေက ၁၅ ရာခိုင်နှုန်းလောက်ဖြစ်တယ်ဆိုတော့ ကိုဗစ်ရောဂါကူးစက်တိုင်း ရောဂါလက္ခဏာ မပြပါဘူး။ သို့သော် ရောဂါလက္ခဏာမပြတဲ့သူကလည်း တခြားသူကို ကူးစက်နိုင်တဲ့ အခွင့်အလမ်းတွေ၊ အနေအထားမျိုးတွေ ရှိနေပါသေးတယ်။ ဒါပေမယ့် သူ့ရဲ့ အမျိုးသားနဲ့ ၃ နှစ်အရွယ်ကလေးက Negative ဖြစ်တယ်။ အဲဒါဘာဖြစ်လို့ပါလဲဆိုတော့ စောစောက ကျွန်တော် ဆွေးနွေးသလိုပါပဲ။ ကလေးတွေက အခြေခံယေဘုယျ သဘောတရားအားဖြင့်ကိုက ကိုဗစ်ရောဂါနဲ့ပတ်သက်ပြီး ကူးစက်ခံရတဲ့နှုန်းထားက လူကြီးတွေလို မများပါဘူး။ ဒါကြောင့်လည်း ဖြစ်နိုင်ပါတယ်။ နောက်တစ်ခုက ရောဂါကူးစက်မှုမှာ မိမိမှာရှိတဲ့ ကိုယ်ခံအားပေါ်မှာလည်း မူတည်ပါတယ်။ ကိုဗစ်ဗိုင်းရပ်စ်ပိုးရဲ့ ပြင်းထန်မှုအားပေါ်မှာလည်း မူတည်ပါတယ်။ သူ့ရဲ့ ပိုးကောင်ရေ အရေအတွက် ဒါမျိုးတွေလည်း မူတည်နေပါတယ်။

ဒါ့အပြင် ကူးစက်ပုံနည်းလမ်း ဖြစ်ပါတယ်။ အထူးသဖြင့် ကူးစက်တာများတာက အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာတွေရှိရင် ပိုပြီးကူးစက်တာများပါတယ်။ ဥပမာ – ချောင်းဆိုးနေမယ်၊ နှာစေးနေမယ် စသဖြင့် ဒီလိုမျိုးတွေရှိရင် ကူးစက်မှုဖြစ်စေတဲ့အတွက် မေးခွန်းရှင်က သူ့မှာ ဒီလက္ခဏာတွေ ဘာမှမရှိတဲ့အတွက် မိမိရဲ့ အမျိုးသားမှာရော၊ ကလေးမှာရော ကူးစက်မှု မရှိတာ ဖြစ်နိုင်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။

ဘယ်လိုပဲပြောပြောပေါ့နော်၊ ရောဂါလက္ခဏာတွေ မရှိဘူးဆိုတာ ဝမ်းသာဖို့လည်း ကောင်းပါတယ်။ မိမိရဲ့ ကလေးနဲ့ အမျိုးသားက Quarantine ဝင်ရတယ်ဆိုတာက သူတို့ကိုလည်း စောင့်ကြည့်ရတာပါ။ အထူးသဖြင့် ၁၄ ရက်အတွင်းမှာ ရောဂါလက္ခဏာတွေ ပေါ်လာနိုင်တယ်ဆိုတော့ ဒါကို စောင့်ကြည့်တဲ့အနေအထားဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ဖြေကြားချင်ပါတယ်။

နောက်ဆုံးမေးခွန်းက ကျွန်တော်တို့ ဒီအစီအစဉ်တွေမှာ မကြာခဏလည်း ဖြေကြားပြီး ဖြစ်ပါတယ်။ ဒါပေမယ့် မေးလာတဲ့အတွက်လည်း ထပ်ပြီးဖြေပါမယ်။ မေးခွန်းက **ကိုဗစ်ဗိုင်းရပ်စ်က ကိုယ်ခန္ဓာထဲမှာ တစ်လခွဲလောက် ရှိနေတယ်ဆိုရင် အဲဒီလူကို ထိခိုက်လား၊ အသက်ဆုံးရှုံးမှုရော ဖြစ်ပေါ်နိုင်သလား၊ ၁၁ ရက်ပြည့်ပြီး ဆေးရုံက ဆင်းလာတဲ့နောက်ပိုင်းကို ဆိုလိုပါတယ်** လို့ မေးထားပါတယ်။

ဟုတ်ပါတယ်။ ကိုဗစ်ရောဂါရဲ့ နောက်ဆက်တွဲတွေက ကျွန်တော်တို့ အရင်ကလည်း ပြောထားခဲ့ပါတယ်။ ကိုဗစ်ရောဂါဖြစ်တဲ့အချိန်မှာ ဘယ်လောက်ထိဆိုးလဲ အပေါ်မှာလည်း မူတည်ပါတယ်။ တချို့တွေကျတော့လည်း ပြင်းပြင်းထန်ထန် အဆုတ်နဲ့ပတ်သက်ပြီး အသက်ရှူရကျပ်တယ်။ ICU ထဲမှာ ကုသမှုခံယူရတယ်။ အသက်ရှူပံ့ပိုးစက်တွေရဲ့ အကူအညီယူရတယ်။ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်း ချို့ယွင်းမှုတွေ ဖြစ်ပေါ်တဲ့အထိလည်း ဒါဖြစ်နိုင်ပါတယ်။

ယေဘုယျအားဖြင့် ၁၁ ရက်ပြည့်ပြီး ဆေးရုံက ဆင်းလာတယ်ဆိုရင် ကုသမှုအပိုင်းအရ တော်တော်လေး လုံလောက်ပြီလို့ ယူဆရပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ကိုဗစ်ရဲ့ တွေ့ရှိချက်တွေအရ အချိန်အတန်အကြာဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ရင်ဘတ်အောင့်တာတွေ၊ ရင်ဘတ်လေးလံတာတွေ၊ ချောင်းဆိုးတာဆက်ပြီး ကျန်တာတွေ၊ အသိဉာဏ်၊ မှတ်ဉာဏ်တွေ လျော့နည်းလာတာတွေ၊ ညအိပ်တဲ့အခါမှာ အိပ်မပျော်တဲ့ ပြဿနာတွေ၊ စိတ်ဖိစီးမှုများတာနဲ့ စိတ်ကျဝေဒနာဖြစ်တာတွေ ဒါတွေလည်း ရှိတတ်ပါတယ်။ တချို့တွေကလည်း အသက်ရှူမဝတာတွေလည်း ခံစားရပါတယ်။ တော်တော်များများခံစားရတဲ့လက္ခဏာတစ်ခုက အားအင်ချည့်နဲ့ပြီး နွမ်းနယ်နေတာမျိုးကို လူနာ ၅၀ ရာခိုင်နှုန်းကျော်က ခံစားရတာကို တွေ့ရှိရပါတယ်။ ဦးနှောက်နဲ့ အာရုံကြောပိုင်းဆိုင်ရာတွေမှာလည်း ခံစားရမှုတွေ ရှိတတ်ပါတယ်။ တချို့ကျတော့ ခန္ဓာကိုအောက်ပိုင်းလှုပ်ရှားရမှု အားနည်းတာတွေ၊ ဟန်ချက် မထိန်းနိုင်တာတွေ၊ ခြေတုန်၊ လက်တုန်ရောဂါတွေဖြစ်တာမျိုးကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ တချို့ဆိုရင် အနံ့ပျောက်တာနဲ့ အရသာ ပျောက်တာကို တာရှည်စွာခံစားရတဲ့ လူနာမျိုးတွေ လည်း ရှိပါတယ်လို့ ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပါမောက္ခဒေါက်တာမြတ်ဝဏ္ဏစိုး။** ။ ကျေးဇူးတင်ပါတယ် ဆရာ။ ဆက်လက်ပြီး ဆရာကြီး ပါမောက္ခဒေါက်တာဇော်ဝေစိုးက ဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

စာမျက်နှာ ၁၁ သို့

**“အရေးကြီးတာက ကိုဗစ် - ၁၉ ရဲ့ သတ်မှတ်ချက်တွေဖြစ်တဲ့ လိုက်နာရမယ့် အချက်တွေကိုသာ လိုက်နာမယ်ဆိုရင် ကျွန်တော်တို့ ဆံပင်တွေမှာ ကပ်ငြိမှာမဟုတ်ဘူး။ တကယ်လို့ မတော်တဆများ လူတစ်ယောက်က ကိုယ်နဲ့ကပ်ပြီး ချောင်းဆိုးလိုက်တာ၊ နှာချေလိုက်တာတို့ ဖြစ်သွားရင် ဆံပင်မှာ ကပ်သွားနိုင်သလားဆိုတော့ ကပ်သွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ အခုနောက်ပိုင်းမှာ ဆံပင်ကို ခဏခဏသပ်တာ၊ ခဏခဏဖြီးတာ မလုပ်သင့်ဘူး။ အဲဒါတွေဟာ သတိထားရမှာ ဖြစ်ပါတယ်”**

*စာမျက်နှာ ၁၀ မှ*

**ပါမောက္ခဒေါက်တာဇော်ဝေစိုး**။ ။ ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကိုမေးထားတဲ့ မေးခွန်းတစ်ခုကဘာလဲဆိုတော့ ဆရာဝန်ကြီးများရှင့်။ ကိုဗစ် - ၁၉ ရောဂါပိုးသည် ဆံပင်များပေါ်တွင် ကပ်ငြိ၍ အသက်ရှင်နေနိုင်ပါသလားရှင့် ဆိုတာ ဖြစ်ပါတယ်။ ကျွန်မတို့မှာ နေ့တိုင်း လုပ်ငန်းခွင်သို့သွားရသော်လည်း အသက်အရွယ်အရ နေ့တိုင်းခေါင်းမလျှော်နိုင်သောကြောင့်သိလို၍ ဖြေကြားပေးစေလိုပါတယ်ရှင့် ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဆံပင်မရှိတဲ့သူကို ဆံပင်အကြောင်း မေးတော့ ဘယ်လိုဖြေရမလဲ စဉ်းစားရပါတယ်။

တကယ်တော့ လေ့လာထားတာက The Lancet ထဲမှာရှိပါတယ်။ ဆံပင်နဲ့ပတ်သက်ပြီးတော့ လေ့လာထားချက် The Lancet ဆိုတဲ့ သိပ္ပံဂျာနယ်ထဲမှာ အဝတ်အစားတွေနဲ့ ပတ်သက်ပြီး လေ့လာထားတာ၊ မျက်နှာပြင်တွေနဲ့ပတ်သက်ပြီး လေ့လာထားတာ ရှိပါတယ်။ အဝတ်အစားနဲ့ဆိုရင်တော့ သူက အဝတ်အစားပေါ်မှာ ပိုးက တစ်ရက်လောက် အသက်ရှင်နေနိုင်တယ်။ ဒါပေမယ့် Hard Surface လို မာတဲ့နေရာတွေ၊ Stainless Steel တွေ၊ ပလတ်စတစ်တွေအပေါ်မှာဆိုရင် ၄ / ၅ ရက်လောက်အထိ အသက်ရှင်နေနိုင်ပါတယ်။

ဆံပင်ကိုတော့ အတိအကျလေ့လာထားတဲ့ လေ့လာချက်တော့ ရှာလို့မတွေ့ပါဘူး။ ဒါပေမယ့် ဒါနဲ့ပတ်သက်ပြီး ရေးထားတာတော်တော်များများ ရှိပါတယ်။ နာရီပိုင်းကနေ ရက်ပိုင်းအထိ ဒီပိုးက ရှိနေနိုင်တယ်လို့ တော်တော်များများကယူဆပြီး ရေးထားတာရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီး တကယ်တော့ ဆံပင်ကတစ်ဆင့် ကူးစက်နိုင်တာက ဆံပင်ကနေ လက်ကိုကူးမယ်၊ လက်ကနေ တစ်ဆင့် အဓိကကူးနိုင်မယ်။ ဒါနဲ့ပတ်သက်ပြီး လိုက်နာရမှာက လက်ဆေးတာဟာ အရေးကြီးပါတယ်။ အခုလည်း တော်တော်များများ ဆံပင်ကို ကာကွယ်ထားကြတယ်။ Cap စွပ်ထားကြတယ်။ အစိမ်းတွေ၊ အပြာတွေ ဒီလိုစွပ်ထားရင်လည်းရတယ်။ အချို့လည်း အဝတ်နဲ့ ပေါင်းထားတယ်။ အချို့လည်း ဦးထုပ်ဆောင်းထားတယ်။ အဲဒီလိုမျိုး ကာကွယ်ထားရင်လည်း ရပါတယ်။ နောက် Social Distancing ၆ ပေအကွာမှာနေမယ်ဆိုရင်လည်း ကိုယ့်ဆံပင်မှာ ဘာပိုးမှ အခြားသူဆီက ကပ်စရာအကြောင်းမရှိဘူး။ ဒါ့အပြင် အားလုံးက Mask ကို တပ်မယ်။ အခုလည်း Campaign လုပ်နေတယ်။ ရန်ကုန်မှာ ဆိုရင် နေရာအနှံ့အပြားမှာ ဒါကို Campaign လုပ်တယ်။ ပြည်သူလူထုကို သိအောင် နှိုးဆော်တာတွေနဲ့ အသိပေးတာတွေ လုပ်တယ်။ Mask ရယ်၊ Face Shield ရယ်။ ကျွန်တော်တို့ မဲပေးတုန်းကလည်း Mask ရော၊ Face Shield ရော တပ်ရပါတယ်။ ဒီလိုသာ လူတိုင်း၊ လူတိုင်း Mask ရော၊ Face Shield ရော တပ်မယ်ဆိုရင် ကျွန်တော်တို့ ဆံပင်မှာ ဒီလိုပိုးတွေ ကပ်ငြိစရာအကြောင်းမရှိဘူး။

ဒါကြောင့် အရေးကြီးတာက ကိုဗစ် - ၁၉ ရဲ့ သတ်မှတ်ချက်တွေဖြစ်တဲ့ လိုက်နာရမယ့် အချက်တွေကိုသာ လိုက်နာမယ်ဆိုရင် ကျွန်တော်တို့ ဆံပင်တွေမှာ ကပ်ငြိမှာမဟုတ်ဘူး။ တကယ်လို့ မတော်တဆများ လူတစ်ယောက်က ကိုယ်နဲ့ကပ်ပြီး ချောင်းဆိုးလိုက်တာ၊ နှာချေလိုက်တာတို့ ဖြစ်သွားရင် ဆံပင်မှာ ကပ်သွားနိုင်သလားဆိုတော့ ကပ်သွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ အခုနောက်ပိုင်းမှာ ဆံပင်ကို ခဏခဏ သပ်တာ၊ ခဏခဏဖြီးတာ မလုပ်သင့်ဘူး။ အဲဒါတွေဟာ သတိထားရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် စောစောကလို ဖြစ်ပွားခဲ့မယ်ဆိုရင် သန့်ရှင်းဖို့လိုအပ်ပါတယ်။ ဒါ့ကြောင့် စာအုပ်တော်တော်များများထဲမှာ ရေးထားတာက တစ်နေ့ကို တစ်ကြိမ် ခေါင်းလျှော်ဖို့ Recommend လုပ်ပါတယ်။ ဒါပေမယ့် တော်တော်ခက်ခဲပါတယ်။ နေ့တိုင်းသာ ခေါင်းလျှော်ရမယ်ဆိုရင် ကျွန်တော့်လိုလူမျိုးအတွက် ပြဿနာမရှိပေမယ့် ဆံပင်ရှည်တဲ့သူတွေအတွက်ဆို နေ့တိုင်းခေါင်းလျှော်ဖို့ အတော်ခက်ပါတယ်။ ဆိုတော့ ဒါဟာမဖြစ်နိုင်ဘူး။ ခဏခဏ ခေါင်းတွေလျှော်နေရင်လည်း ဆံပင်တွေပျက်စီးမှာပါ။

ဒါကြောင့် တကယ်လိုက်နာသင့်တာက ကျွန်တော်တို့အားလုံး အခုသတ်မှတ်ထားတဲ့အတိုင်းပဲ Mask ကို တပ်ပါ။ Face Shield ကို တပ်ပါ။ Protection အနေနဲ့ ဆံပင်ကို၊ ခေါင်းကို Cap စွပ်ပါ။ ဈေးတွေ၊ လူများတဲ့နေရာတွေ၊ လူစုလူဝေး ဖြစ်တဲ့နေရာတွေကို သွားမယ်ဆိုရင် Cap ကို စွပ်ထားဖို့၊ ဖြစ်နိုင်ရင် တစ်နေ့တစ်ကြိမ် ခေါင်းလျှော်ဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် တတ်နိုင်သမျှ အလုံအခန်း ကျဉ်းကျဉ်းထဲမှာ လူအများကြီးနေတာဆိုရင် ဆံပင်မှာ ပိုးတွေကပ်ငြိနိုင်ပါတယ်။ ဒါကြောင့် အဲဒီမေးခွန်းကို ကျွန်တော်အခုလိုပဲ ဖြေကြားပါရစေ။

နောက်မေးခွန်းနံပါတ် ၂ ကတော့ ကျွန်တော်မှတ်မိပါတယ်။ ပြီးခဲ့တဲ့ မေးခွန်းနဲ့အဖြေကဏ္ဍမှာ ပါမောက္ခ ဆရာကြီး ဦးထင်အောင်စော ဖြေကြားပြီးသားပါ။ ခုခံအားကျဆင်းတဲ့သူ ကူးစက်ရင် ပြန်ပျောက်နိုင်ပါသလား၊ အသက်ဆုံးရှုံးမှုဖြစ်နိုင်ပါသလား ဆိုတာ ဖြစ်ပါတယ်။

ခုခံအားကျဆင်းတဲ့သူတွေမှာ ခုခံအားကျဆင်းတဲ့ရောဂါ HIV လိုဟာမျိုးဆိုရင် ဒီဟာကိုသာ ပုံမှန်ဆေးကုသမှုတွေ ခံယူနေမယ်ဆိုရင်၊ ဆေးပုံမှန်သောက်နေမယ်ဆိုရင် ကျွန်တော်တို့တွေနဲ့ အတူတူပါပဲ။ သာမန်လူတွေနဲ့ အတူတူပါပဲ။ သူ့ရဲ့ပိုးဝင်ရင်ဖြစ်မယ့် ရောဂါလက္ခဏာတွေ၊ ခံစားရမှာတွေ၊ အသက်အန္တရာယ်တွေဟာ အတူတူပါပဲ။ ဘာမှကွဲပြားခြင်း မရှိပါဘူး။ ဒါကြောင့် ခုခံအားကျဆင်းတဲ့သူ၊ ကိုယ်ခံအားကျဆင်းတဲ့ရောဂါ ခံစားနေရသူနဲ့ မခံစားရတဲ့သူဟာ မကွာပါဘူး။

ဒါပေမယ့် ကျွန်တော်တို့ရဲ့ Body Resistance သိပ်နည်းနေတဲ့သူတွေဆိုရင်တော့ ကိုယ်ခံအားကောင်းအောင် စားတာ၊ သောက်တာ၊ Vitamin C တွေကို ဒါနဲ့ပတ်သက်ပြီးတော့လည်း ပြီးခဲ့တဲ့ အင်တာဗျူးတွေမှာ၊ အမေးအဖြေတွေမှာ ဆွေးနွေးပြီးသား ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အထူးအများကြီး မဖြေကြားတော့ပါဘူး။ တကယ်တော့ HIV ကူးစက်တဲ့သူတွေဟာ ဆေးသာ ပုံမှန်သောက်နေမယ်၊ ပုံမှန်ကုသမှုခံယူနေမယ်ဆိုရင် ကျွန်တော်တို့တစ်တွေနဲ့အတူတူပဲ ဖြစ်ပါတယ်။

နောက်ဆုံးမေးခွန်းက ကိုဗစ် - ၁၉ ရောဂါဖြစ်ပြီး နောက် ထပ်ပြီးကူးစက်နိုင်ပါသလား။ ပျောက်သွားရင်လည်း နောက်ဆက်တွဲဆိုးကျိုး၊ ကောင်းကျိုးတွေ ဘယ်လိုဖြစ်နိုင်ပါသေးလဲ ဖြေပေးစေချင်ပါတယ် ဆိုတော့ ဒါနဲ့ပတ်သက်ပြီး နှစ်ပိုင်းဖြစ်ပါတယ်။ ပထမပိုင်းက ကူးစက်နိုင်ပါသလား၊ နောက်တစ်ပိုင်းက ပျောက်သွားရင် နောက်ဆက်တွဲတွေ ဖြစ်ပါတယ်။ ခုနဆရာကြီး ဦးမြင့်ဟန်လည်း နောက်ဆက်တွဲဆိုးကျိုးတွေ ဖြေကြားသွားပြီးသားဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပထမပိုင်းကို ဖြေရမယ်ဆိုရင် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားပြီး နောက်ထပ်ကူးစက်နိုင်ပါသလားဆိုတော့ တစ်ကမ္ဘာလုံးက ဒါနဲ့ပတ်သက်ပြီး လေ့လာချက်တွေနဲ့ Report လုပ်ထားတာကတော့ လေးယောက်ပဲ ရှိပါသေးတယ်။ ကျွန်တော် ဒီနေ့နံနက်ပဲ အင်တာနက်က ရှာပါတယ်။ ရှာကြည့်တော့ ကမ္ဘာပေါ်မှာ နိုင်ငံအနှံ့က ဒီလူကတော့ အရင်တုန်းက ကိုဗစ်ဖြစ်တယ်။ ဖြစ်ပြီးတော့ ပျောက်သွားတယ်။ Negative ဖြစ်သွားပြီးတော့ နောက်တစ်ခေါက်ပြန်ပြီး ကိုဗစ်ဖြစ်တယ်ဆိုတာ လေ့လာတွေ့ရှိပြီး တရားဝင် Report လုပ်ထားတာ လေးယောက်ပဲ ရှိပါသေးတယ်။

အခုလိုမျိုး သန်းနဲ့ချီပြီး ဖြစ်နေတဲ့အချိန်မှာ လေးယောက်ပဲ ဖြစ်တယ်ဆိုတော့ ရှားပါတယ်လို့ ပြောရင်လည်း ရပါတယ်။ ဖြစ်ဖို့ အခွင့်အလမ်း တော်တော်လေးကို နည်းပါတယ်။ ဒါပေမယ့် ကိုဗစ် - ၁၉ အကြောင်းကို ကျွန်တော်တို့ တိတိကျကျသိတဲ့သူ မရှိသေးဘူး။ ကျွန်တော်တို့အားလုံးဟာ ဒါကို လေ့လာနေကြတုန်း၊ ရှာဖွေနေကြတုန်း ဖြစ်တဲ့အတွက် လောလောဆယ် နိုင်ငံတကာမှာ ဖြစ်တဲ့အနေအထားကို ဖြေကြားခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပါမောက္ခဒေါက်တာမြတ်ဝဏ္ဏစိုး** ။ ။ ကျေးဇူးတင်ပါတယ် ဆရာ။

ဆရာကြီးတို့ဖြေပြီးတဲ့နောက် ကျွန်တော့်အနေနဲ့ Quarantine ဆိုင်ရာ မေးခွန်း သုံးခုနဲ့ ပိုးသတ်ဆေးဖျန်းခြင်း ဆိုင်ရာ မေးခွန်း တစ်ခုကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဆုံးမေးခွန်းအနေနဲ့ အလုပ်ကိစ္စနဲ့ ရန်ကုန်မှ နေပြည်တော်သို့ လာရောက်ရာတွင် Quarantine ရက်မည်မျှနေထိုင်ရမည်ကို သိရှိလိုပါတယ်။ တရားဝင်အမိန့်စာ ထုတ်ပြန်ထားခြင်း ရှိ / မရှိ သိလိုပါတယ်ဆိုပြီး မေးမြန်းထားပါတယ်။

ဒီမေးခွန်းက တစ်နိုင်ငံလုံးက ပြည်သူတွေလည်း စိတ်ဝင်စားမှာ ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အကျယ်တဝင့် ဖြေကြားသွားဖို့ စီစဉ်ထားပါတယ်။ နေပြည်တော်ကောင်စီအနေနဲ့ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁ ရက်ကစပြီး အမိန့်အမှတ် ၉၄ / ၂၀၂၀ နဲ့ ၉၅ / ၂၀၂၀ ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဲဒီအမိန့်တွေက ပြည်ထောင်စုနယ်မြေနေပြည်တော်သို့ လာရောက်သူများနဲ့ နေပြည်တော်မှ တိုင်းဒေသကြီး/ပြည်နယ်များသို့ သွားရောက်ပြီးနေပြည်တော်သို့ပြန်လည်ဝင်ရောက်သူများ သိရှိလိုက်နာရန် အသိပေးကြေညာချက်ဖြစ်ပါတယ်။

ထို့အတူပဲ အမိန့်အမှတ် ၉၅ / ၂၀၂၀ ကတော့ နေပြည်တော်သို့ လာရောက်မယ့် ဝန်ထမ်းများနဲ့ နေပြည်တော်သို့ ပြန်လည်ဝင်ရောက်မယ့် ဝန်ထမ်းများ သိရှိလိုက်နာစေရန် ဖြစ်ပါတယ်။ အဲဒီ အမိန့်ကြေညာစာတွေမှာ ဖော်ပြထားတဲ့ အဓိကအချက်ကတော့ နေပြည်တော်ကို ပြန်လည်ဝင်ရောက်မယ့် မည်သူမဆို Facility Quarantine ကို အတိုင်းအတာ တစ်ခုဝင်ရမယ်။ ပြီးရင် ဆေးစစ်ဆေးမှုခံယူပြီး ရောဂါကင်းရှင်းကြောင်း ရရှိမှသာ နေပြည်တော်ထဲကို ဝင်ရောက်ခွင့်ပြုမယ်လို့ ဆိုထားတာဖြစ်ပါတယ်။

အဲဒီမှာလည်း ကျွန်တော်တို့က ဘယ်လိုစိစစ်ထားသလဲဆိုတော့ လာရောက်တဲ့ဒေသ ဘယ်ဒေသက လာသလဲ။ ရောဂါဖြစ်ပွားခြင်းမရှိတဲ့ မြို့နယ်တွေက လာတယ်ဆိုရင် ကျွန်တော်တို့ဆီမှာ Facility Quarantine ဝင်တယ်။ တစ်ရက်အကြာမှာ Swab ယူပြီး စစ်ဆေးတယ်။ စစ်ဆေးပြီး သုံးရက်အကြာမှာ ရောဂါပိုးမရှိဘူးဆိုရင် နေပြည်တော်ထဲကို ဝင်ရောက်ခွင့်ပြုပါတယ်။

Stay at Home လို့ခေါ်တဲ့ ရောဂါဖြစ်ပွားမှုရှိတဲ့ မြို့နယ်တွေက လာမယ်ဆိုရင်တော့ ပြည်သူတွေအနေနဲ့ Facility Quarantine ကို ၁၄ ရက်ထားပြီး Swab နှစ်ကြိမ် စစ်ရပါမယ်။ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ နေပြည်တော်မှာရှိတဲ့ ဝန်ကြီးဌာနတွေမှာ လုပ်ငန်းဆောင်ရွက်ဖို့ ခေါ်ယူခြင်းခံရတဲ့ ဝန်ထမ်း တွေဆိုရင် ခုနစ်ရက်နဲ့ Swab နှစ်ကြိမ် စစ်ပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ပြောကြားလိုတာက **အခု တည်ဆဲအမိန့်တွေအရ နေပြည်တော်ကို ဝင်ရောက်မယ်ဆိုရင် Facility Quarantine မဖြစ်မနေ ဆောင်ရွက်ပြီး Swab စစ်ခံရမှာ ဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။**

အဲဒီမှာ ဒုတိယအချက်အနေနဲ့ Hotel Quarantine ဝင်ရောက်ဖို့ကိစ္စ ဖြစ်ပါတယ်။ နေပြည်တော်မှာ Quarantine ဝင်ရောက်ဖို့အတွက် Facility Based Quarantine အနေနဲ့ နေပြည်တော်စည်ပင်ဧည့်ရိပ်သာနဲ့ ရွာတော်စစ်ကြောရေးနဲ့တည်းခိုရေးစခန်းတွေကို ထားရှိလေ့ရှိပါတယ်။

ထို့အတူ ဟိုတယ်တွေကိုလည်း ချိတ်ဆက်ထားပြီး ဟိုတယ်မှာ နေရာရှိရင် Hotel Quarantine ပေးဝင်လေ့ရှိပါတယ်။ Hotel Quarantine ဝင်ဖို့အတွက်ကို နေပြည်တော်ကောင်စီကို တင်ပြပြီး နေပြည်တော်ကောင်စီရဲ့ ကြိုတင်ခွင့်ပြုချက်နဲ့ ဆောင်ရွက်ရတာဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။

ဒုတိယအချက်အနေနဲ့ ခရီးသွားလာတာနဲ့ဆက်စပ်ပြီး အခု ကျွန်တော့်အမျိုးသမီး မီးဖွားတာနဲ့ ဆက်စပ်လို့ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်ကနေ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ကိုသွားရင် Q ဝင်ရမှာလား။ ဆေးစစ်ချက်မယူထားရင် လမ်းမှာ တားထားတာခံရမှာလားဆိုပြီး မေးထားတာရှိပါတယ်။

အဲဒီအတွက်တော့ နွားထိုးကြီးမြို့နယ်က Stay at Home မြို့နယ် မဟုတ်တဲ့အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရ ပုသိမ်မြို့ကို တိုက်ရိုက်သွားရင် Quarantine ဝင်စရာမလိုပါဘူး။ တကယ်လို့ Stay at Home မြို့နယ်ကတစ်ဆင့် လာမယ်ဆိုရင်တော့ Quarantine ဝင်ရမှာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ဖြေကြားလိုပါတယ်။

နောက်ပြီး တတိယအချက်အနေနဲ့ ဆေးစစ်ပြီး ရောဂါပိုးမတွေ့ရှိသူကို ရပ်ကျေးမှာ Quarantine ဝင်ခိုင်းတာ ဘာကြောင့်လဲ။ ကျန်းမာရေးဌာနက ထုတ်ပြန်ထားတာ ရှိပါသလား။ သိရှိနိုင်ရန် မေးမြန်းအပ်ပါသည် ဆိုပြီး မေးထားပါတယ်။ ခုန ဆရာကြီးပါမောက္ခဒေါက်တာမြင့်ဟန် ဖြေကြားတဲ့အထဲမှာလည်း ပါပါတယ်။ ကျွန်တော်တို့သည် Facility Quarantine ပြီးရင် Home Quarantine တစ်ပတ် ဆောင်ရွက်ရပါတယ်။ ဒါသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ထားတဲ့ Guideline ဖြစ်ပါတယ်။ ဒါကြောင့် ဆေးစစ်ပြီး ပိုးမတွေ့ရှိတဲ့သူတွေလည်း လွတ်လွတ်လပ်လပ်မသွားရသေးဘဲ တစ်ပတ်ခန့် အသွားအလာကန့်သတ်ပြီး စောင့်ကြပ်ကြည့်ရှုခြင်း Quarantine ကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားလိုပါတယ်။

နောက်ဆုံးမေးခွန်းက ကြေးချွတ်ဆေးကို ရေနဲ့ရောပြီး ပိုးသတ်ဆေးအဖြစ် အသုံးပြုနေတာ တွေ့လို့ ဘယ်လိုနေရာ၊ ဘယ်လိုအခြေအနေတွေမှာ သုံးသင့် / မသုံးသင့် သိချင်ပါတယ်။ အန္တရာယ်မရှိအောင် ဘယ်လိုလုပ်ဆောင်ရလဲဆိုပြီး မေးထားပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အများပြည်သူနဲ့ သက်ဆိုင်သောနေရာများတွင် ပိုးသတ်ဆေးဆိုင်ရာ သိကောင်းစရာများဆိုတဲ့ စာစောင်လေးကို ညွှန်းလိုပါတယ်။ အဲဒါသည် MOHS Website ထဲမှာ ကြည့်လို့ရပါတယ်။ အဲဒီမှာ ဖော်ပြထားတာကတော့ အများပြည်သူအသုံးပြုတဲ့နေရာတွေ၊ ရုံးတွေ၊ ကျောင်းတွေ၊ စားသောက်ဆိုင် အဲဒီလိုနေရာမျိုးတွေမှာရှိတဲ့ ဥပမာ–တံခါးလက်ကိုင်၊ အိမ်သာ၊ လှေကားလက်ရန်း၊ ရေပိုက်ခေါင်း၊ အလုပ်စားပွဲ စတဲ့နေရာတွေရဲ့ Hard Surface တွေမှာ ရောဂါပိုးက ၄/ ၅ ရက်ခန့်နေနိုင်လို့ အဲဒီဟာတွေကို ပိုးသတ်ဆေးဖျန်းသင့်ပါတယ်လို့ ကျွန်တော်တို့ အကြံပြုထားပါတယ်။

ဘယ်လိုနေရာမျိုးတွေ မဖျန်းသင့်ဘူးလဲဆိုတော့ ဈေးတွေ၊ လမ်းမကြီးပေါ်တွေ၊ Open Space တွေမှာ မဖျန်းရပါဘူး။ လူသွားလျှောက်လမ်းတွေမှာ မဖျန်းရပါဘူး။ နောက်ပြီး သေတ္တာတွေ၊ အကန့်တွေ၊ အခန်းငယ် **အလုံပိတ်တွေထဲမှာလည်း** လူခန္ဓာကိုယ်အပေါ်ကို အငွေ့တွေ၊ ဆေးတွေဖျန်းတာ မဆောင်ရွက်ဖို့ ပြောထားပါတယ်။

အသုံးပြုဖို့ဆေးပစ္စည်းအနေနဲ့ Bleaching Powder နဲ့ ကလိုရင်းကွန်ပေါင်းတွေ၊ ဆိုဒီယမ်ဟိုက်ဒရိုက်ကလိုရိုက်၊ အဝတ်လျှော်ဆေး၊ ကြေးချွတ်ဆေးတွေကို အသုံးပြုနိုင်ကြောင်း ဖြေကြားရင်းနဲ့ ဒီနေ့ ဖြေကြားတဲ့ ကျွန်တော်ရဲ့ ဖြေကြားချက်တွေကို နိဂုံးချုပ်လိုက်ပါတယ်။ မိဘပြည်သူအားလုံး ကျန်းမာရွှင်လန်းပါစေ။ ။



တောင်ကိုရီးယားနိုင်ငံတွင် ပြည်သူများ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာလှုပ်ရှားနေကြစဉ်။

# တောင်ကိုရီးယားနိုင်ငံက ပိုမိုတင်းကျပ်သည့် လူမှုဝေးကွာစည်းကမ်းများ ချမှတ်ဆောင်ရွက်မည်

**ဆိုးလ် နိုဝင်ဘာ ၁၇**

တောင်ကိုရီးယားနိုင်ငံတွင် မကြာသေးမီက ကိုဗစ်-၁၉ အစုလိုက်ကူးစက်ခံရမှုများ ပြန်လည်တွေ့ရှိခဲ့ရပြီးနောက် နိုင်ငံအတွင်း လူမှုဝေးကွာစည်းကမ်းများကို ပိုမိုတင်းကျပ်စွာ ချမှတ်ဆောင်ရွက်မည့် အစီအစဉ်ကို အစိုးရက ကြေညာလိုက်ကြောင်း သိရသည်။

ဆိုးလ်မြို့တော်နှင့် အနီးတစ်ဝိုက်ဒေသများတွင် နိုဝင်ဘာ ၁၉ ရက်မှစတင်ကာ လူမှုဝေးကွာအစီအမံများ ချမှတ်ဆောင်ရွက်မှုကို နံပါတ် ၁ အဆင့် တိုးမြှင့်သတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။

မကြာသေးမီရက်များအတွင်း ရောဂါကူးစက်မှု ပိုမိုအရှိန်မြင့်လာသည့်အပေါ် တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ကိုဗစ်-၁၉ ဆိုင်ရာ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု အစည်းအဝေး၌ အဆိုပါဆုံးဖြတ်ချက်ကို ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံအတွင်း အထူးသဖြင့် ဆိုးလ်မြို့ဧရိယာတစ်ဝိုက်တွင် လေးရက်ဆက်တိုက် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက် ၂၀၀ ကျော်ရှိခဲ့သည်။ လူမှုဝေးကွာကန့်သတ်ချက် အဆင့်ငါးခုရှိသည့်အနက် ဒုတိယအနိမ့်ဆုံးအဆင့်တွင် အားကစားပွဲများ၌ လက်ခံနိုင်သည့်လူဦးရေပမာဏ၏ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချကန့်သတ်လိုက်ပြီး ဂီတဖျော်ဖြေပွဲနှင့် အခမ်းအနားများတွင် လူ ၁၀၀ နှင့် အထက် စုဝေးမှုကို ပိတ်ပင်ထားကြောင်း သိရသည်။

ကပ်ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရန် ပြည်သူတစ်ရပ်လုံး၏ တာဝန်သိစိတ်နှင့် ပူးပေါင်းဆောင်ရွက်မှုရှိရန် အရေးကြီးကြောင်း တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းက တိုက်တွန်းပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ဟာရီကိန်းမုန်တိုင်း အိုင်အိုတာကြောင့် နီကာရာဂွါကမ်းခြေ၌ မိုးသက်မုန်တိုင်းကျရောက်

**မာနာဂွါ နိုဝင်ဘာ ၁၇**

ဟာရီကိန်းမုန်တိုင်း အိုင်အိုတာ ဝင်ရောက်မှုကြောင့် နီကာရာဂွါရှိ ကာရစ်ဘီယံကမ်းခြေ၌ မိုးသက်မုန်တိုင်း ဖြစ်ပေါ်လျက်ရှိကြောင်း အမေရိကန် အမျိုးသား ဟာရီကိန်းစင်တာက နိုဝင်ဘာ ၁၆ ရက်နှောင်းပိုင်းတွင် ပြောကြားသည်။

အန္တရာယ်ရှိသည့် အဆင့်-၄ ဟာရီကိန်းမုန်တိုင်းဖြစ်သည့် အိုင်အိုတာသည် နိုဝင်ဘာ ၁၆ ရက်တွင် နီကာရာဂွါ အရှေ့မြောက်ပိုင်း ကမ်းခြေသို့ ဝင်ရောက်ခဲ့ပြီး လေတိုက်နှုန်း တစ်နာရီလျှင် ၁၅၅မိုင် ( ၂၄၉ ကီလိုမီတာ) နှုန်းဖြင့် တိုက်ခတ်ခဲ့ကြောင်း သိရသည်။

မုန်တိုင်းကြောင့် နီကာရာဂွါမြို့ ပွာတိုကာဘီဇက် တောင်ဘက် ၄၅ ကီလိုမီတာအကွာခန့်တွင် မိုးသက်မုန်တိုင်းကျရောက်ခဲ့ကြောင်း သိရသည်။

မုန်တိုင်းကြောင့် နိုဝင်ဘာ ၁၆ ရက် အစောပိုင်းတွင် နီကာရာဂွါ အရှေ့မြောက်ပိုင်းကမ်းခြေရှိ ဒေသခံပြည်သူထောင်ပေါင်းများစွာမှာ ကယ်ဆယ်ရွှေ့ပြောင်းပေးရန် စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အလုပ်အကိုင်ဖန်တီးပေးမည့် စီးပွားရေးအစီအစဉ်များ ဂျိုးဘိုင်ဒင် ချပြ

**ဝါရှင်တန် နိုဝင်ဘာ ၁၇**

ကိုဗစ်- ၁၉ ကြောင့် ထိခိုက်ခဲ့သည့် အမေရိကန်၏ စီးပွားရေးကို ပြန်လည်ထူထောင်မည့် အစီအစဉ်များအား အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသည့် မစ္စတာဂျိုးဘိုင်ဒင်က ချပြခဲ့ကြောင်း သိရသည်။

ဒီလာဝဲပြည်နယ်၌ နိုဝင်ဘာ ၁၆ ရက်က ဂျင်နရယ်မော်တော်နှင့် မိုက်ခရိုဆော့ဖ် ကုမ္ပဏီအပါအဝင် အခြား အမေရိကန်ကုမ္ပဏီကြီးများမှ ထိပ်တန်းအမှုဆောင်အရာရှိများနှင့် ဗီဒီယိုကွန်ဖရင့် အစည်းအဝေးပြုလုပ်ခဲ့မှုအတွင်း မစ္စတာ ဂျိုးဘိုင်ဒင်က ၎င်း၏စီးပွားရေးအစီအစဉ်များနှင့်ပတ်သက်၍ သတင်းထောက်များသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အချိန်နှင့် လုပ်ခလစာ ဆုံးရှုံးခဲ့ရသည့် သန်းနှင့်ချီသော အမေရိကန်ပြည်သူများအတွက် သက်သာချောင်ချိရေး အစီအစဉ်များ ချက်ချင်း စီစဉ်ပေးရန်နှင့် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

၎င်း၏ စီးပွားရေးအစီအစဉ်၌ ပြည်တွင်းထုတ် မော်တော်ယာဉ်များနှင့် အခြားထုတ်ကုန်များ ဝယ်ယူသူများကို မက်လုံးပေးဆွဲဆောင်မည့် အစီအစဉ်တစ်ရပ်နှင့် စက်ရုံသစ်များနှင့် နည်းပညာရပ်များတွင် ဒေါ်လာ ၃၀၀ ဘီလီယံ ရင်းနှီးမြှုပ်နှံမည့် အစီအစဉ်ပါဝင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# တိုကျိုအိုလံပစ်အားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် ဂျပန်ဝန်ကြီးချုပ်နှင့် အိုင်အိုစီအကြီးအကဲ သဘောတူ

**တိုကျို နိုဝင်ဘာ ၁၇**

လာမည့်နှစ်တွင် ကျင်းပနိုင်ရန် မျှော်မှန်းထားသည့် တိုကျိုအိုလံပစ်အားကစားပွဲ ဖြစ်မြောက်အောင်မြင်စေရေးအတွက် အတူပူးပေါင်းဆောင်ရွက်ကြရန် ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟီဒဲနှင့် နိုင်ငံတကာအိုလံပစ်ကော်မတီအကြီးအကဲ သောမတ်စ်ဘတ်ချ်တို့ သဘောတူခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၆ ရက်က တိုကျိုမြို့ရှိ ဂျပန်ဝန်ကြီးချုပ်ရုံး၌ ဂျပန်ဝန်ကြီးချုပ်နှင့် အိုင်အိုစီအကြီးအကဲတို့ နာရီဝက်ခန့်ကြာအောင် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုအတွင်း ဝန်ကြီးချုပ်ဆူဂါက ကိုဗစ်-၁၉ ကပ်ရောဂါကို ပြည်သူများ ကျော်လွှားနိုင်ကြောင်း သက်သေပြသည့်အနေဖြင့် လာမည့်နှစ် နွေရာသီတွင် အိုလံပစ်အားကစားပြိုင်ပွဲများကျင်းပနိုင်စေရေး ကြိုးပမ်းရန် ဆုံးဖြတ်ထားကြောင်း ပြောကြားခဲ့သည်။ ၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့သည့် ငလျင်နှင့် ဆူနာမီ သဘာဝဘေးဒဏ်ကို ဂျပန်ပြည်သူများ မည်ကဲ့သို့ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ရသည်ကို အဆိုပါ အားကစားပြိုင်ပွဲများက ကမ္ဘာသိအောင် ပြသလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ဂျပန်အစိုးရအနေဖြင့် အားကစားပွဲများသည် ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားနိုင်ခဲ့ကြောင်းနှင့် အကြမ်းဖက်မှုများမှ ဘေးကင်းလုံခြုံသည်ဆိုသော ခံစားချက်ဖြစ်ပေါ်လာစေရန် နိုင်ငံတကာ အိုလံပစ်ကော်မတီနှင့် အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟီဒဲက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**



အိုလံပစ်အားကစားပွဲဖြစ်မြောက်ရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီလိုက်သည့် အိုင်အိုစီဥက္ကဋ္ဌ သောမတ်စ်ဘတ်ချ်နှင့် ဂျပန်ဝန်ကြီးချုပ် မစ္စတာဆူဂါယိုရှီဟီဒဲ။

## နိုင်ဂျီးရီးယား အနောက်မြောက်ပိုင်းတွင် သေနတ်သမားတစ်စုက ကျေးရွာနေပြည်သူ ၁၁ ဦးကိုသတ်ဖြတ်

**အဘူဂျာ နိုဝင်ဘာ ၁၇**

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း ကာဒူနာပြည်နယ်တွင် နိုဝင်ဘာ ၁၆ ရက်က သေနတ်သမားတစ်စု၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ကျေးရွာနေပြည်သူ ၁၁ ဦးထက်မနည်း သေဆုံးခဲ့ပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

တောပုန်းဓားပြများ ဖြစ်ဟန်ရှိသည့် သေနတ်သမားများသည် ကျေးရွာအတွင်းသို့ စီးနင်းဝင်ရောက်လာခဲ့ပြီး ကာဒူနာပြည်နယ် အီဂါဘီ ဒေသအုပ်ချုပ်ရေး နယ်မြေအတွင်းရှိ အယ်လ်ဘာဆူကျေးရွာနေ ဒေသခံပြည်သူများကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း ကာဒူနာပြည်နယ် ပြည်ထဲရေးနှင့် ပြည်တွင်းလုံခြုံရေးဝန်ကြီးဌာန ကော်မရှင်နာ ဆာမူရယ်လ် အရူဝမ်က ပြောကြားခဲ့သည်။ သေနတ်သမားများသည် ကျေးရွာဒေသခံများ ပိုင်ဆိုင်သည့် ကျွဲ၊ နွား တိရစ္ဆာန်များကိုလည်း အတင်းအကျပ်ယူဆောင်သွားကြောင်း ဆာမူရယ်လ် အရူဝမ်က ပြောသည်။

အခင်းဖြစ်ပွားရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ချက်ချင်းရောက်ရှိလာခဲ့ပြီး သေနတ်သမားများကို ဖမ်းဆီးနိုင်ရေးအတွက် အနီးအနား တောအုပ်ထဲတွင် ရှာဖွေလျက်ရှိကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် ပြန်ပေးဆွဲသတ်ဖြတ်မှုများနှင့် အခြားရာဇဝတ်မှုများ ဖြစ်ပွားနေသည်မှာ နှစ်များစွာကြာပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ရုရှားနိုင်ငံ၌ ကိုဗစ်- ၁၉ ကြောင့် နေ့စဉ်သေဆုံးသူစာရင်း စံချိန်တင်တိုးလာ

မော်စကို နိုဝင်ဘာ ၁၇

**ရုရှားနိုင်ငံ၌ နိုဝင်ဘာ ၁၇ ရက်က ကိုဗစ်- ၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူ ၄၄၂ ဦးအထိ စံချိန်တင်တိုးလာသည့်အတွက် ဒေသတွင်းရင်ခွဲရုံများတွင် ဝန်ပိလျှက်ရှိပြီး ဆေးပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်ဟု သိရသည်။**

ဥရောပနိုင်ငံများတွင် ကိုဗစ်- ၁၉ ဒုတိယလှိုင်းကို ရင်ဆိုင်နိုင်ရေးအတွက် အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို ပြန်လည်ချမှတ်ခဲ့သော်လည်း ရုရှားနိုင်ငံကမူ တစ်နိုင်ငံလုံးအနှံ့ အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ပြုလုပ်ရန် ငြင်းဆန်နေဆဲဖြစ်သည်။

နိုဝင်ဘာ ၁၇ ရက် တစ်ရက်တည်းတွင်ပင် ကိုဗစ်- ၁၉ ကူးစက်လူနာ ၂၂၄၁၀ တွေ့ရှိခဲ့ပြီးနောက် ကမ္ဘာပေါ်တွင် ကိုဗစ်- ၁၉ ကူးစက်မှု ပဉ္စမမြောက် အများဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။


ရုရှားတွင် ကိုဗစ်- ၁၉ နှင့် ဆက်စပ်ပြီးသေဆုံးသူ ၃၃၃၉၀ ဦးရှိပြီဟု သိရသည်။ သို့သော်လည်း ရုရှားနိုင်ငံသည် အခြားကူးစက်နှုန်းမြင့်သည့် နိုင်ငံများနှင့်ယှဉ်လျှင် သေဆုံးသူ နိမ့်နေဆဲဖြစ်သည်။

နိုင်ငံအတွင်းရှိ ဒေသအများစုတွင် ဆရာဝန်နှင့် လူနာများမှာ အရေးပေါ်ကုသမှုအတွက် ဖိအားများရှိနေပြီး ဆေးဝါးလိုအပ်ချက်နှင့် ရင်ခွဲရုံများတွင် အလောင်းများ ပြည့်နှက်မှုများဖြင့် ရင်ဆိုင်နေရသည်။

နိုဝင်ဘာ ၁၆ ရက်က ဘုရာတီရာဒေသတွင် ကူးစက်မှုမြင့်နေသည့်အတွက် စားသောက်ဆိုင်များ၊ ဈေးဆိုင်များ၊ ဈေးဝယ်စင်တာများနှင့် အခြားသော အရေးမကြီးသည့် လုပ်ငန်းများကို နှစ်ပတ်ကြာပိတ်ထားရန် အမိန့်ထုတ်ခဲ့ရသည်။

တိုင်းပြည်အတွင်းရှိ ကိုဗစ်- ၁၉ လူနာများအတွက် ချမှတ်ပေးထားသော ဆေးရုံခုတင် အရေအတွက်၏ ၈၄ ရာခိုင်နှုန်းမှာ လူနာများနှင့်ပြည့်နေပြီဟု ကျန်းမာရေးဝန်ကြီး မီခေးလ် မူရှက်ကိုက ပြောသည်။

**အေအက်ဖ်ပီ**



အထူးကြပ်မတ်ကုသဆောင်အတွင်း ကုသမှုခံယူနေကြသူများကို တွေ့ရစဉ်။

## ကိုဗစ်-၁၉ ခြိမ်းခြောက်မှုကြောင့် ရွှေ့ပြောင်းနေထိုင်သူ ၂၀၀၀ ကို ပါရီမြို့စခန်းမှ ဖယ်ရှား

**ပါရီ နိုဝင်ဘာ ၁၇**

ပြင်သစ်နိုင်ငံ ပါရီမြို့ မြောက်ပိုင်းရှိ လမ်းပေါ်တွင် စခန်းဖွင့်ထားသည့် ရွှေ့ပြောင်းနေထိုင်သူများကို နိုဝင်ဘာ ၁၇ ရက်တွင် ပြင်သစ်ရဲများက ရှင်းလင်းခဲ့သည်ဟု သိရသည်။

ရွှေ့ပြောင်းနေထိုင်သူ အများစုမှာ အာဖဂန်နစ္စတန်၊ အာဖရိကန် အများစုဖြစ်ပြီး ၎င်းတို့မှာ တဲများဖွဲ့ကာ စခန်းချနေထိုင်နေကြခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးအနှံ့ ကိုဗစ်- ၁၉ ခြိမ်းခြောက်မှုကြောင့် အသွားအလာပိတ်ဆို့ကန့်သတ်မှု ပြုလုပ်ထားစဉ် ရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြသည်။

အဆိုပါစခန်းတွင် နေထိုင်ကြသူများကို ကိုဗစ်- ၁၉ စစ်ဆေးရေး စင်တာများသို့ပို့ဆောင်ပေးခဲ့ကြသည်။



ရွှေ့ပြောင်းနေထိုင်သူများအား နေရာရွှေ့ပေးနေသည်ကို တွေ့ရစဉ်။

ကိုဗစ်- ၁၉ ကူးစက်ခံရသူများကို သီးခြားခွဲထားမည်ဖြစ်ပြီး ရောဂါကူးစက်မခံရပါက ပြင်သစ်နိုင်ငံတစ်ဝန်းရှိ ခိုလှုံရာနေရာများ၊ အားကစားခန်းမများတွင် နေရာချသွားမည် ဖြစ်သည်။

ပါရီမြို့တွင် ရွှေ့ပြောင်းနေထိုင်သူများ မကြာခဏဆိုသလို တဲများထိုးကာ နေထိုင်ကြလေ့ရှိသည်။

လွန်ခဲ့သည့် နှစ်ကလည်း ရွှေ့ပြောင်းနေထိုင်သူများသည် ရဲများ၏ ဖယ်ရှားရှင်းလင်းရေးမှ လွတ်မြောက်ရန် ဆင်ခြေဖုံးရပ်သို့ တိတ်တဆိတ် ထွက်ခွာသွားကြသည်။

မတ်လနှင့် ဧပြီလအတွင်း ကိုဗစ်-၁၉ ပထမအကျော့ကာလကလည်း တဲထိုးနေထိုင်သည့် ရွှေ့ပြောင်းနေထိုင်သူ ၇၀၀ ကို ရှင်းလင်းခဲ့သည်။

အဆိုပါ ရွှေ့ပြောင်းနေထိုင်သူ အများစုမှာ အမျိုးသားများဖြစ်ပြီး ဥရောပတစ်ခွင် လှည့်လည်နေသူများဖြစ်ကာ တခြားနေရာသို့ မရွှေ့ပြောင်းမီ ပါရီမြို့လမ်းများတွင် တဲထိုးကာ နေထိုင်ကြလေ့ရှိသည်။

**အေအက်ဖ်ပီ**

## ပြင်သစ်တွင် ဇန်နဝါရီလမှစတင်ကာ ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးခြင်း စတင်ရန် ရည်ရွယ်ထား

**ပါရီ နိုဝင်ဘာ ၁၇**

ပြင်သစ်နိုင်ငံတွင် ဇန်နဝါရီလမှ စတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနိုင်ရန် ပြင်ဆင်လျက်ရှိသည်ဟု သိရသည်။

### စိုးရိမ်လျက်ရှိ

ပြင်သစ်ပြည်သူ သန်းပေါင်းများစွာတို့သည် ကာကွယ်ဆေးထိုးခြင်းအား ငြင်းဆန်ကြမည်ကို အစိုးရက စိုးရိမ်လျက်ရှိသည်။

နိုဝင်ဘာ ၁၆ ရက်က ကိုဗစ်- ၁၉ ကာကွယ်ဆေးမှာ ၉၅ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်သည်ဟု တွေ့ရှိရပြီးနောက် ယခုလို ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

မိုဒါနာဆေးဝါးကုမ္ပဏီက ၎င်းတို့၏ ကာကွယ်ဆေးမှာ လက်တွေ့စမ်းသပ်မှုအရ ၉၄ ဒသမ ၅ ရာခိုင်နှုန်း အကျိုးသက်ရောက်မှု ရှိသည်ဟု နိုဝင်ဘာ ၁၆ ရက်တွင် ကြေညာခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ပြောကြားချက်အရ ကာကွယ်ဆေး စမ်းသပ်ထုတ်လုပ်နေမှုပေါင်း ၄၂ ခုရှိကြောင်း သိရသည်။

### ပြင်ဆင်လျက်ရှိ

ဥရောပနှင့် အမျိုးသားကျန်းမာရေး အာဏာပိုင်အဖွဲ့၏ အတည်ပြုထောက်ခံချက်ရရှိပါက ကာကွယ်ဆေး ချက်ချင်းထိုးပေးနိုင်ရန် ပြင်ဆင်လျက်ရှိသည်ဟု အစိုးရပြောရေးဆိုခွင့်ရှိသူ ဂါဘရီရယ်အက်တယ်က France2 ရုပ်သံသို့ ပြောကြားသည်။

### အသုံးစရိတ်ထုတ်ထား

ပြင်သစ်နိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် ကာကွယ်ဆေးဝယ်ယူရန် ယူရို ၁ ဒသမ ၅ ဘီလီယံ အသုံးစရိတ် ထုတ်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**




## ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲရေး ထိုင်းပါလီမန်တွင် နှီးနှောတိုက်ဆွေးနွေး

**ဘန်ကောက် နိုဝင်ဘာ ၁၇**

ထိုင်းနိုင်ငံတွင် ဒီမိုကရေစီလိုလားသည့် ဆန္ဒပြကျောင်းသားများ၏ တောင်းဆိုချက်များအပါအဝင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုပြုချက်များကို ထိုင်းနိုင်ငံမှ ဥပဒေပြုအမတ်များ စတင်၍ နှီးနှောတိုက်ဆွေးနွေးနေကြပြီဟု သိရသည်။

နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ပြုလုပ်မည့် နှစ်ရက်ကြာ အစည်းအဝေးတွင် အချက်ခုနစ်ချက်ပါဝင်သည့် ပြင်ဆင်မှုကို စတင်ဆွေးနွေးသွားမည် ဖြစ်သည်။ အာဏာရပါတီနှင့် အတိုက်အခံပါတီများက အဆို ခြောက်ခု အကြမ်းပြင်ဆင်ထားပြီး ကျွမ်းကျင်သူများပါဝင်သည့် အရပ်ဘက်အုပ်စုက အဆိုတစ်ခု ပြင်ဆင်ထားသည်။

အရပ်ဘက်အုပ်စုမှ အဆိုတင်သွင်းမည့် တစ်ချက်မှာ နိုင်ငံရေးတွင် ထိုင်းတပ်ဖွဲ့၏ အခိုင်အမာလွှမ်းမိုးမှုကို ရုပ်သိမ်းရန်နှင့် ဘုရင်စနစ်တွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်တို့ ပါဝင်သည်။

ယင်းအဆိုတင်သွင်းမှုကို ပါလီမန်တွင် ပြုလုပ်နိုင်ရန် စက်တင်ဘာလအတွင်း လူပေါင်း ၁၀၀၀၀၀ က လက်မှတ်ရေးထိုးတင်သွင်းခဲ့သည်ဟု သိရသည်။

နိုဝင်ဘာ ၁၇ ရက် ပါလီမန်ဆွေးနွေးမှုမစတင်မီ ဘုရင်စနစ်ကို ထောက်ခံသူများက ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် မဖြစ်နိုင်ဟု စာရေးသားတင်သွင်းခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲရန် တောင်းဆိုမှုသည် ထိုင်းနိုင်ငံ၏ စည်းမျဉ်းခံဘုရင်စနစ် အခြေခံအုတ်မြစ်ကို ပြောင်းလဲရန် ကြိုးစားခြင်းပင်ဖြစ်သည်ဟု ဘုရင်စနစ်ကို ထောက်ခံသူခေါင်းဆောင်က ပြောသည်။

ယင်းလုပ်ရပ်မှာ အန္တရာယ်များပြီး တိုင်းပြည်ပြိုလဲသွားရန် ကြိုးပမ်းမှုပင်ဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်လူနာ မရှိသည်မှာ ၂၆ ရက် ဆက်တိုက်ရှိလာပြီဖြစ်

**ဘန်ဒါဆီရီဘီဂါဝန် နိုဝင်ဘာ ၁၇**

ဘရူနိုင်းနိုင်ငံတွင် နိုဝင်ဘာ ၁၇ ရက်က ကိုဗစ်- ၁၉ ကူးစက်လူနာ မတွေ့ရှိရသည့်အတွက် စုစုပေါင်းကူးစက်လူနာအရေအတွက်မှာ ၁၄၈ ဦးတွင် ရပ်တန့်နေသည်။

အောက်တိုဘာ ၂၂ ရက်မှစတင်ကာ ကူးစက်လူနာ မတွေ့ရှိရသဖြင့် ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်- ၁၉ လူနာမတွေ့ရသည်မှာ ၂၆ ရက် ဆက်တိုက်ရှိလာပြီဖြစ်သည်။

အမျိုးသား သီးခြားစောင့်ကြည့်ရေးစင်တာတွင်လည်း ကူးစက်လူနာ မတွေ့ရှိရကြောင်း ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ဘရူနိုင်းတွင် ကိုဗစ်- ၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ ၁၄၅ ဦးရှိသည်။

လက်ရှိတွင် သီးခြားခွဲထားကာ ကျန်းမာရေးစောင့်ကြည့်နေသူ ၄၈၉ ဦးရှိပြီး ၎င်းတို့အားလုံးမှာ ပြည်ပနိုင်ငံများမှ ပြန်လာကြသူများဖြစ်သည်။ ယခုအချိန်ထိ ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ သုံးဦးသာရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# ပြည်ပရောက် အမေရိကန်တပ်ဖွဲ့ဝင်တွေ အမိမြေပြန်ချိန်တန်ပြီလား

• • • • • • ကလျာမိုးမြင့် • • • • • •

**အာဖဂန်နဲ့ အီရတ်နိုင်ငံတွေမှာချထားတဲ့ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ကို ထပ်မံလျှော့ချသွားဖို့ သမ္မတဒေါ်နယ်ထရမ့်က အမိန့်ထုတ်လိမ့်မယ်လို့ အမေရိကန်စစ်တပ်က မျှော်လင့်ထားကြောင်း ကာကွယ်ရေးဆိုင်ရာ အာဏာပိုင်တွေရဲ့ပြောကြားချက်ကို အမေရိကန်မီဒီယာက ကိုးကားဖော်ပြခဲ့ပါတယ်။**

## လျှော့ချမယ်

လာမယ့်နှစ် ဇန်နဝါရီလလယ်လောက်ကျရင် အာဖဂန်မှာ ချထားတဲ့တပ်ဖွဲ့ဝင် အရေအတွက်ကို ၅၀၀၀ ကနေ ၂၅၀၀ အထိ လျှော့ချသွားမှာဖြစ်တယ်လို့ အာဏာပိုင်တွေက ပြောကြားခဲ့ပါတယ်။ အီရတ်မှာရှိတဲ့ တပ်ဖွဲ့ဝင်အရေအတွက်ကိုတော့ ၃၀၀၀ ကနေ ၂၅၀၀ အထိလျှော့ချသွားမှာဖြစ်တယ်လို့ သိရပါတယ်။ သမ္မတထရမ့်ကိုယ်တိုင်ကလည်း ခရစ္စမတ်ကာလရောက်ရင် ၎င်းရဲ့တပ်ဖွဲ့ဝင်တွေအားလုံးကို နေရပ်ကို ပြန်လာစေချင်တယ်လို့ ယခင်က ပြောခဲ့ဖူးတာရှိပါတယ်။

လက်ရှိမှာတော့ သမ္မတ ထရမ့်ဟာ နိုဝင်ဘာ ၃ ရက်နေ့ ရွေးကောက်ပွဲမှာ ၎င်းရဲ့အရေးနိမ့်မှုကို လက်မခံတဲ့သူအဖြစ် သတင်းတွေထွက်နေပါတယ်။ အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံလိုက်ရတဲ့ မစ္စတာ ဂျိုးဘိုင်ဒင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲ မပြုလုပ်ခင် ရက်အနည်းငယ်အလိုမှာ အာဖဂန်နဲ့ အီရတ်မှာချထားတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေ ဆုတ်ခွာမှုကို အပြီးလုပ်ဆောင်မယ်လို့ အမေရိကန်သတင်းမီဒီယာတွေမှာ ဖော်ပြထားပါတယ်။

## စစ်သွေးကြွတွေအကြိုက် ဖြစ်လာနိုင်

ဒါပေမယ့် တပ်ဖွဲ့ဝင်တွေကို အမိမြေပြန်ခေါ်မယ့် ထရမ့်ရဲ့အစီအစဉ်ကို ရီပတ်ဘလစ်ကန်အဖွဲ့သားတွေက ပြင်းပြင်းထန်ထန် ဝေဖန်နေကြပါတယ်။ ဆီးနိတ်လွှတ်တော်ခေါင်းဆောင် မစ်ချ် မက်ကော်နယ်လ်ကတော့ တပ်ဖွဲ့ဝင်တွေကို ရုပ်သိမ်းမယ်ဆိုတဲ့အကြံဟာ စစ်သွေးကြွတွေအတွက်တော့ အကြိုက်ပဲလို့ သတိပေးခဲ့ပါတယ်။

နိုဝင်ဘာ ၁၇ ရက်က အထက်လွှတ်တော်အစည်းအဝေးမှာ ကင်တပ်ကီ ဆီးနိတ်လွှတ်တော်အမတ်က ကျွန်ုပ်တို့အနေနဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ ရန်ကနေ အမေရိကန်ရဲ့ အကျိုးစီးပွားနဲ့ နိုင်ငံ့လုံခြုံရေးကို ကာကွယ်ရတဲ့ အရေးကြီးအခန်းကဏ္ဍမှာ တပ်ဖွဲ့ဝင်တွေရဲ့ပါဝင်မှုကို တဖြည်းဖြည်း ကန့်သတ်လာသလို ဖြစ်နေတဲ့အပြင် ကမ္ဘာ့အင်အားအကောင်းဆုံး တပ်ဖွဲ့တစ်ခုကို အလွယ်တကူ ရုပ်သိမ်းပြီး နေရပ်ပြန်ခိုင်းတာဟာ အကြမ်းဖက်အုပ်စုတွေကို အခွင့်အရေးပေးရာ ရောက်သွားနိုင်တယ်လို့ ၎င်းက ပြောကြားခဲ့ပါတယ်။

## မဲဆွယ်စည်းရုံးရေးလက်နက်ဖြစ်ခဲ့

သမ္မတ ဒေါ်နယ်ထရမ့်ဟာ အမေရိကန်တပ်ဖွဲ့ဝင်တွေကို အမိမြေဆီပြန်ခေါ်ဖို့ တိုက်တွန်းနေတာကြာခဲ့ပြီဖြစ်ပြီး တပ်ဖွဲ့ဝင်တွေကို ပြည်ပမှာ ချထားရတဲ့ ကုန်ကျစရိတ်ဟာ ကြီးမားပြီး အကျိုးမရှိဘူးဆိုကာ အမေရိကန်ရဲ့ စစ်ရေးအရ ကြားဝင်စွက်ဖက်မှုကို ပြင်းပြင်းထန်ထန် ဝေဖန်နေသူဖြစ်ပါတယ်။



အာဖဂန်၌ ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင်အချို့ကို တွေ့ရစဉ်။

**❑ သမ္မတ ဒေါ်နယ်ထရမ့်ဟာ အမေရိကန်တပ်ဖွဲ့ဝင်တွေကို အမိမြေဆီပြန်ခေါ်ဖို့ တိုက်တွန်းနေတာကြာခဲ့ပြီဖြစ်ပြီး တပ်ဖွဲ့ဝင်တွေကို ပြည်ပမှာ ချထားရတဲ့ ကုန်ကျစရိတ်ဟာ ကြီးမားပြီး အကျိုးမရှိဘူးဆိုကာ အမေရိကန်ရဲ့ စစ်ရေးအရကြားဝင်စွက်ဖက်မှုကို ပြင်းပြင်းထန်ထန် ဝေဖန်နေသူဖြစ်**

**❑ ဒါ့အပြင် ပြည်ပရောက်နေတဲ့ တပ်ဖွဲ့ဝင်တွေကို အမိမြေဆီပြန်ခေါ်မယ် ဆိုတဲ့ ကတိကဝတ်ဟာ သမ္မတ ထရမ့် ယခင်ရွေးကောက်ပွဲမှာ အနိုင်ရဖို့ အသုံးပြုခဲ့တဲ့ မဲဆွယ်စည်းရုံးရေးလက်နက်တစ်ခုလည်းဖြစ်ခဲ့**

ဒါ့အပြင် ပြည်ပရောက်နေတဲ့ တပ်ဖွဲ့ဝင်တွေကို အမိမြေဆီပြန်ခေါ်မယ်ဆိုတဲ့ ကတိကဝတ်ဟာ သမ္မတ ထရမ့် ယခင်ရွေးကောက်ပွဲမှာ အနိုင်ရဖို့အသုံးပြုခဲ့တဲ့ မဲဆွယ်စည်းရုံးရေးလက်နက်တစ်ခုလည်း ဖြစ်ခဲ့ပါတယ်။

တပ်ဖွဲ့ဝင်တွေဆုတ်ခွာမယ့် အစီအစဉ်နဲ့ပတ်သက်ပြီး ထရမ့်က စစ်တပ်အကြီးအကဲတွေကို ပြီးခဲ့တဲ့ ရက်သတ္တပတ်အကုန်မှာ ပြောကြားခဲ့တာဖြစ်ကြောင်း စစ်တပ်အရာရှိတွေရဲ့ ပြောကြားချက်ကို အေပီသတင်းဌာနက ကိုးကားဖော်ပြခဲ့ပါတယ်။

ဒီအတွက် အမိန့်ထုတ်ပြန်ချက် တစ်ရပ်ကို ရေးဆွဲထားပြီဖြစ်ပေမယ့် စစ်တပ်အကြီးအကဲတွေဆီ မပို့ရသေးဘူးလို့ သိရပါတယ်။

## စစ်ရေးအကူအညီ ဆက်လက်ပေးအပ်မယ်

ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းမှာ ပင်တဂွန်စစ်ဌာနချုပ်အကြီးအကဲက ရက်သတ္တပတ်အနည်းငယ်အတွင်း အီရတ်မှာချထားတဲ့ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ကို ၅၂၀၀ ကနေ ၃၀၀၀ လောက်အထိ လျှော့ချသွားမယ်ဆိုတဲ့အကြောင်း ကြေညာခဲ့ပါတယ်။

အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အမေရိကန်စစ်တပ်ထိပ်တန်းအကြီးအကဲ ဗိုလ်ချုပ်ကြီး ကင်နက် မက်ကင်ဇီက အရှေ့အလယ်ပိုင်းမှာ ကျန်ရှိနေသေးတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေအနေနဲ့ အိုင်အက်စ် အစွန်းရောက် စစ်သွေးကြွအုပ်စု နောက်ဆုံးလက်ကျန် အစွယ်အပွားတွေကို အမြစ်ဖြတ် သုတ်သင်ရှင်းလင်းဖို့ရာအတွက် အီရတ်လုံခြုံရေးတပ်ဖွဲ့တွေကို စစ်ရေးဆိုင်ရာ အကြံပေးမှုတွေနဲ့ အကူအညီပေးမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

## တာလီဘန်တွေကို တိုက်ထုတ်ခဲ့

အမေရိကန်ဦးဆောင်တဲ့ တပ်ဖွဲ့တွေဟာ ၂၀၀၃ ခုနှစ်မှာ သမ္မတ ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချဖို့ အီရတ်နိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်လာခဲ့ကြပါတယ်။ ၂၀၀၁ ခုနှစ်ကတည်းကစပြီး အာဖဂန်နစ္စတန်နိုင်ငံမှာ အမေရိကန်တပ်ဖွဲ့ဝင်တွေ ရှိနေခဲ့ကြတာပါ။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်မှာ အယ်လ်ကိုင်ဒါ စစ်သွေးကြွအဖွဲ့က အမေရိကန်ပြည်ထောင်စုမှာ တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ပြီးနောက် ရက်သတ္တပတ်အနည်းငယ်အကြာမှာ အမေရိကန်ဦးဆောင်တဲ့ မဟာမိတ်အဖွဲ့က တာလီဘန်တွေကို တိုက်ထုတ်ခဲ့ပြီး အာဖဂန်မှာ အခြေစိုက်ခဲ့ကြပါတယ်။

၂၀၁၈ ခုနှစ်မှာတော့ တာလီဘန်တွေ အုပ်စုပြန်ဖွဲ့ပြီး ပြန်လည်ခေါင်းထောင်လာခဲ့သလို နိုင်ငံအနှံ့ ပုန်ကန်ထကြွမှုတွေနဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကို လုပ်ဆောင်လာခဲ့ပါတယ်။

## ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ ပျက်ပြားနိုင်

ယခုနှစ်အစောပိုင်းမှာ တာလီဘန်တွေနဲ့ငြိမ်းချမ်းရေးသဘောတူညီမှု အစိတ်အပိုင်းတစ်ခုအနေနဲ့ အမေရိကန်က အာဖဂန်မှာချထားတဲ့ တပ်ဖွဲ့ဝင်တွေကို စတင်ရုပ်သိမ်းခဲ့ပါတယ်။ ဖေဖော်ဝါရီ ၂၉ ရက်မှာ အမေရိကန်နဲ့ တာလီဘန်စစ်သွေးကြွအဖွဲ့အကြား လက်မှတ်ရေးထိုးထားတဲ့ သမိုင်းဝင်သဘောတူညီမှုအရ တပ်ဖွဲ့ဝင်တွေကို ရုပ်သိမ်းခဲ့ခြင်းဖြစ်ပါတယ်။

သို့သော်လည်း ဗိုလ်ချုပ်ကြီး မက်ကင်ဇီအပါအဝင် စစ်တပ်အကြီးအကဲတွေက အာဖဂန်မှာချထားတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို အလောသုံးဆယ် ရုပ်သိမ်းလိုက်မယ်ဆိုရင် တာလီဘန်အဖွဲ့နဲ့ အာဖဂန်အစိုးရအာဏာပိုင်တွေအကြား ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ ပျက်ပြားသွားနိုင်တယ်လို့ သတိပေးထားပါတယ်။ ။

**ကိုးကား – အေပီ၊ဘီဘီစီ**

---

**နိုင်ငံတကာသတင်းတိုထွာ**

## အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၃၈၀၇ ဦးရှိ

ဂျကာတာ နိုဝင်ဘာ ၁၇

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူ ၃၈၀၇ ဦး ထပ်တိုးခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူအရေအတွက်စုစုပေါင်း ၄၇၄၄၅၅ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်သည်။

နိုင်ငံအတွင်း ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၉၇ ဦး ထပ်မံပေါ်ထွက်ခဲ့ရာ တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက် စုစုပေါင်း ၁၅၃၉၃ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ရောဂါပျောက်ကင်းသွားသည့် လူနာ ၃၁၉၃ ဦးရှိရာ တစ်နိုင်ငံလုံး ရောဂါပျောက်ကင်းသွားသူ အရေအတွက် စုစုပေါင်း ၃၉၈၆၃၆ ဦးအထိ ရှိပြီဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်ပေါင်း ၃၄ ခုတွင် ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့လျက်ရှိပြီး မြို့တော်ဂျကာတာတစ်ခုတည်း၌ ရောဂါထပ်မံကူးစက်ခံရသူ ၁၀၃၇ ဦးအထိ ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

**ဆင်ဟွာ**

## ကိုဗစ်– ၁၉ ကြောင့် အရှေ့တောင်အာရှနိုင်ငံများ စီးပွားရေးထိခိုက်မှုဖြစ်ပေါ်

ဂျကာတာ နိုဝင်ဘာ ၁၇

ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် အရှေ့တောင်အာရှဒေသနိုင်ငံများ၏ စီးပွားရေးကို အကြီးအကျယ်ထိခိုက်မှုဖြစ်ပေါ်ခဲ့ပြီး ယခုနှစ်၏ နောက်ဆုံးနှစ်ဝက်တွင် ပြည်တွင်းထုတ်လုပ်မှုများ ကျဆင်းခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ အင်ဒိုနီးရှားနိုင်ငံ၏ ဂျီဒီပီ ၃ ဒသမ ၄ ရာခိုင်နှုန်း လျော့ကျခဲ့သည်။

ဒေသအတွင်း၌ စီးပွားရေးအင်အားအကြီးဆုံးဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် ရောဂါကူးစက်မှု အရှိန်မြင့်လာသည့်အတွက် အစိုးရက ကန့်သတ်ပိတ်ဆို့မှုများ ချမှတ်ဆောင်ရွက်ခဲ့ရသည့်အတွက် စားသုံးမှုပမာဏကျဆင်းခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ ဂျီဒီပီမှာ ၁၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး စင်ကာပူနိုင်ငံမှာ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကာ ထိုင်းနိုင်ငံ၏ ဂျီဒီပီကျဆင်းမှုမှာ ၆ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံးရှိ ခရီးသွားလုပ်ငန်းများကို ထိခိုက်စေခဲ့ရာ ခရီးသွားလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေသည့် စင်ကာပူနှင့် ထိုင်းနိုင်ငံတို့တွင် စီးပွားရေးထိခိုက်မှု ပိုမိုပြင်းထန်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အကြိမ်(၂၀)မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံ+ ၃ နိုင်ငံ့ဝန်ထမ်းအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

အကြိမ်(၂၀)မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံ့ဝန်ထမ်းအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးများတွင် ထိုင်းနိုင်ငံ နိုင်ငံ့ဝန်ထမ်း ကော်မရှင်ရုံး ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် Dr. Piyawat Sivaraks က အဖွင့်အမှာစကား ပြောကြားသည်။

**လေ့လာသုံးသပ်**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၏ လုပ်ငန်းစီမံချက် (၂၀၁၆- ၂၀၂၀) အောက်ရှိ အကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ဆန်းစစ်သုံးသပ်ပြီး နောင်လာမည့် ငါးနှစ်တာကာလအတွင်း ပိုမိုထိရောက်အကျိုးရှိစေရေး၊ အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၏ လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅)နှင့် အာဆီယံ+၃ နိုင်ငံများ၏ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅) ကိစ္စရပ်များကို အကြံပြုဆွေးနွေးကြပြီး အာဆီယံ၏ အခြားဆက်စပ်အစည်းအဝေးများမှ အာဆီယံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍနှင့် သက်ဆိုင်သည့် အတည်ပြုချက်နှင့် ဆုံးဖြတ်ချက်များအပေါ် လေ့လာသုံးသပ်ကြသည်။

ထို့ပြင် နိုဝင်ဘာ ၁၈ ရက်တွင် ကျင်းပမည့် အကြိမ် (၂၀)မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေးနှင့် (၅) ကြိမ်မြောက် အာဆီယံ+ ၃ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေး အစီအစဉ်တို့ကို အတည်ပြုပြီး (၂၁)ကြိမ်မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍ၏ ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းထမ်းဆောင်မည့် ဗီယက်နမ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးက အလှည့်ကျတာဝန်ယူသည့် ကာလအတွင်း ကြိုတင်ပြင်ဆင် ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။




အဆိုပါ အစည်းအဝေးများသို့ အာဆီယံနိုင်ငံအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်တင်စိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မျိုးစေ့ထုတ်သမဝါယမအသင်းများ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန် ညှိနှိုင်းစည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၁၇**

မျိုးစေ့ထုတ်သမဝါယမအသင်းများ၏ စွမ်းဆောင်ရည်ပိုမိုမြင့်မားလာပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မျိုးစေ့ထုတ်စီးပွားရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန်အတွက် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနနှင့် ဂျာမနီနိုင်ငံ Welthungerhilfe- WHH တို့ ပူးပေါင်း၍ (Integrated Seed Sector Development project-ISSD) စီမံကိန်းကဏ္ဍသုံးခု အကောင်အထည်ဖော်ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်က Zoom Meeting စနစ်ဖြင့် ကျင်းပသည်။


Welthungerhilfe- WHH သည် လုပ်ကွက်ငယ်တောင်သူလယ်သမားများ ဆောင်ရွက်နေသည့် အရည်အသွေးမြှင့် မျိုးစေ့ထုတ်လုပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ မြို့နယ်ခြောက်မြို့နယ်တွင် သမဝါယမဦးစီးဌာနနှင့် ပူးပေါင်း၍ မျိုးစေ့ထုတ် သမဝါယမအသင်းများ ဖွဲ့စည်းခြင်း၊ အဆိုပါအသင်းများမှ အသင်းသားများနှင့် ဦးစီးဌာန ဝန်ထမ်းများကို မျိုးစေ့ထုတ်သမဝါယမအသင်းများ၏ စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရန်နှင့် စီးပွားဖြစ် မျိုးစေ့ထုတ်လုပ်ခြင်းဆိုင်ရာ သင်တန်းများ၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ထုတ် သမဝါယမအသင်းများနှင့် ပတ်သက်သည့်လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ရန် ဆရာဖြစ်သင်တန်း (TOT Local Seed Business Training)ကို ဖွင့်လှစ်ပို့ချပေးခဲ့သည်။ ထို့အပြင် ဆင့်ပွားသင်တန်းများသို့ တက်ရောက်ခဲ့သည့် အသင်းသားများအား မျိုးစေ့များ၊ မျိုးစေ့သိုလှောင်အိတ်များ ထောက်ပံ့ပေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက Welthungerhilfe- WHH သင်တန်းများပေးခြင်း၊ ပြန်လည်ဆင့်ပွားသင်တန်းများပေးခြင်း၊ မျိုးစေ့များ ထောက်ပံ့ခြင်းများ မျိုးစေ့ထုတ်သမဝါယမအသင်းများ၏ အသင်းစည်းကမ်း၊ စည်းမျဉ်း၊ အနေအထားကို အခြားနိုင်ငံများနှင့် နှိုင်းယှဉ်၍ Up Date ဖြစ်စေရန် ဆောင်ရွက်သွားမည့် တင်ပြချက်အား လက်ခံပါကြောင်း၊ မျိုးစေ့ထုတ်ဆောင်ရွက်ရာတွင် အတွေ့အကြုံရှိသူများထံမှ Sharing လုပ်မှသာ ပိုမိုထိရောက်မှုရှိမည်ဖြစ်ပြီး သမဝါယမအသင်းအချင်းချင်းချိတ်ဆက်၍ ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ရန်၊ ကြားခံထိန်းသိမ်းဝယ်ယူရန်ကိစ္စ (Marketing, Quality) ပေါင်းစပ်ဆောင်ရွက်ရန်၊ မည်သည့်သမဝါယမအသင်းမှ ဆောင်ရွက်နိုင်သည်ကို proposal တင်ပြနိုင်ရန် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကာလတိုအတွင်း ထိုက်သင့်သည့် ထိရောက်မှုများ ပေးနိုင်ပြီး အချိန်အခါနှင့်အညီ တောင်သူလယ်သမားများ ယုံကြည်အောင် ဆောင်ရွက်နိုင်သည့်အတွက် ဂုဏ်ယူပါကြောင်းနှင့် အစုအဖွဲ့များ ဖွဲ့စည်းနိုင်မည်ကို ယုံကြည်ပါကြောင်း၊ လုပ်ငန်းများ ပြီးမြောက်အောင်မြင်ပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**




သန်လျင်မြို့နယ် သတင်းစာဆရာများအသင်းသို့ ဓမ္မစက္ကပဝတ္တနကာရီ ကိုဗစ်-၁၉ အထောက်အကူပြုအဖွဲ့က ဆန်နှင့်ဆီများကို နိုဝင်ဘာ ၁၇ ရက်က လှူဒါန်းရာ အလှူရှင်အဖွဲ့ခေါင်းဆောင် ဦးငွေးမိုးက ပေးအပ်ပြီး မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့်အဖွဲ့ဝင်များ လက်ခံရယူစဉ်။ သန်းဝင်း(သန်လျင်)





❖ *ကျောဖုံးမှ*

ပုံမှန်ဝင်ငွေမရှိသည့် အခြေခံအိမ်ထောင်စုများ၏ လက်ဝယ်အရောက် ပေးအပ်သွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ရေးမြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအတွက် မဟာသင်္ကြန်ကာလအတွင်း အခြေခံစားသောက်ကုန်ငါးမျိုး၊ ဇူလိုင်လတွင် ဒုတိယအကြိမ်အဖြစ် ငွေကျပ် ၁၅၀၀၀ နှင့် တတိယအကြိမ်အဖြစ် ငွေကျပ် ၂၀၀၀၀၊ ဩဂုတ်လတွင် ငွေကျပ် ၂၀၀၀၀နှင့် စက်တင်ဘာလတွင် ငွေကျပ် ၂၀၀၀၀ တို့အား ပေးအပ်ခဲ့ပြီး နိုင်ငံတော်မှ ငွေကြေးထောက်ပံ့မှုများအား ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများသို့ ငွေကြေးထောက်ပံ့ရာတွင် အမှန်တကယ်ရသင့်ရထိုက်သည့် အိမ်ထောင်စုများအနေဖြင့် သတ်မှတ်ထောက်ပံ့ငွေအတိုင်း မရရှိပါက မြို့နယ်တိုင်ကြားစာ ဖြေရှင်းရေးဌာနသို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**အမုန်းစကားမပြောရ။**

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၁၆-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ(၁၁၆၇)ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | တာမွေ | ၇၅ |
| | | မြောက်ဥက္ကလာပ | ၇၀ |
| | | စမ်းချောင်း | ၅၄ |
| | | မှော်ဘီ | ၄၇ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၄၄ |
| | | မင်္ဂလာဒုံ | ၄၃ |
| | | အင်းစိန် | ၄၀ |
| | | တောင်ဥက္ကလာပ | ၃၅ |
| | | သဃ်န်းကျွန်း | ၃၃ |
| | | ရွှေပြည်သာ | ၃၁ |
| | | လှိုင်သာယာ | ၃၀ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၃၀ |
| | | လှည်းကူး | ၂၇ |
| | | မင်္ဂလာတောင်ညွန့် | ၂၅ |
| | | သာကေတ | ၂၄ |
| | | မရမ်းကုန်း | ၂၁ |
| | | ဒလ | ၂၁ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၀ |
| | | ရန်ကင်း | ၁၈ |
| | | တိုက်ကြီး | ၁၈ |
| | | လှိုင် | ၁၇ |
| | | သန်လျင် | ၁၆ |
| | | တွံတေး | ၁၆ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၂ |
| | | ဗဟန်း | ၁၀ |
| | | ပုဇွန်တောင် | ၁၀ |
| | | ထန်းတပင် | ၇ |
| | | ကမာရွတ် | ၆ |
| | | အလုံ | ၆ |
| | | ကြည့်မြင်တိုင် | ၅ |
| | | ဒေါပုံ | ၅ |
| | | လမ်းမတော် | ၅ |
| | | ဗိုလ်တထောင် | ၃ |
| | | ဒဂုံ | ၃ |
| | | ကွမ်းခြံကုန်း | ၃ |
| | | ဆိပ်ကြီးခနောင်တို | ၂ |
| | | လသာ | ၂ |
| | | ကျောက်တန်း | ၁ |
| | | ကျောက်တံတား | ၁ |
| | | သုံးခွ | ၁ |
| | | ခရမ်း | ၁ |
| | | ပန်းပဲတန်း | ၁ |
| | | **စုစုပေါင်း** | **၈၃၉** |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၂၆ |
| | | ချမ်းမြသာစည် | ၁၆ |
| | | အောင်မြေသာစံ | ၁၅ |
| | | ပြည်ကြီးတံခွန် | ၁၁ |
| | | မဟာအောင်မြေ | ၁၀ |
| | | အမရပူရ | ၆ |
| | | ညောင်ဦး | ၆ |
| | | ကျောက်ဆည် | ၂ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | မိတ္ထီလာ | ၁ |
| | | မြစ်သား | ၁ |
| | | နွားထိုးကြီး | ၁ |
| | | **စုစုပေါင်း** | **၉၆** |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ဟင်္သာတ | ၂၈ |
| | | ဒေးဒရဲ | ၉ |
| | | ကျောင်းကုန်း | ၇ |
| | | ကျိုက်လတ် | ၃ |
| | | ဘိုကလေး | ၂ |
| | | ကန်ကြီးထောင့် | ၂ |
| | | မြန်အောင် | ၂ |
| | | ညောင်တုန်း | ၂ |
| | | ဖျာပုံ | ၂ |
| | | ရေကြည် | ၂ |
| | | ဓနုဖြူ | ၁ |
| | | ကျုံပျော် | ၁ |
| | | မော်လမြိုင်ကျွန်း | ၁ |
| | | **စုစုပေါင်း** | **၆၂** |
| ၄။ | မွန်ပြည်နယ် | ကျိုက်ထို | ၂၅ |
| | | သထုံ | ၂၀ |
| | | မော်လမြိုင် | ၂ |
| | | သံဖြူဇရပ် | ၂ |
| | | **စုစုပေါင်း** | **၄၉** |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၁၄ |
| | | ဝေါ | ၇ |
| | | အုတ်ဖို | ၆ |
| | | ဖြူး | ၃ |
| | | ကဝ | ၁ |
| | | လက်ပံတန်း | ၁ |
| | | မင်းလှ | ၁ |
| | | အုတ်တွင်း | ၁ |
| | | ပြည် | ၁ |
| | | **စုစုပေါင်း** | **၃၅** |
| ၆။ | ကရင်ပြည်နယ် | ကော့ကရိတ် | ၁၂ |
| | | မြဝတီ | ၁၀ |
| | | ဘားအံ | ၃ |
| | | **စုစုပေါင်း** | **၂၅** |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၁၀ |
| | | ကန့်ဘလူ | ၄ |
| | | ကလေး | ၃ |
| | | ဝန်းသို | ၂ |
| | | ချောင်းဦး | ၁ |
| | | **စုစုပေါင်း** | **၂၀** |
| ၈။ | ရခိုင်ပြည်နယ် | ရသေ့တောင် | ၄ |
| | | အမ်း | ၂ |
| | | ဘူးသီးတောင် | ၂ |
| | | ကျောက်တော် | ၂ |
| | | စစ်တွေ | ၂ |
| | | ကျောက်ဖြူ | ၁ |
| | | မောင်တော | ၁ |
| | | သံတွဲ | ၁ |
| | | တောင်ကုတ် | ၁ |
| | | **စုစုပေါင်း** | **၁၆** |
| ၉။ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး | ၄ |
| | | အောင်လံ | ၃ |
| | | ပခုက္ကူ | ၃ |
| | | သရက် | ၂ |
| | | **စုစုပေါင်း** | **၁၂** |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၂ |
| | | မြိတ် | ၂ |
| | | **စုစုပေါင်း** | **၄** |
| ၁၁။ | ရှမ်းပြည်နယ် | တောင်ကြီး | ၃ |
| | | မူဆယ်* | ၁ |
| | | **စုစုပေါင်း** | **၄** |
| ၁၂။ | နေပြည်တော် | ဥတ္တရသီရိ | ၁ |
| | | ပုဗ္ဗသီရိ | ၁ |
| | | ပျဉ်းမနား | ၁ |
| | | **စုစုပေါင်း** | **၃** |
| ၁၃။ | ချင်းပြည်နယ် | ဖလမ်း | ၁ |
| | | ပလက်ဝ | ၁ |
| | | **စုစုပေါင်း** | **၂** |
| (၁၆-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | **(၁,၁၆၇) ဦး** |

- ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ (၁) ဦးအား အသွားအလာကန့်သတ်ထားခြင်းဖြစ်ပါသည်။

မှတ်ချက်။ (၁၆-၁၁-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁၁၆၇)ဦးတွင် အနံ့မရရှိသူ (၃၀၈) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)မှ ကျောင်းသား ကျောင်းသူများ တီထွင်ထားသော အပူချိန်တိုင်းကင်မရာကို လှူဒါန်း

**ဗန်းမော် နိုဝင်ဘာ ၁၇**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်) မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာမေဖြိုးဦးက ဦးဆောင်ကြီးကြပ်၍ ကျောင်းသား ကျောင်းသူများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် စောင့်ကြည့်စစ်ဆေးနိုင်သည့် အပူချိန်တိုင်းကင်မရာကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီက ဗန်းမော်ပြည်သူ့ဆေးရုံကြီး၌ တပ်ဆင်လှူဒါန်းခဲ့ရာ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမင်းဇော်အေးနှင့်အဖွဲ့က လက်ခံရယူကြောင်း သိရသည်။ **(ယာပုံ)**

ယင်းနောက် ဗန်းမော်မြို့အစိုးရနည်းပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ ဗန်းမော်တက္ကသိုလ်၌လည်းကောင်း အပူချိန်တိုင်းကင်မရာတစ်လုံးစီ တပ်ဆင်လှူဒါန်းပေးကြသည်။

အဆိုပါ အပူချိန်တိုင်းကင်မရာကို တီထွင်ဖန်တီးပြုလုပ်ခြင်းဖြင့် အချိန်နှင့်လုပ်သားအင်အားသက်သာစွာ စီမံခန့်ခွဲနိုင်ခြင်း၊ တစ်ဦးချင်းစီ Digital Thermometer နှင့် တိုင်းစရာမလိုဘဲ အပူချိန်တိုင်း ကင်မရာမှတစ်ဆင့် လူအများအား အပူချိန်တိုင်းတာနိုင်ခြင်း၊ Andriod Phone၊ Laptop ၊ TV တို့ဖြင့်လည်း အပူချိန်တိုင်းတာရလဒ်နှင့် ရုပ်ပုံများအား စောင့်ကြည့်စစ်ဆေး မှတ်တမ်းတင်နိုင်ခြင်း၊ ကိုယ်အပူချိန်မြင့်မားပါက အချက်ပေးအသံဖြင့် သတိပေးခြင်း၊ လျှပ်စစ်မီးမရရှိသည့်အခါတွင်လည်း ဓာတ်ခဲဖြင့် ဆက်လက်အသုံးပြုနိုင်ခြင်းနှင့် လျှပ်စစ်အားသွင်းစနစ်ပါဝင်သည့်အတွက် လျှပ်စစ်မီးဖြင့်အား ဖြည့်သွင်းနိုင်ခြင်း အကျိုးကျေးဇူးများကို ရရှိစေနိုင်ကြောင်း ဒုတိယပါမောက္ခချုပ် ဒေါက်တာမေဖြိုးဦးထံမှ သိရသည်။

ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်)မှ ကျောင်းသားကျောင်းသူများ တီထွင်ဖန်တီးခဲ့သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်းများ ဖြစ်သည့် Robotic Controlled Trolley (Mg Banmaw-01)နှင့် Remote Controlled Trolley(Mg Kachin -01)ကို ဗန်းမော်ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ Temperature Scanning Monitoring System ကို ဗန်းမော်လေဆိပ်သို့လည်းကောင်း၊ Water Dispenser and Soap Dispenser များကို နမ့်ဖားဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့်ဗန်းမော်တက္ကသိုလ်သို့ လည်းကောင်း၊ စျေးနှုန်းသက်သာသော အပူချိန်တိုင်းကင်မရာကို ဗန်းမော်မြို့၏ မြို့အဝင်အထွက်ဂိတ် နှစ်ဂိတ်တွင်လည်းကောင်း၊ Remote Controlled Trolley (Mg Kachin-02)ကို မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း တပ်ဆင်လှူဒါန်းပေးနိုင်ပြီးဖြစ်ကြောင်း သိရသည်။



**ကိနီးဖြူ(ပြန်/ဆက်)**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

နေပြည်တော် နိုဝင်ဘာ ၁၇ - COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် အတွက် COVID - 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီ မှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသန ဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁,၅၆၉ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၆-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၈,၃၄၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၅၆၉) ဦး တွေ့ရှိ**ရပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၇-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၂၁၈) ခု | (၂၇၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၈၁) ခု | (၁၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၈၇၀) ခု | (၁၀၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၁၅၅) ခု | (၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၂၇၉) ခု | (၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၆၂) ခု | (၄၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅၅) ခု | (၁) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၃) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၉၁) ခု | (၃၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၂၆) ခု | (၃၅၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၂,၀၇၃) ခု | (၇၃၇) ဦး |
| စုစုပေါင်း | (၁၈,၃၄၃) ခု | (၁,၅၆၉) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

### မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ

(၁၇-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၈,၃၄၃) ဦး | (၉၃၀,၀၈၂) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၅၆၉) ဦး | (၇၁,၇၃၀) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၉၇၅) ဦး | (၅၄,၂၇၄) ဦး |
| သေဆုံးလူနာ | (၂၆) ဦး | (၁,၆၂၅) ဦး |

- ယနေ့ **သေဆုံးသူ (၂၆) ဦး** အနက် ရောဂါအခံရှိသူ (၂၂) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေး ဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၉၇၅) ဦးတွင်-
    - ပြည်သူ့ဆေးရုံများ - (၄၂၆) ဦး
    - COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) - (၅၄၉) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၅၀၁)ဦးတွင်-
    - Hotel Quarantine - (၁၂၀) ဦး
    - Facility Quarantine - (၂၃၃) ဦး
    - Community Based Facility Quarantine - (၁,၀၈၇) ဦး
    - Anosmia Center - (၆၁) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၁၇-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၁၅၃၈၂၈၀ | ၇၀၁၉၃၆၄ | ၂၅၂၆၅၂ |
| ၂။ | အိန္ဒိယ | ၈၈၇၄၉၁၈ | ၈၂၉၀၃၇၀ | ၁၃၀၅၇၇ |
| ၃။ | ဘရာဇီး | ၅၈၇၆၇၄၀ | ၅၃၂၂၄၀၆ | ၁၆၆၀၆၇ |
| ၄။ | ပြင်သစ် | ၁၉၉၁၂၃၃ | ၁၄၀၈၈၀ | ၄၅၀၅၄ |
| ၅။ | ရုရှား | ၁၉၇၁၀၁၃ | ၁၄၇၅၉၀၄ | ၃၃၉၃၁ |
| ၆။ | စပိန် | ၁၅၂၁၈၉၉ | စိစစ်ဆဲ | ၄၁၂၅၃ |
| ၇။ | ဗြိတိန် | ၁၃၉၀၆၈၁ | စိစစ်ဆဲ | ၅၂၁၄၇ |
| ၈။ | အာဂျင်တီးနား | ၁၃၁၈၃၈၄ | ၁၁၄၀၁၉၆ | ၃၅၇၂၇ |
| ၉။ | အီတလီ | ၁၂၀၅၈၈၁ | ၄၄၂၃၆၄ | ၄၅၇၃၃ |
| ၁၀။ | ကိုလံဘီယာ | ၁၂၀၅၂၁၇ | ၁၁၁၁၈၆၇ | ၃၄၂၂၃ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၇- ၁၁ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၇၄၄၅၅ | ၃၉၈၆၃၆ | ၁၅၃၉၃ |
| ဖိလစ်ပိုင် | ၄၁၀၇၁၈ | ၃၇၄၅၄၃ | ၇၈၆၂ |
| မြန်မာ | ၇၁၇၃၀ | ၅၄၂၇၄ | ၁၆၂၅ |
| စင်ကာပူ | ၅၈၁၃၀ | ၅၈၀၃၃ | ၂၈ |
| မလေးရှား | ၄၉၇၃၀ | ၃၆၆၂၄ | ၃၁၈ |
| ထိုင်း | ၃၈၇၈ | ၃၇၂၄ | ၆၀ |
| ဗီယက်နမ် | ၁၂၈၃ | ၁၁၂၄ | ၃၅ |
| ကမ္ဘောဒီးယား | ၃၀၃ | ၃၉၁ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၅ | ၃ |
| လာအို | ၂၄ | ၂၃ | ၀ |

## COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာ နေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျမကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# Stay at home **အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ**

*ယမန်နေ့မှအဆက်*

၃-၁၁-၂၀၂၀ ရက်နေ့မှ ၁၃-၁၁-၂၀၂၀ ရက်နေ့အထိ လူမှုဖူလုံရေး ထောက်ပံ့ငွေ ၄၀% ဆက်လက်ခွင့်ပြုထုတ်ပေးခဲ့သည့် စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများစာရင်း

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမားဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၃၀၈ | 13008.313.7.2.123 | Jan Zippers(M) Co,Ltd | ၂၁ | ၁,၂၀၉,၆၀၀.၀၀ |
| ၃၀၉ | 13008.313.7.2.144 | Jin Xiang Myanmar Co., Ltd | ၁၆၀ | ၉,၅၂၈,၀၀၀.၀၀ |
| ၃၁၀ | 13008.313.8.2.38 | Hana Yangon Co.,Ltd | ၁၃ | ၉၆၀,၀၀၀.၀၀ |
| ၃၁၁ | 13009.34.1.2.23 | အောင်ဇမ္ဗူအိမ်ဆောက် ပစ္စည်း | ၄ | ၁၁၂,၀၀၀.၀၀ |
| ၃၁၂ | 13009.34.1.2.84 | ကြယ်စင် ကားရေဆေး | ၇ | ၁၇၀,၀၀၀.၀၀ |
| ၃၁၃ | 13009.34.1.2.226 | ဖြိုးကြီး မုန့်လုပ်ငန်း | ၄ | ၈၀,၀၀၀.၀၀ |
| ၃၁၄ | 13009.34.1.2.234 | ခိုင်စိုးစိုး ထမင်းဆိုင် | ၈ | ၂၀၀,၀၀၀.၀၀ |
| ၃၁၅ | 13009.34.1.2.256 | ရိုးမသစ်ဆိုင် | ၄ | ၆၄,၀၀၀.၀၀ |
| ၃၁၆ | 13009.34.1.2.297 | သန်းကြွယ် ကဖီး | ၁၀ | ၂၈၀,၀၀၀.၀၀ |
| ၃၁၇ | 13009.34.1.2.356 | အောင်ချမ်းသာ သစ်ခွဲစက် | ၃ | ၈၄,၀၀၀.၀၀ |
| ၃၁၈ | 13009.34.2.2.140 | Standard Engineering | ၁၃ | ၈၀၀,၈၀၀.၀၀ |
| ၃၁၉ | 13009.34.2.2.148 | Kohyo Myanmar Co.,ltd | ၅ | ၅၀၀,၀၀၀.၀၀ |
| ၃၂၀ | 13009.34.2.2.191 | Golden Gate Int't | ၆ | ၄၅၂,၀၀၀.၀၀ |
| ၃၂၁ | 13009.34.2.2.21 | Galaxy Development Co.,Ltd | ၄၁ | ၃,၆၄၄,၀၀၀.၀၀ |
| ၃၂၂ | 13009.34.4.2.157 | SUCCESS WORLD CO.,LTD | ၉၂ | ၅,၂၆၃,၈၀၀.၀၀ |
| ၃၂၃ | 13009.34.1.2.133 | မင်္ဂလာနှင်းဆီ စက္ကူစက် | ၈ | ၂၇၁,၂၀၀.၀၀ |
| ၃၂၄ | 13019.32.1.2.49 | အကော်ဒီယံအထည်ချုပ် | ၁၅ | ၈၆၄,၀၀၀.၀၀ |
| ၃၂၅ | 13019.32.1.2.132 | MICC Co.,Ltd; | ၇၅ | ၄,၃၈၄,၈၀၀.၀၀ |
| ၃၂၆ | 13019.32.1.2.145 | Space Light Co;Ltd. | ၉၅ | ၆,၀၄၃,၂၀၀.၀၀ |
| ၃၂၇ | 13019.32.1.2.185 | KPH Garment | ၇၉၂ | ၄၄,၁၂၄,၄၈၀.၀၀ |
| ၃၂၈ | 13019.32.1.2.195 | မဥ္စရီအထည်ချုပ် | ၇၆ | ၃,၆၄၃,၂၀၀.၀၀ |
| ၃၂၉ | 13019.32.2.2.130 | အောင်နိုင်သူစတားအထည်ချုပ် | ၁၃၆ | ၇,၈၉၆,၀၀၀.၀၀ |
| ၃၃၀ | 13019.32.3.2.113 | Super Hawk Co., Ltd. | ၇၇ | ၄,၅၂၂,၄၀၀.၀၀ |
| ၃၃၁ | 13019.32.3.2.121 | Coteck (Myanmar) Industry | ၃၇ | ၂,၁၃၁,၂၀၀.၀၀ |
| ၃၃၂ | 13019.32.5.2.12 | KZM Service Co.ltd | ၇ | ၆၀၀,၀၀၀.၀၀ |
| ၃၃၃ | 13019.32.5.2.33 | Yangon Craft Brewery | ၃၇ | ၃,၀၅၅,၂၀၀.၀၀ |
| ၃၃၄ | 13019.32.7.2.7 | HoKKAIDO Auto Service | ၉ | ၆၂၃,၂၀၀.၀၀ |
| ၃၃၅ | 13019.32.7.2.50 | ဦးသူရိန်ဇော်ညွန့် + ဦးကျော်စွာလင်း ပလတ်စတစ် | ၆ | ၃၄၅,၆၀၀.၀၀ |
| ၃၃၆ | 13019.32.7.2.88 | Tun Tun Maung Electrical Trading Co.,Ltd | ၅ | ၃၇၄,၀၀၀.၀၀ |
| ၃၃၇ | 13019.32.7.2.101 | ခိုင်ခန့်ပလတ်စတစ် | ၁၆ | ၉၂၁,၆၀၀.၀၀ |
| ၃၃၈ | 13023.314.1.2.24 | သွပ်ပြားစက်ရုံ | ၆၁ | ၃,၉၅၀,၀၀၀.၀၀ |
| ၃၃၉ | 13023.314.1.2.107 | သရဖူအိမ်ဆောက်ပစ္စည်း | ၃၁ | ၁,၇၈၅,၆၀၀.၀၀ |
| ၃၄၀ | 13023.314.3.2.104 | SHOWA GLOVE MYANMAR CO LTD | ၇၃၄ | ၅၂,၁၀၉,၆၀၀.၀၀ |
| ၃၄၁ | 13023.314.8.2.2 | KALBE MYANMAR COMPANY LIMITED | ၁၄ | ၁,၆၆၀,၀၀၀.၀၀ |
| ၃၄၂ | 13023.314.5.2.9 | ကေအေအက်(စ်)ကုမ္ပဏီလီမိတက် | ၁၇ | ၁,၃၇၆,၀၀၀.၀၀ |
| ၃၄၃ | 13023.314.5.2.14 | Velbon Myanmar Co ltd | ၂၈ | ၂,၄၄၁,၂၀၀.၀၀ |
| ၃၄၄ | 13023.314.5.2.22 | Oji Myanmar Packing Co Ltd | ၃၂ | ၂,၉၀၅,၆၀၀.၀၀ |
| ၃၄၅ | 13023.314.6.2.47 | GV Haidysheng Dryer Co.,ltd | ၁၂ | ၁,၄၀၀,၀၀၀.၀၀ |
| ၃၄၆ | 13023.314.7.2.60 | BS Yangon Company Limited | ၁၆၄ | ၁၃,၄၄၁,၅၀၀.၀၀ |
| ၃၄၇ | 13023.314.8.2.4 | Hai Nam (သံထည်) | ၈၄ | ၅,၄၄၈,၀၀၀.၀၀ |
| ၃၄၈ | 13023.314.8.2.20 | Lightion Myanmar Co;Ltd | ၆ | ၃၄၅,၆၀၀.၀၀ |
| ၃၄၉ | 13033.35.1.2.85 | မော်ဒန်ယပ်တောင် | ၃ | ၉၆,၀၀၀.၀၀ |
| ၃၆၀ | 13033.35.1.2.202 | တောင်ပေါ်သားဟိုတယ် | ၉ | ၃၇၇,၆၀၀.၀၀ |
| ၃၆၁ | 13033.35.1.2.380 | ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက် | ၂၁၅ | ၂၂,၆၇၆,၀၀၀.၀၀ |
| ၃၆၂ | 13033.35.1.2.408 | ဗိုလ်ကြီးစိန်လှိုင်လေအေးစက်လုပ်ငန်း | ၅ | ၂၀၀,၀၀၀.၀၀ |
| ၃၆၃ | 13033.35.1.2.409 | ရွှေမဥ္ဇူကုမ္ပဏီလီမိတက် | ၁၄ | ၉၁၂,၀၀၀.၀၀ |
| ၃၆၄ | 13033.35.1.2.532 | မိုးသောက်ကြယ်ရောင်စုံမီးဆိုင်း | ၉ | ၅၁၈,၄၀၀.၀၀ |
| ၃၆၅ | 13033.35.1.2.610 | WELCOME GENERAL TRADING CO., LTD | ၁၃ | ၉၄၀,၀၀၀.၀၀ |
| ၃၆၆ | 13033.35.2.2.116 | Gulf Agency Co., Ltd. | ၄ | ၂၀၈,၀၀၀.၀၀ |
| ၃၆၇ | 13033.35.6.2.17 | ရွှေစိမ်းလန်းစွမ်းအင်ကုမ္ပဏီလီမိတက် | ၈ | ၈၃၅,၂၀၀.၀၀ |
| ၃၆၈ | 13033.35.6.2.18 | စွမ်းအားသစ်အိုအေစစ်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် | ၁ | ၅၇,၆၀၀.၀၀ |
| ၃၆၉ | 13033.35.6.2.23 | ES Electrical Engineering Company Limited | ၅ | ၄၀၈,၀၀၀.၀၀ |
| ၃၇၀ | 13033.35.7.2.23 | ကျော့ရှင်းမြန်မာဝန်ဆောင်မှုကုမ္ပဏီလီမိတက် | ၁၀ | ၇၈၈,၀၀၀.၀၀ |
| ၃၇၁ | 13033.36.5.2.44 | Focus Star Marketing Co.,Ltd | ၁၀ | ၈၀၀,၀၀၀.၀၀ |
| ၃၇၂ | 13033.36.6.2.141 | Impact Terra Co,ltd | ၈ | ၉၆၀,၀၀၀.၀၀ |
| ၃၇၃ | 13033.310.4.2.139 | Phyo & Paing Media Communication Co.,Ltd | ၃ | ၃၁၂,၀၀၀.၀၀ |
| ၃၇၄ | 13033.310.4.2.142 | Brycen Myanmar Co.,Ltd | ၉၇ | ၇,၁၆၈,၀၀၀.၀၀ |
| ၃၇၅ | 13033.310.7.2.67 | Yangon Golden Paragon Investment Co., Ltd | ၂၉ | ၃,၄၈၀,၀၀၀.၀၀ |
| ၃၇၆ | 13041.33.1.2.112 | Kyaw Thar Engineerig & Constrution Group Co.,Ltd. | ၂၈ | ၂,၃၄၉,၆၀၀.၀၀ |
| ၃၇၇ | 13041.33.1.2.460 | ရွှေသံလွင် (လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး) | ၈ | ၄၁၆,၀၀၀.၀၀ |
| ၃၇၈ | 13041.33.1.2.464 | ဟန်အာရှလယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး | ၄ | ၁၃၉,၂၀၀.၀၀ |
| ၃၇၉ | 13041.33.1.2.553 | ဆောင်း(ကုန်စည်ပို့ဆောင်ရေး) | ၅ | ၁၄၀,၀၀၀.၀၀ |
| ၃၈၀ | 13041.33.1.2.642 | ရွှေမြေယာစိုက်ပျိုးရေးမျိုးစေ့ရောင်း | ၄ | ၉၆,၀၀၀.၀၀ |
| ၃၈၁ | 13041.33.1.2.649 | ဇောတိကအအေးခန်း | ၉ | ၄၆၈,၀၀၀.၀၀ |
| ၃၈၂ | 13041.33.1.2.651 | ကျော်ရှင်းလယ်ယာသုံးပစ္စည်းရောင်း | ၆ | ၂၄၇,၂၀၀.၀၀ |
| ၃၈၃ | 13041.33.1.2.664 | မြမှုလီရောင်း | ၅ | ၁၄၀,၀၀၀.၀၀ |
| ၃၈၄ | 13041.33.1.2.710 | ရွှေခြသေ့ဒိုင်နမိုရောင်း | ၃ | ၁၂၀,၀၀၀.၀၀ |
| ၃၈၅ | 13041.33.5.2.36 | သံထည်/သစ်သားထည်လုပ်ငန်း | ၉ | ၈၂၂,၄၀၀.၀၀ |
| ၃၈၆ | 13041.33.5.2.44 | Gandamar Grand Ballroom | ၃၉ | ၂,၉၂၈,၀၀၀.၀၀ |
| ၃၈၇ | 13041.38.1.2.105 | Any Call Mobile | ၇၉ | ၃,၉၁၈,၄၀၀.၀၀ |
| ၃၈၈ | 13041.38.3.2.177 | Sky Born Group Of Companies | ၂ | ၁၈၀,၀၀၀.၀၀ |
| ၃၈၉ | 13041.38.5.2.39 | မြန်မာနိုင်ငံကွန်ပျူတာ | ၁၃ | ၁,၀၀၀,၀၀၀.၀၀ |
| ၃၉၀ | 13041.38.8.2.22 | Green Lotus | ၆ | ၇၂၀,၀၀၀.၀၀ |
| ၃၉၁ | 17001.31.1.2.8 | ဦးလေးကိုတွင်ခုံ | ၂ | ၇၂,၀၀၀.၀၀ |
| ၃၉၂ | 17001.31.1.2.53 | ခင့်ဂွမ်အမ်းဆန်စက် | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၃၉၃ | 17001.31.1.2.72 | Popular Plastic | ၈ | ၄၅၂,၀၀၀.၀၀ |
| ၃၉၄ | 17001.31.1.2.218 | လွင်လွင်ငွေးဆေးလိပ်ခုံ | ၄ | ၁၂၈,၀၀၀.၀၀ |
| ၃၉၅ | 17001.31.1.2.219 | ရင်ရင်ငွေးဆေးလိပ်ခုံ | ၅ | ၁၆၀,၀၀၀.၀၀ |
| ၃၉၆ | 17001.31.1.2.220 | စောဟုတ်ဒေါက် | ၄ | ၁၂၈,၀၀၀.၀၀ |
| ၃၉၇ | 17001.31.1.2.254 | ဦးမြင့်ရွှေတွင်ခုံ | ၅ | ၁၈၀,၀၀၀.၀၀ |
| ၃၉၈ | 17001.31.2.2.103 | Dagon Win Win Co,ltd | ၁၉ | ၁,၂၉၈,၀၀၀.၀၀ |
| ၃၉၉ | 17001.31.2.2.105 | စိန်သရဖူဆန်စက် | ၁၅ | ၈၆၄,၀၀၀.၀၀ |
| ၄၀၀ | 17001.31.2.2.110 | Oriental Leaf International Co,ltd | ၂၀ | ၁,၆၅၀,၈၈၀.၀၀ |
| ၄၀၁ | 17001.31.2.2.119 | ROYAL LAKE | ၇ | ၄၆၅,၆၀၀.၀၀ |
| ၄၀၂ | 17001.31.3.2.128 | Aureum Palace | ၁၂၀ | ၇,၁၉၉,၆၀၀.၀၀ |
| ၄၀၃ | 13001.37.1.2.4 | YGT Co., Ltd. | ၄၇ | ၃,၆၄၇,၂၀၀.၀၀ |
| ၄၀၄ | 13001.37.1.2.68 | စိန်ရတီပုလင်းဆေး | ၄ | ၁၇၂,၈၀၀.၀၀ |
| ၄၀၅ | 13001.37.1.2.131 | လုပ်သားမောင်တေဆေး | ၄ | ၁၇၂,၈၀၀.၀၀ |
| ၄၀၆ | 13001.37.1.2.207 | သန့်စင်စတိုး | ၁၅ | ၈၆၄,၀၀၀.၀၀ |
| ၄၀၇ | 13001.37.2.2.217 | Wedtex Fashion Co.,Ltd | ၂၀၁ | ၁၁,၆၁၁,၂၀၀.၀၀ |
| ၄၀၈ | 13001.37.3.2.62 | Myanmar TML Ltd | ၁၀ | ၉၈၀,၀၀၀.၀၀ |
| ၄၀၉ | 13001.37.6.2.47 | Myanmar Golden Byter Co.,Ltd | ၄၈ | ၃,၆၃၈,၄၀၀.၀၀ |
| ၄၁၀ | 13001.37.6.2.51 | William (Myanmar) Industrial Co.,Ltd | ၃၅၉ | ၂၀,၆၃၀,၄၀၀.၀၀ |
| ၄၁၁ | 13001.37.8.2.7 | Myanmar Yuan Shoes | ၃၆ | ၂,၀၇၃,၆၀၀.၀၀ |
| ၄၁၂ | 13001.37.8.2.11 | H M A အိတ်ချုပ်လုပ်ငန်း | ၆ | ၃၆၈,၀၀၀.၀၀ |
| ၄၁၃ | 13001.37.8.2.21 | JCK Myanmar International Company Limited | ၅၆ | ၃,၂၈၄,၂၃၆.၈၀ |
| ၄၁၄ | 13001.37.8.2.36 | Royal Sky Co., Ltd | ၄၉ | ၃,၀၂၀,၆၄၀.၀၀ |
| ၄၁၅ | 13007.312.1.2.27 | ရန်ကုန်ထရန်စဖော်မာ | ၁၂၆ | ၇,၃၈၄,၈၀၀.၀၀ |
| ၄၁၆ | 13007.312.1.2.32 | တောင်ပေါ်သားရိုးရှင်းစိုက်ပျိုးရေး ကုမ္ပဏီ | ၁၃ | ၇၉၈,၀၀၀.၀၀ |
| ၄၁၇ | 13007.312.1.2.136 | လေပြေညှင်းသစ်စက် | ၁၅ | ၉၆၉,၆၀၀.၀၀ |
| ၄၁၈ | 13007.312.1.2.173 | Great Foundation | ၂၂၄ | ၁၂,၉၄၁,၆၀၀.၀၀ |
| ၄၁၉ | 13007.312.1.2.181 | ငွေမိုးပဲ | ၆ | ၁၉၂,၀၀၀.၀၀ |
| ၄၂၀ | 13007.312.1.2.242 | Yangon Crown | ၅၁၉ | ၃၁,၄၀၉,၂၀၀.၀၀ |
| ၄၂၁ | 13007.312.2.2.11 | ရွှေသဇင်ပဲ | ၁၈ | ၁,၀၁၇,၆၀၀.၀၀ |
| ၄၂၂ | 13007.312.2.2.118 | Y.C ဖော့ပုံး | ၅၁ | ၃,၀၀၃,၈၄၀.၀၀ |
| ၄၂၃ | 13007.312.2.2.138 | HANJEN GARMENT | ၁,၃၄၄ | ၇၄,၁၂၇,၄၄၀.၀၀ |
| ၄၂၄ | 13007.312.4.2.8 | Myanmar Skyrun International | ၃၇၄ | ၂၁,၂၅၉,၂၀၀.၀၀ |
| ၄၂၅ | 13007.312.4.2.25 | တက်နေကျော်တွင်ခုံ | ၄ | ၁၇၂,၈၀၀.၀၀ |
| ၄၂၆ | 13007.312.4.2.27 | ဟန်မြန်မာဆောက်လုပ်ရေး | ၇၆ | ၅,၁၆၈,၀၀၀.၀၀ |
| ၄၂၇ | 13007.312.4.2.29 | Believe International | ၄၈ | ၂,၈၈၅,၆၀၀.၀၀ |
| ၄၂၈ | 13007.312.4.2.46 | ကြည်လင်သန့်ရေခဲစက် | ၄ | ၁၉၂,၀၀၀.၀၀ |
| ၄၂၉ | 13007.312.6.2.38 | Myanmar Lucky Phoenix International | ၇၇၂ | ၃၉,၁၈၁,၄၄၀.၀၀ |
| ၄၃၀ | 13007.312.7.2.59 | Nway Myat Thu Contruction Company Limited | ၁၆ | ၁,၅၀၀,၀၀၀.၀၀ |
| ၄၃၁ | 13008.313.1.2.95 | UPG Paint & Coating Co.,Ltd. | ၇၃ | ၅,၁၈၄,၀၀၀.၀၀ |
| ၄၃၂ | 13008.313.1.2.263 | ရွှေမြန်မာအရက်ချက် | ၉၀ | ၅,၂၀၇,၂၀၀.၀၀ |
| ၄၃၃ | 13008.313.1.2.324 | AGB Company | ၁၂၀ | ၆,၉၇၄,၄၀၀.၀၀ |
| ၄၃၄ | 13008.313.7.2.85 | Eden Engeering & Construction Co.,Ltd | ၃၄ | ၃,၃၆၀,၀၀၀.၀၀ |
| ၄၃၅ | 13008.313.1.2.435 | Win Than Htay Min | ၂၅၄ | ၁၅,၉၀၉,၀၄၄.၀၀ |
| ၄၃၆ | 13008.313.2.2.59 | TA Resources Myanmar | ၁၀၈ | ၆,၃၃၃,၆၀၀.၀၀ |
| ၄၃၇ | 13008.313.2.2.216 | အားမာန်ရှင်းကုမ္ပဏီ | ၇၀ | ၇,၄၉၈,၀၀၀.၀၀ |
| ၄၃၈ | 13008.313.4.2.111 | Asia Power Quality Electric Co.,Ltd | ၁၆ | ၁,၁၀၉,၂၀၀.၀၀ |
| ၄၃၉ | 13008.313.5.2.62 | Tianjin Fashion Origin International Co.,Ltd | ၇၁၆ | ၃၉,၃၅၃,၆၈၀.၀၀ |
| ၄၄၀ | 13008.313.7.2.106 | HungYangLeatherCo.,Ltd | ၄၃၅ | ၂၅,၃၉၆,၈၀၀.၀၀ |
| ၄၄၁ | 13008.313.7.2.113 | Fair Silver Fashion Limited | ၁၀၀ | ၅,၆၇၅,၅၂၀.၀၀ |
| ၄၄၂ | 13008.313.8.2.28 | Dong Yuan Co.,Ltd | ၃၄ | ၁,၉၅၈,၄၀၀.၀၀ |
| ၄၄၃ | 13008.313.8.2.51 | Shin Feng Global Ltd. | ၁၇ | ၁,၀၈၃,၂၀၀.၀၀ |
| ၄၄၄ | 13008.313.8.2.58 | JADE FASHION COMPALY LIMITED | ၁၅ | ၉၂၆,၄၀၀.၀၀ |
| ၄၄၅ | 13009.34.1.2.178 | မြတ်ဘုန်းပွင့် အမွေးတိုင် | ၄ | ၁၂၈,၀၀၀.၀၀ |
| ၄၄၆ | 13009.34.2.2.165 | Real Home | ၃ | ၁၇၂,၈၀၀.၀၀ |
| ၄၄၇ | 13009.34.3.2.16 | မင်းရန်အောင် Co.,Ltd | ၃ | ၁၇၂,၈၀၀.၀၀ |
| ၄၄၈ | 13009.34.4.2.1 | Loyal Star Trading Co.,Ltd | ၂၄ | ၂,၀၄၈,၀၀၀.၀၀ |
| ၄၄၉ | 13009.34.6.2.13 | BEARING & GEAR Myanmar Co,Ltd | ၆ | ၃၀၀,၀၀၀.၀၀ |
| ၄၅၀ | 13009.34.6.2.29 | ရွှေပြည်ငြိမ်းအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် | ၃ | ၂၆၈,၀၀၀.၀၀ |
| ၄၅၁ | 13009.34.6.2.52 | Solar Home | ၃၀ | ၃,၅၄၀,၀၀၀.၀၀ |
| ၄၅၂ | 13009.34.6.2.112 | RAF International Co.Ltd | ၉ | ၆၆၀,၀၀၀.၀၀ |
| ၄၅၃ | 13009.34.8.2.4 | Nanachast Tradets Consolidation | ၄ | ၄၈၀,၀၀၀.၀၀ |
| ၄၅၄ | 13009.34.8.2.13 | Global Funiture Co.,Ltd | ၁၄ | ၁,၅၉၈,၀၀၀.၀၀ |
| ၄၅၅ | 13009.34.8.2.14 | Blue Rays Trading Co.,Ltd | ၁ | ၁၂၀,၀၀၀.၀၀ |
| ၄၅၆ | 13009.34.8.2.15 | Victorious King Co.,Ltd | ၂ | ၂၀၀,၀၀၀.၀၀ |
| ၄၅၇ | 13009.34.8.2.17 | Double H and Associates Development Co.,Ltd | ၇ | ၈၄၀,၀၀၀.၀၀ |
| ၄၅၈ | 13023.314.1.2.73 | Mosfly ခြင်ဆေးခွေလုပ်ငန်း | ၁၄ | ၈၁၆,၀၀၀.၀၀ |
| ၄၅၉ | 13023.314.4.2.21 | CUTE Myanmar Thilawa Co Ltd | ၁၁၈ | ၆,၈၉၀,၄၀၀.၀၀ |
| ၄၆၀ | 13023.314.5.2.26 | MCC ကွန်ပျူတာသင်တန်းကျောင်း | ၄ | ၂၁၆,၀၀၀.၀၀ |
| ၄၆၁ | 13023.314.6.2.23 | NMD (Myanmar)Co.,ltd | ၁၈ | ၁,၁၂၁,၆၀၀.၀၀ |
| ၄၆၂ | 13023.314.6.2.48 | Ls Gaon Cable Myanmar | ၅၈ | ၄,၉၇၇,၆၀၀.၀၀ |
| ၄၆၃ | 13023.314.7.2.53 | MOOZ & Company Myanmar Ltd. | ၁၁ | ၁,၁၄၀,၀၀၀.၀၀ |
| ၄၆၄ | 13033.35.1.2.704 | Royal Ayeyarwaddy Co., Ltd. | ၄၈ | ၃,၇၈၄,၈၀၀.၀၀ |
| ၄၆၅ | 13033.35.2.2.263 | Golden Wave Co., Ltd. | ၇၅ | ၇,၃၁၀,၈၀၀.၀၀ |
| ၄၆၆ | 13033.35.6.2.69 | Melbourne Company Limited | ၅၉ | ၅,၂၅၆,၈၀၀.၀၀ |
| ၄၆၇ | 13033.35.6.2.79 | ပုလဲနဒီကုမ္ပဏီလီမိတက် | ၁၁ | ၁,၂၈၀,၀၀၀.၀၀ |
| ၄၆၈ | 13033.35.7.2.50 | Myanmar ISTD Co., Ltd. | ၁၉ | ၂,၁၈၀,၀၀၀.၀၀ |
| ၄၆၉ | 13033.35.8.2.11 | Duane Morris & Selvam(Myanmar) Ltd. | ၈ | ၉၆၀,၀၀၀.၀၀ |
| ၄၇၀ | 13033.36.1.2.151 | မင်္ဂလာ အဆင့်မြင့်ရုပ်ရှင်ရုံ | ၄ | ၂၇၃,၆၀၀.၀၀ |
| ၄၇၁ | 13033.36.1.2.273 | Salomon Myanmar | ၂၁ | ၁,၆၁၂,၀၀၀.၀၀ |
| ၄၇၂ | 13033.36.1.2.457 | Signature Garden Restaurant | ၁၁၃ | ၇,၈၇၀,၃၁၈.၀၀ |
| ၄၇၃ | 13033.36.1.2.528 | ကုန်းဘောင် အထွေထွေ ဝန်ဆောင်မှု | ၁၁ | ၄၇၅,၂၀၀.၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*

(၃၁)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ်

## ကမ္ဘာ့ကလေးများနေ့

## World Children's Day

"ကလေးအားလုံးရဲ့ အနာဂတ်လှပဖို့ စိတ်ကူးပုံဖော်ဆောင်ရွက်စို့"

"A Day to Reimagine a Better Future for Every Child"

၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ (၂၀) ရက် နေပြည်တော်




# ကန့်ဘလူမြို့၌ ဂန္ဓမာပန်းစိုက်ပျိုးရောင်းချသူများ ပေါ် ဦးပေါ်ဖျား ဈေးကောင်းရ၍ အဆင်ပြေ

**ကန့်ဘလူ နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ ဂန္ဓမာပန်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးလုပ်ကိုင်ကြသူများ ပေါ်ဦးပေါ်ဖျားဈေးကောင်းရ၍ မိသားစု အပိုဝင်ငွေ ရရှိကာ အဆင်ပြေလျက်ရှိသည်။

ဂန္ဓမာပန်းမျိုးများကို ပြင်ဦးလွင်မှ မှာယူစိုက်ပျိုးပြီး တစ်ပင်လျှင် ငွေ ၁၂ ကျပ်ခန့်ရှိကြောင်း၊ မျိုးများအနေဖြင့် ရွှေဝါဝင်း၊ ရွှေစံပယ်၊ ငွေစံပယ်၊ ကျောက်စိမ်းနှင့် ငှရွှေဝါပျိုးပင်များ စုစုပေါင်း ၁၅၀၀၀ ခန့်စိုက်ပျိုးထားကြောင်း၊ ဇူလိုင်လက စတင်စိုက်ပျိုးပြီး ယခုကာလ ရွှေစံပယ်နှင့် ငွေစံပယ်ပန်းသုံးခက်ပါ တစ်စည်းလျှင် ငွေကျပ် ၃၀၀ ရောင်းချရကြောင်း၊ ဒေသထွက် လတ်လတ်ဆတ်ဆတ်ဖြစ်၍ တစ်ရက်လျှင် ငွေကျပ် ၂၀၀၀၀ ခန့် ရောင်းချရကြောင်း ကိုယ်တိုင်စိုက်ပျိုးရောင်းချသူ အမှတ်(၃) ညောင်အိုင်ရပ်ကွက်နေ တောင်သူ ဦးလှအောင်က ပြောသည်။

ဂန္ဓမာပန်းများကို ဂရုတစိုက် ပြုစုပျိုးထောင်စိုက်ပျိုးရပြီး သုံးပေအကျယ် မြေပေါင်များပြုလုပ်ကာ တစ်ပေါင်နှင့်တစ်ပေါင်ကြား ကိုးလက်မခြား စိုက်ပျိုး၍ ရေလောင်းပေါင်းသင်ခြင်း၊ မြေသြဇာကျွေးခြင်းများဖြင့် စနစ်တကျ စိုက်ပျိုးထားကြောင်း သိရသည်။

ထို့ပြင် ငှရွှေဝါ၊ ရွှေဝါဝင်းနှင့် ကျောက်စိမ်းဂန္ဓမာပန်းများမှာလည်း ဈေးကွက်နှင့် ချိန်ကိုက်စိုက်ပျိုးထား၍ ဒီဇင်ဘာလဆိုလျှင် ရောင်းချနိုင်ပြီဖြစ်ကြောင်းလည်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇–၃၄၀၄၆၆၆ နှင့် ၀၆၇–၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ – ၁၁ – ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၂၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၀/၅၅၅ | ကျပ် | ၅၄၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၀/၅၇၀ | ကျပ် | ၅၆၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၅/၅၁၅ | ကျပ် | ၅၄၅/၅၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၅/၆၃၀ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၉၉ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၃ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၆၇ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၁၈ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၄၆ . ၃ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၅၁ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၈ . ၃၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၄၄၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၇ . ၅၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၆ . ၆၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၀၇၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၁၄၉ | ၁၄၈၆၈၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၅၃၆၅ | ၁၉၈၅၀၅၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၄၄ | ၃၆၀၈၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၁၀ | ၂၂၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂၆၇ | ၇၃၄၀၀၀ |
| EFR | ၄၂၀၀ | ၄၂၀၀ | ၃ | ၁၂၆၀၀ |

ခင်ရတနာ – စုစည်းသည်

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – ဝင်းကျော် |
| သတင်းထောက်ချုပ် | – မြင့်ဆွေ |
| စာတည်းများ | – ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | – ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | – တင်စိုး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၀၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရန်ကုန်- ကိုကိုးကျွန်းခရီးစဉ် တတိယအခေါက် ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၁၇

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်-ကိုကိုးကျွန်း တတိယအခေါက်ခရီးစဉ်ကို သူရိယစန္ဒာဝင်းကုမ္ပဏီပိုင် MV.CHARITES ရေယာဉ်ဖြင့် ယမန်နေ့ ညနေ ၃ နာရီ ၁၅ မိနစ်က ရန်ကုန်မြို့ ဆူးလေဆိပ်ကမ်းအမှတ် (၃) ဆိပ်ခံတံတားမှ ထွက်ခွာသည်။

ခရီးစဉ်တွင် လိုက်ပါမည့်သူများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ Coronavirus Disease 2019 (COVID-19)နှင့် စပ်လျဉ်း၍ ၁၄ ရက် သွားလာမှုကန့်သတ်ခံယူခဲ့ပြီးသင်္ဘောပေါ်၌ ရေယာဉ်ဝန်ထမ်း အပါအဝင် ခရီးသည် စုစုပေါင်း ၄၀၊ ဒေသခံပြည်သူများ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်မီးနှင့် ပတ်သက်သည့် အထောက်အပံ့ ပစ္စည်းများ စုစုပေါင်း တန်ချိန် ၁၅၂ တန်ခန့် တင်ဆောင်သွားကြောင်း သိရသည်။

အဆိုပါ ရေယာဉ်ထွက်ခွာရာသို့ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် အစိုးရအဖွဲ့ဝင်များ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**



ရေယာဉ်ပေါ်လိုက်ပါမည့်သူများကို တွေ့ရစဉ်။

## ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၄၄၅ ဦးနှင့် ပြည်တွင်းအလုပ်နေရာ ၇၄၄၂ ဦး ခန့်ထားနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်း ဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအနေဖြင့် အစိုးရအလုပ်အကိုင် ၂၁၈၅ ဦးနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၅၂၅၇ ဦး စုစုပေါင်း ၇၄၄၂ ဦးကို အလုပ်အကိုင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် ကိုရီးယားနိုင်ငံသို့ ၁၀၂ ဦးနှင့် ဂျပန်နိုင်ငံသို့ ၃၄၃ ဦး စုစုပေါင်း ၄၄၅ ဦးကို အလုပ်အကိုင်အတွက် စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲများကို ၂၀၂၁ ခုနှစ်တွင် အပြီးကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၂ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲကို ၂၀၂၁ ခုနှစ်တွင် အပြီးကျင်းပမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းခြေစစ်ပွဲကို အဆင့်နှစ်ဆင့်ခွဲ၍ ကျင်းပရန် စီစဉ်ထားပြီး ပထမအဆင့်ခြေစစ်ပွဲကို ၂၀၂၁ ခုနှစ် မတ် ၁၃ ရက်မှ ၂၁ ရက်၊ ဒုတိယအဆင့်ခြေစစ်ပွဲကို ဩဂုတ် ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၁၉ ပြိုင်ပွဲအထိ အာရှ ယူ-၁၉ ပြိုင်ပွဲအမည်ဖြင့်ကျင်းပခဲ့သော်လည်း လာမည့်ပြိုင်ပွဲမှစတင်ကာ အာရှဖလား ယူ-၂၀ အမျိုးသမီးပြိုင်ပွဲအဖြစ် အမည်ပြောင်းလဲကျင်းပသွားမည်ဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲများကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အာရှဘောလုံးအဖွဲ့ချုပ်သည် အုပ်စုတစ်ခုချင်းစီအလိုက် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ရှစ်နိုင်ငံအား ရွေးချယ်ထားပြီးဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲများကို မြန်မာအပါအဝင် ဩစတြေးလျ၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ လာအို၊ မွန်ဂိုလီးယား၊ စင်ကာပူနှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိထားသည်။

ယင်းခြေစစ်ပွဲတွင် အသင်းပေါင်း ၃၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ မြောက်ကိုရီးယား၊ ဂူအမ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ အီရတ်၊ ဂျပန်၊ ဂျော်ဒန်၊ တောင်ကိုရီးယား၊ ကူဝိတ်၊ ကာဂျစ္စတန်၊ လာအို၊ လက်ဘနွန်၊ မလေးရှား၊ မော်လ်ဒိုက်၊ မွန်ဂိုလီးယား၊ မြန်မာ၊ နီပေါ၊ မြောက်မာရီယာနာကျွန်းစု၊ ပါကစ္စတန်၊ ပါလက်စတိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာ၊ တာဂျစ်ကစ္စတန်၊ ထိုင်း၊ တာ့ခ်မင်နစ္စတန်၊ ဥဇဘက်ကစ္စတန်နှင့် ဗီယက်နမ်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲကို လေးသင်း ခြောက်အုပ်စုနှင့် ငါးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သော အုပ်စုကို မြန်မာနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

ယင်းခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်မည်ဖြစ်ပြီး ကိုဗစ်-၁၉ အခြေအနေကြောင့် စခန်းဝင်လေ့ကျင့်နိုင်ခြင်းမရှိသေးပေ။ ယင်းပြိုင်ပွဲကို ၂၀၀၂ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာအသင်းသည် ၂၀၀၂၊ ၂၀၀၇၊ ၂၀၁၃ နှင့် ၂၀၁၉ ပြိုင်ပွဲတို့တွင် ခြေစစ်ပွဲအောင်မြင်ကာ နောက်ဆုံးအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည်။

**ညီမြတ်သော်တာ**



၂၀၁၉ အာရှ ယူ-၂၀ ပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွှန့်

## မြေပြင်သို့ ကျရောက်လာသည့် ဆောင်းခို လင်းယုန်ငှက်ကို ထိန်းသိမ်းစောင့်ရှောက်ထား

နေပြည်တော် နိုဝင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် မြေပြင်သို့ ကျရောက်လာသည့် လင်းယုန်ငှက်တစ်ကောင်ကို ဒေသခံတစ်ဦးက မြို့နယ်သစ်တောဦးစီးဌာနသို့ လာရောက်အပ်နှံသဖြင့် တာဝန်ရှိသူများက လင်းယုန်ငှက် လာရောက်အပ်နှံသည့်အတွက် ဂုဏ်ပြုချီးမြှင့် ငွေကျပ်ငါးသောင်းကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

သစ်တောဦးစီးဌာနဝန်ထမ်းများသည် လာရောက်အပ်နှံသည့် လင်းယုန်ငှက်ကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆရာဝန်နှင့်ပြသ၍ ကျန်းမာရေး စစ်ဆေးခြင်း ဆောင်ရွက်ပေးပြီး လိုအပ်သည့် အစာရေစာ ကျွေးမွေးပြုစုထားကာ အင်အားပြည့်ဖြိုးလာသည့်အချိန်တွင် မူလပျံသန်းလမ်းကြောင်းအတိုင်း ဆက်လက်ပျံသန်းနိုင်ရေး လွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ လင်းယုန်မျိုးစိတ်မှာ Eastern Imperial Eagle (Aquila heliacal) ဖြစ်ပြီး ဥရောပ အရှေ့တောင်ပိုင်းဒေသ၊ အနောက်အာရှ နှင့် အလယ်အာရှဒေသများတွင် အဓိက သားပေါက်ကာ ရွှေ့ပြောင်းပျံသန်းငှက်မျိုးစိတ်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ကောင်ရေကျဆင်းလျက်ရှိကာ IUCN သတ်မှတ်ချက်အရ မျိုးသုဉ်းအန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်ဖြစ်ကြောင်း၊ ဆောင်းရာသီတွင် အာဖရိကအရှေ့မြောက်ပိုင်းဒေသ၊ အရှေ့အလယ်ပိုင်းဒေသ၊ အရှေ့အာရှနှင့် တောင်အာရှဒေသများသို့ ရွှေ့ပြောင်းပျံသန်း ၍ ဆောင်းခိုလေ့ရှိပြီး မြန်မာနိုင်ငံသို့ လာရောက်မှုနည်းပါးကာ တစ်ခါတစ်ရံမှသာ တွေ့ရှိရသည့် မျိုးစိတ်တစ်မျိုးဖြစ်ကြောင်း ကျွမ်းကျင်သူများထံမှ သိရသည်။

လင်းယုန်၊ ဟိမဝန္တာလင်းတ စသည့်အရွယ်ကြီးသည့် ဆောင်းခိုငှက်များသည် အချိန်ကာလကြာမြင့်စွာ ပျံသန်းလာရာတွင် အစာပြတ်လပ်ခြင်း သို့မဟုတ် အတောင်ညောင်းခြင်းကြောင့် မြေပြင်သို့ ကျရောက်လေ့ရှိပြီး အစာရေစာကောင်းမွန်စွာ စားသောက်ပြီး အားအင်ပြည့်ဖြိုးလာသည့်အချိန်တွင် မူလပျံသန်းမည့် လမ်းကြောင်းအတိုင်း ဆက်လက်ပျံသန်းလေ့ရှိသည်။

ယင်းငှက်မျိုးများ မြေပြင်သို့ ကျရောက်လာရာတွင် ဒေသခံများက ဖမ်းယူခြင်းများ ဖြစ်ပေါ်လျက်ရှိရာ ၎င်းဆောင်းခိုငှက်များကို အစာရေစာကျွေးမွေးစောင့်ရှောက်ပြီး အားအင်ပြည့်ဖြိုးသည့်အချိန်၌ မူလပျံသန်းမည့် လမ်းကြောင်းအတိုင်း ဆက်လက်ပျံသန်းနိုင်ရေး လိုအပ်သည့် ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် သစ်တောဦးစီးဌာနများသို့ သတင်းပေးပို့သွားရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## "လှုပ်လှုပ်ရှားရှား လူထုအားကစား" အွန်လိုင်းလှုပ်ရှားမှုပြိုင်ပွဲ ပွဲစဉ်များ စတင်

ရန်ကုန် နိုဝင်ဘာ ၁၇

ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများ ကျန်းမာစေရန်နှင့် ခုခံအားတက်စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ ပြည်သူများ တစ်ဦးချင်း "လှုပ်လှုပ်ရှားရှား လူထုအားကစား" ပြိုင်ပွဲအစီအစဉ်ဖြင့် ယခုနှစ် နိုဝင်ဘာ၁၁ ရက်မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်အထိ လူထုအားကစား လှုပ်ရှားမှု ကာလများတွင် တစ်ဦးချင်းပြိုင်ပွဲ ပွဲစဉ်ပေါင်း ကိုးခုကို သက်ဆိုင်ရာ တီးလုံးကကွက်ဖြင့် အကလှုပ်ရှားမှု သုံးမိနစ်စာ ဗီဒီယိုကို မိမိ၏ ဖေ့ဘုတ်အကောင့်နှင့် သက်ဆိုင်ရာမြို့နယ်မှ အားကစားမှူး၏ ဖေ့ဘုတ်အကောင့်တို့တွင် Tag တွဲကာ "လှုပ်လှုပ်ရှားရှား လူထုအားကစား" ဖေ့ဘုတ်စာမျက်နှာတွင် မျှဝေခြင်းဖြင့် ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း သိရသည်။

"ကိုဗစ်-၁၉ ကာလ ကျန်းမာရေးဝန်ထမ်းတွေက ကုသရေးဘက်မှာ စွမ်းစွမ်းတမံ ဆောင်ရွက်နေချိန်မှာ ကျွန်တော်တို့ အားကစားကဏ္ဍကနေလည်း stay home နေတဲ့ ပြည်သူအားလုံးရဲ့ ကျန်းမာကြံ့ခိုင်ရေးနဲ့ ခန္ဓာကိုယ်ခုခံအားစနစ် ကောင်းမွန်ဖို့ရယ်၊ မကူးစက်နိုင်တဲ့ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ဖို့၊ အညောင်းမိတာ ကာကွယ်ဖို့၊ နှလုံး၊ ကြွက်သား၊ အရိုး၊ အဆုတ်တွေ အားကောင်းစေဖို့၊ နေ့စဉ် အားကစားလှုပ်ရှားမှု လုပ်မယ်ဆိုရင် အသက်ကြီးလာရင် ရောဂါဖြစ်ပွားမှု လျော့နည်းအောင် "လှုပ်လှုပ်ရှားရှား လူထုအားကစား" ပြိုင်ပွဲအစီအစဉ်ကို နိုဝင်ဘာ ၁၁ ရက်ကနေစပြီး ဖေဖော်ဝါရီ ၁၉ ရက်အထိ ပြိုင်ပွဲပွဲစဉ် ကိုးမျိုးနဲ့ ကျင်းပပေးတာပါ။ ဒါပထမဆုံး ကျင်းပတာပါ။ ပထမဆုကို သိန်း ၂၀ ပေးမှာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက်၊ မြို့နယ်အလိုက် ဆုတွေကို ကျွန်တော်တို့ ရုံးချုပ်က စိစစ်ရွေးချယ်ပေးမှာပါ။ တစ်ဦးချင်းဆုတွေကို သက်ဆိုင်ရာရုံးက ရွေးချယ်ပေးမှာပါ။ တစ်ယောက်တည်း ပြိုင်ပွဲအားလုံးလည်း ပြိုင်ချင်ပြိုင်လို့ ရပါတယ်။ ကကွက်နမူနာတွေလည်း တင်ပေးထားပါတယ်။ လေ့ကျင့်ချိန်လည်း ရပါတယ်" ဟု အားကစားနှင့် ကာယပညာဦးစီးဌာန၊ လူထုပညာပေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းထက်မွန်က ပြောသည်။

"ဖျာပုံခရိုင်အနေနဲ့ လေးမြို့နယ်က ပွဲစဉ်ကကွက်(၁)နဲ့(၂)ကို လေးမြို့နယ် ပြိုင်ပွဲလုပ်တာ၊ အကပြိုင်ပွဲကစားသမား လူတစ်ရာနီးပါးလောက်ရှိမယ်။ ခရိုင်အနေနဲ့က ပ၊ ဒု၊ တ ဆုတွေနဲ့ နှစ်သိမ့်ဆု ခုနစ်ဆု ဆုတွေပေးပြီး ကစားသမားကို ရွေးချယ်မှာပါ။ အွန်လိုင်းပြိုင်ပွဲဆိုတော့ ပြိုင်တဲ့သူများပါတယ်။ တစ်ဦးချင်း အကတွေကို ဖေ့ဘုတ်ထဲကနေ သိမ်းထားပြီးကြည့်ပြီး အကဲဖြတ်ပေးမှာပါ။ နိုဝင်ဘာ ၂၀ ရက်ကျော်မှာ ပွဲစဉ်ထပ်တင်ရမယ်။ အဲဒီထဲကနေ ၁၀ ဦးကို ရွေးချယ်မှာပါ" ဟု ဖျာပုံခရိုင် အားကစားနှင့်ကာယပညာမှူး ဒေါ်စန္ဒာဦးက ပြောသည်။

ပြိုင်ပွဲဆုများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်များ အလိုက်နှင့် တစ်ဦးချင်းအလိုက် ပထမဆု ကျပ်သိန်း ၂၀၊ ဒုတိယဆု ကျပ် ၁၇ သိန်း၊ တတိယဆု ကျပ် ၁၅ သိန်းနှင့် နှစ်သိမ့်ဆုတစ်ဆုလျှင် ကျပ် ၁၀ သိန်းစီဖြင့် ဆု ၁၅ ဆုစီ စုစုပေါင်း ချီးမြှင့်ငွေကျပ် ၂၀၂ သိန်းကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

❊ *ကျောဖုံးမှ*

ဂျူဗင်တပ်စ်အသင်းအနေဖြင့် မကြာသေးမီက ဝုဖ်အသင်းနှင့် စာချုပ်သစ် ချုပ်ဆိုထားသော အသက် ၂၀ အရွယ် ကစားသမားကို ခေါ်ယူမည်ဆိုလျှင် ငွေကြေးမြောက်မြားစွာ ကုန်ကျနိုင်ကြောင်း သိရသည်။ ၎င်းသည် ပြီးခဲ့သည့် ရာသီတွင် ဝုဖ်အသင်းကို ပရီမီယာလိဂ်ရာသီပိတ်သိမ်းချိန်၌ အဆင့် (၇) နေရာတွင် ရပ်တည်နိုင်အောင် ကူညီပေးထားနိုင်ပြီး ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိအောင် ကူညီပေးထားသည်။ လာဇီယိုအသင်းသည် နီတိုကို ၂၀၁၇ ခုနှစ်တွင် စပို့တင်းဘရာဂါအသင်းမှ ပေါင် ၁၆ ဒသမ ၅ သန်းဖြင့် ခေါ်ယူထားပြီး နှစ်နှစ်အကြာမှာပင် ပရီမီယာလိဂ်ကလပ် ဝုဖ်အသင်းသို့ ရောင်းထုတ်ခဲ့သည်။

**ယှဉ်ပြိုင်ကစားရမည်ဖြစ်**

နည်းပြ ဆန်းတို့စ် တာဝန်ယူကိုင်တွယ်နေသည့် ဝုဖ်အသင်းသည် ပရီမီယာလိဂ်၌ ရှစ်ပွဲကစားပြီး လေးပွဲနိုင်၊ တစ်ပွဲ သရေ၊ သုံးပွဲရှုံး ရမှတ် ၁၃ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၉) နေရာတွင် ရပ်တည်နေသည်။ ဝုဖ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၃ ရက်တွင် ဆောက်သမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အောင်ဇော်




# မောင်တောမြို့နယ်၌ ARSA အကြမ်းဖက်အဖွဲ့ ထောင်ထားသည့် ကားမိုင်းအား အရပ်ဘက်မော်တော်ယာဉ်တစ်စီး နင်းမိပေါက်ကွဲမှုကြောင့် အရပ်သား ၃ ဦးသေဆုံး၊ ၆ ဦး ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ နိုဝင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက သာယာကုန်းရွာဘက်မှ မောင်တောမြို့သို့ မောင်းနှင်လာသော အရပ်ဘက်မော်တော်ယာဉ် တစ်စီးက လိပ်ရလမ်းဆုံနှင့် ထန်းချောင်းတံတားကြား အရောက် ကားမိုင်းနင်းမိ ပေါက်ကွဲခြင်းကြောင့် အရပ်သား သုံးဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။




**ဆေးကုသလျက်ရှိ**

အဆိုပါ ထုတ်ပြန်ချက်တွင် နိုဝင်ဘာလ ၁၇ ရက် မွန်းလွဲ ၁ နာရီ ကျော်ခန့်တွင် မောင်တောမြို့နယ် သာယာကုန်းကျေးရွာဘက်မှ မောင်တောမြို့ဘက်သို့ ကျော်ရဲအောင် (စိစစ်ဆဲ) မောင်းနှင်ပြီး ခရီးသည် ရခိုင်တိုင်းရင်းသား ရှစ်ဦး လိုက်ပါလာသော အရပ်ဘက်ယာဉ်သည် လိပ်ရလမ်းဆုံနှင့် ထန်းချောင်းတံတားအကြား၌ ARSA အကြမ်းဖက်အဖွဲ့ ထောင်ထားသော ကားမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သဖြင့် မော်တော်ယာဉ်မှာ လမ်းယာဘက် ပေ ၅၀ ခန့်သို့ လွင့်စဉ်သွားပြီး ကားလမ်းအလယ်၌ ၁၅ ပေ ပတ်လည်အနက် ၇ ပေခန့်ရှိ မြေကျင်းတစ်ခု ဖြစ်ပေါ်ခဲ့ကြောင်းနှင့် ကားမိုင်းပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်လိုက်ပါလာသည့် ယာဉ်မောင်း /ခရီးသည် ကိုးဦးအနက် ယာဉ်မောင်း အမျိုးသား တစ်ဦး၊ အမျိုးသမီးတစ်ဦး၊ ကလေးငယ်တစ်ဦး စုစုပေါင်း သုံးဦး သေဆုံးခဲ့ပြီး ကျန်ခရီးသည် ခြောက်ဦး (အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး၊ အမျိုးသမီး ကလေးငယ် လေးဦး) ဒဏ်ရာများ အသီးသီး ရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သေဆုံး/ဒဏ်ရာရရှိသူများအား မောင်တောမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသလျက်ရှိကြောင်း။

**အရေးယူ ဆောင်ရွက်သွားမည်**

ARSA အကြမ်းဖက်အဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်း နယ်မြေအတွင်း အများပြည်သူအသုံးပြုနေသော အဓိကဆက်သွယ်သည့် လမ်းမကြီးများပေါ်တွင် အရပ်ဘက်သုံး ခရီးသည်တင်ယာဉ်များနှင့် ဒေသခံပြည်သူလူထုအား ဒုက္ခရောက်စေရန် အဖျက်လုပ်ငန်းများ ကျူးလွန်လျက်ရှိသဖြင့် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

သတင်းစဉ်

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ဖြစ်ပွားခဲ့သည့် လူသတ်မှုကျူးလွန်သူနှစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၁၇**

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းသွယ် (၁)နှင့် စတားလိုက်လမ်းသွယ်ထောင့်ရှိ ရေမြောင်းအတွင်း၌ နိုဝင်ဘာလပထမပတ်က အမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းအရ စခန်းမှူး ဒုရဲမှူး စန်းယုနှင့် တာဝန်မှူး ဒုရဲအုပ် ဝေယံအောင်တို့ သွားရောက်စစ်ဆေး၍ ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်နိုင်ရေး အမှုဖွင့်ခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များ၏ စုံစမ်းချက်အရ သေဆုံးသူမှာ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် (၅)ရပ်ကွက် သံလွင်လမ်း အမှတ်(၄၀၇)နေ ရန်ပိုင်စိုး(ခ)ပိုင်စိုး(ခ)ကရင် (၃၄ နှစ်)ဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်နိုင်ရေး စီစီတီဗွီမှတ်တမ်းများအား စစ်ဆေးဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများမှာ သန့်ဇင်ထွေး(ခ)အငယ်ကောင်(ခ)ပိစိလေး နှင့် အောင်နေထွန်း (ခ)ကိုငယ် တို့ ဖြစ်နိုင်ကြောင်း စုံစမ်းသိရှိရသည်။ ၎င်းတို့နှစ်ဦးအား နိုဝင်ဘာ ၁၀ ရက်က ဖမ်းဆီးစစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် အောက်တိုဘာ ၃၁ ရက်က သေဆုံးသူနှင့်အတူ အရက်သောက်နေစဉ် စကားများပြီး အဆိုပါ ပြစ်မှုအား ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ရွှေကူ၊ ပင်လောင်း၊ နမ္မတူမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက ရွှေကူမြို့နယ် စီမော်-မိုးကင့်ကျေးရွာကားလမ်းတွင် သူဇင်အောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၁ ကီလို၊ မြန်မာငွေကျပ် ၁၅၀၀၀ တို့ကို လည်းကောင်း၊ အလားတူ နိုဝင်ဘာ ၁၅ ရက် ညပိုင်းက ပင်လောင်း မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပင်လောင်းမြို့နယ် လိန့်ညားကျေးရွာအုပ်စု တခါးရင်ကျေးရွာနေ လှဘိ၏ နေအိမ်ကို ဝင်ရောက် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၉၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေပိုင်းက နမ္မတူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နမ္မတူမြို့ ပန်ဟိုက်ရပ်ကွက် သချိုင်းဟောင်းအနီးရှိ လူမနေသည့် နေအိမ်ရှေ့တွင် အိုက်နောင့်၊ တဲအိမ်အတွင်းမှ ဗျာလေးနှင့် ခွန်ဆိုင်တို့အား တွေ့ရှိ ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ဝ၆၅၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂,၆၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



အိုက်နောင့်၊ ဗျာလေး၊ ခွန်ဆိုင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ ကျိုက်အင်းကျေးရွာ၊ ဘုရားကုန်း၊ မြေကွက်အမှတ်(၁၇၁၃)၊ ဧရိယာ(၀ဒသမ၀၅၅)ဧက၊ စတုရန်းပေ(၂၄၀၀)၊ အလျားxအနံပေ(၄၀x၆၀)နှင့် မြေကွက်အမှတ်(၁၇၁၄)၊ ဧရိယာ(၀ဒသမ၀၅၅)ဧက၊ စတုရန်းပေ၂၄၀၀၊ အလျားxအနံပေ(၄၀x၆၀) အကျယ်အဝန်း၏ မြေကွက်နှင့်ပတ်သက်ဆက်နွှယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်များဖြစ်သည့် ဦးမျိုးညိမ်းနှင့် ဒေါ်ရင်နုတို့မှ ရောင်းချ၍ ဝယ်ယူထားသူ ဦးတင်လှ ၁၂/လကန(နိုင်)၁၂၆၃၃၂ထံမှ ယခုဝယ်ယူပိုင်ဆိုင်ထားသူ ဦးညီညီထွေး ၁၂/သလန(နိုင်)၀၉၈၇၈၁ထံမှလည်း ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွယ်နွယ်လင်း ၁၄/မမန(နိုင်)၁၄၁၅၇၆သည် ၎င်းမြေကွက်အား ဥပဒေနှင့်အညီ တရားဝင်တစ်ဆင့်ပြန်လည်ဝယ်ယူရန်အတွက် (၁၄-၁၁-၂၀၂၀)ရက်တွင် စရန်ငွေကျပ် တစ်စိတ်တစ်ဒေသတို့ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ပေးချေဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းစိုး
တရားလွှတ်တော်ရှေ့နေ
LL.B,D.B.L,D.T.P,IT(Level I,II,III)
အခန်း(၀၀၈)၊ တိုက်(F4)၊ ရှုခင်းသာအဆင့်မြင့်အိမ်ရာ၊ ရှုခင်းသာရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၃၄၀၇၇၊ ၀၉-၂၅၂၁၀၆၄၅၉

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၁၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ် ၂၀၆၈(က)၊ ပါမစ်မြေကွက်အမျိုးအစား၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ ဦးသန်းဝင်း ၁၂/သဃက(နိုင်)၀၅၉၈၆၁ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူ ပြီး လက်ဝယ်ထားရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ မောင်ဒွေးကိုကိုချစ် ၁၂/ဒဂတ(နိုင်)၀၆၉၃၈၈ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းလင်းအောင်(LL.B,D.B.L,D.M.L)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၅၈)၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၉) ရပ်ကွက်၊ မြေတိုင်းအမှတ် ၄၇၊ စံပယ်လမ်း၊ အမှတ် ၆၀၅/က၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိသော နေအိမ်ခြံမြေအား တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်တင်တင်အေး ၁၂/ အစန(နိုင်)၀၀၁၈၀၈ ထံမှ ဒေါ်ခင်စန်း အမည်ပေါက် မြေချပါမစ်နှင့်အတူ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်အောင် ၁၄/မအပ(နိုင်)၁၆၄၅၉၁ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ချိုဝင်းမာ၊ တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၆၀၉)
အမှတ် (၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း- ၀၉- ၄၃၀၉၃၃၅၇

## အလိမ္မာ စာမှာရှိ




# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး(အရှေ့)၊ သစ်ထုတ်ရေးဒေသအသီးသီး၏ သစ်ဆိပ်ပြောင်းကားတိုက်ပို့ဆောင်ခြင်းအတွက် ၂၀၂၀-၂၀၂၁ ခုနှစ် သစ်ထုတ်ရာသီထွက်ရှိလာမည့်သစ်များကို အငှားကားဖြင့် သယ်ယူပို့ဆောင်ခြင်းအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ သာမန်အသုံးစရိတ်ဖြင့် ဝန်ဆောင်မှုရယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot. No. | ခရီးစဉ် | | သစ်တန် | မှတ်ချက် |
|---|---|---|---|---|---|
| | | မှ | သို့ | | |
| ၁။ | Lot.1/KE | (၁၀၃) မိုင်သစ်ဆိပ် | ဘိုကုန်းသစ်ဆိပ် | ၆၁၀၀ | သစ်တင်/ချ၊ ကားတိုက် |
| ၂။ | Lot.4/KL | ပေကုန်းသစ်ဆိပ် | ဘိုကုန်းသစ်ဆိပ် | ၅၀၀၀ | သစ်တင်/ချ၊ ကားတိုက် |
| ၃။ | Lot.2/SB | မော်ကယ်ကွဲထောက် | ကျောက်လှေကားသစ်ဆိပ် | ၄၀၀၀ | သစ်တင်/ချ၊ ကားတိုက် |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၉-၁၁-၂၀၂၀ ရက်မှ ၁၈-၁၂-၂၀၂၀ရက်ထိ

(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၈-၁၂-၂၀၂၀ ရက် ညနေ ၁၆:၀၀ နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၂၁-၁၂-၂၀၂၀ ရက် နံနက် ၁၀:၀၀ နာရီ

(ဃ) **လျှောက်လွှာရောင်းချမည့်နေရာ** - မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး (အရှေ့)၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ ကသာမြို့

၃။ လအလိုက် သယ်ယူပို့ဆောင်ပေးရမည့် သစ်တန်ပမာဏနှင့် တင်ဒါစည်းကမ်းချက်များအား တင်ဒါလျှောက်လွှာဝယ်ယူ ရမည့်နေရာတွင် တစ်ပါတည်းထုတ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက -

(က) မြန်မာ့သစ်လုပ်ငန်းဝက်ဆိုဒ် - www.mte.com.mm

(ခ) ဒုတိယအထွေထွေမန်နေဂျာစစ်ကိုင်းတိုင်းဒေသကြီး (အရှေ့)ကသာမြို့ - ဖုန်း-၀၉-၂၀၁၁၈၆၄

(ဂ) မန်နေဂျာ(အုပ်/စီ)၊ စစ်ကိုင်းတိုင်းဒေသကြီး(အရှေ့)၊ ကသာမြို့ - ဖုန်း-၀၉-၈၉၀၄၇၈၀၀၇

၅။ သစ်ထုတ်ရေးလုပ်ငန်းသဘာဝအရ Lot.(၁)ခုချင်းစီအတွက် သစ်တန်အတိုး/အလျှော့ ရှိနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

# တည်ဆောက်မှုလုပ်ငန်းကန်ထရိုက်တာအတွက် တင်ဒါခေါ်ယူခြင်း
## မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်

ဘီးလင်းမြို့နယ်တွင် မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းအတွက် တင်ဒါခေါ်ယူလိုပါသည်။ အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | |
|---|---|
| ဝယ်ယူသည့်ဌာန | မြို့နယ်ပညာရေးမှူးရုံး၊ ဘိုးရာဇာရပ်ကွက်၊ ဘီးလင်းမြို့ |
| တာဝန်ခံအရာရှိ | ဒေါ်မြင့်အေး (မြို့နယ်ပညာရေးမှူး) နှင့် ၀၅၇/၆၄၀၂၄ |
| တည်ဆောက်မှုလုပ်ငန်းဖော်ပြချက် | ကျောင်းဆောင်သစ် (၁၀၀ပေx၃၀ပေ) (Steel Structure) (၂)ထပ် |
| တည်ဆောက်မည့်နေရာ | အထက(ခွဲ) (ပျဉ်းမပင်ဆိပ်) လေးကေကျေးရွာအုပ်စု၊ ဘီးလင်းမြို့နယ်။ |
| အရည်အသွေးစံချိန်စံညွှန်းများ | ၁၀၀ ပေ x ၃၀ပေ(၂)ထပ် (Steel Structure)ကျောင်းဆောင်သစ်အား အဆောက်အဦသုတေသနမှ သတ်မှတ်ထားသော စံညွှန်းနှင့်ကိုက်ညီစေရန် အစစ်ဆေးခံပြီးတင်သွင်းပေးရမည်။ |
| ဝယ်ယူမှုနည်းလမ်း | အကြီးစားဝယ်ယူမှု |
| အရည်အချင်းသတ်မှတ်ချက်များ | - ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသောကုမ္ပဏီဖြစ်ရမည်။<br>- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ် ရှိရမည်။<br>- အရည်အချင်းမီ အင်ဂျင်နီယာဝန်ထမ်းများ ရှိရမည်။<br>- အလားတူ ကန်ထရိုက် အနည်းဆုံး(၂)ခုကို ဆောင်ရွက်ဖူးရမည်။<br>- ဘဏ္ဍာရေးတည်ငြိမ်မှုရှိရမည်။<br>- ၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ရက် ဘဏ္ဍာနှစ်၏ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင်ထားရမည်။<br>- တင်ဒါစာရွက်စာတမ်းထဲရှိ အခြားလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရမည်။ |
| တင်ဒါစာရွက်စာတမ်းကိုကြည့်ရှု စစ်ဆေးဝယ်ယူနိုင်မည့်နေရာ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ဆရာစံရပ်ကွက်၊ ဘီးလင်းမြို့ |
| တင်ဒါစာရွက်စာတမ်းကို ကြည့်ရှု စစ်ဆေး၊ ဝယ်ယူနိုင်မည့်အချိန် | ၁၈-၁၁-၂၀၂၀ ရက်မှ ၂-၁၂-၂၀၂၀ ရက်ထိ နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၀၀ နာရီထိ |
| တင်ဒါစာရွက်စာတမ်းကျသင့်ငွေ | ၁၀၀၀၀ ကျပ် |
| တင်ဒါတင်သွင်းရမည့်နေရာ | မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ဆရာစံရပ်ကွက်၊ ဘီးလင်းမြို့။ |
| တင်ဒါတင်သွင်းရမည့်သတ်မှတ်ထားသောနောက်ဆုံးအချိန် | ၁၀-၁၂-၂၀၂၀ ရက် နံနက် ၁၀: ၀၀ နာရီထိ |

**ဒေါ်မြင့်အေး**
**မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ ဘီးလင်းမြို့**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး(အနောက်)၊ ချင်းတွင်းဖောင်ဖွဲ့ရေးဒေသ သစ်ဆိပ်အသီးသီးသို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း သစ်လုံးများကို ရေယာဉ်ဖြင့် သယ်ယူပို့ဆောင်ခြင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ သာမန်အသုံးစရိတ်ဖြင့် ဝန်ဆောင်မှုရယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot. No. | ခရီးစဉ် | | သစ်တန် | မှတ်ချက် |
|---|---|---|---|---|---|
| | | မှ | သို့ | | |
| ၁။ | Lot.1/MKT | မောက္ကတော်သစ်ဆိပ် | ဆင်မင်းသစ်ဆိပ် | ၅၀၀၀ | ရေယာဉ်ဖြင့် |
| ၂။ | Lot.2/MKT | မုံရွာသစ်ဆိပ်များ | ရန်ကုန် | ၃၀၀၀ | သယ်ပို့ခြင်း |
| ၃။ | Lot.3/MKT | မုံရွာသစ်ဆိပ်များ | ရန်ကုန် | ၁၂၀၀၀ | - ။ - |
| ၄။ | Lot.4/SM | ဆင်မင်းသစ်ဆိပ် | ရန်ကုန် | ၅၂၉၂ | - ။ - |
| ၅။ | Lot.5/SM | ဆင်မင်းသစ်ဆိပ် | ရန်ကုန် | ၆၀၀၀ | - ။ - |
| ၆။ | Lot.6/SM | ဆင်မင်းသစ်ဆိပ် | ရန်ကုန် | ၁၀၀၀၀ | - ။ - |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၉-၁၁-၂၀၂၀ ရက်မှ ၁၈-၁၂-၂၀၂၀ ရက်ထိ

(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၈-၁၂-၂၀၂၀ ရက် ညနေ ၁၆:၀၀ နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၂၁-၁၂-၂၀၂၀ ရက် နံနက် ၁၀:၀၀ နာရီ

(ဃ) **လျှောက်လွှာရောင်းချမည့်နေရာ** - မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး(အနောက်)၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ မုံရွာမြို့

၃။ လအလိုက် သယ်ယူပို့ဆောင်ပေးရမည့် သစ်တန်ပမာဏနှင့် တင်ဒါစည်းကမ်းချက် များအား တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာတွင် တစ်ပါတည်းထုတ်ယူနိုင်ပါသည်။

၄။ Lot တစ်ခုချင်းအလိုက် သစ်တန် အတိုး/အလျှော့ ရှိနိုင်ပါသည်။

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက -

(က) မြန်မာ့သစ်လုပ်ငန်းဝက်ဆိုဒ် - www.mte.com.mm

(ခ) ဒုတိယအထွေထွေမန်နေဂျာ စစ်ကိုင်းတိုင်းဒေသကြီး (အနောက်) မုံရွာမြို့။ - ဖုန်း-၀၉-၅၀၁၂၇၄၉

(ဂ) လက်ထောက်အထွေထွေမန်နေဂျာ ချင်းတွင်းဖောင်ဖွဲ့ရေးဒေသ - ဖုန်း-၀၉-၂၁၃၂၈၀၀

(ဃ) လက်ထောက်မန်နေဂျာ(ရုံး) စစ်ကိုင်းတိုင်းဒေသကြီး(အနောက်) - ဖုန်း-၀၉-၂၆၂၈၇၆၀၈၆

(င) လက်ထောက်မန်နေဂျာ(ရုံး) ချင်းတွင်းဖောင်ဖွဲ့ရေးဒေသ - ဖုန်း-၀၉-၂၁၁၀၅၀၃

တင်ဒါခေါ်ယူရေးကော်မတီ

# Kaung Myanmar Aung Group of Companies Limited ၏
# စီမံကိန်းလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် စိတ်ပါဝင်စားသော ကုမ္ပဏီများနှင့် ကန်ထရိုက်တာများသို့ ဖိတ်ကြားခြင်း

Kaung Myanmar Aung Group of Companies Limited မှ ဦးဆောင်၍ ဖော်ဆောင်လျက်ရှိသော စီမံကိန်းလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် စိတ်ပါဝင်စားသောကုမ္ပဏီများ၊ ကန်ထရိုက်တာများအနေဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း မိမိတို့ကုမ္ပဏီ Profile များကို info@kmagroup.com.mm သို့ ပေးပို့၍ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| ၁။ | စက်မှုဇုန်များတွင် | (က) လမ်း/တံတားလုပ်ငန်း<br>(ခ) Culvert လုပ်ငန်း<br>(ဂ) မုခ်ဦးဆောက်လုပ်ခြင်းလုပ်ငန်း<br>(ဃ) Club House များ ဆောက်လုပ်ခြင်းလုပ်ငန်း<br>(င) ဂိုဒေါင်များဆောက်လုပ်ခြင်းလုပ်ငန်း |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မြကျွန်းသာအပန်းဖြေ ဥယျာဉ်စီမံကိန်း | (က) Club House ဆောက်လုပ်ခြင်းလုပ်ငန်း<br>(ခ) စားသောက်ဆိုင် ဆောက်လုပ်ခြင်းလုပ်ငန်း<br>(ဂ) မြေအောက် Car Parking ဆောက်လုပ်ခြင်း လုပ်ငန်း<br>(ဃ) ရုပ်ရှင်ရုံ ဆောက်လုပ်ခြင်းလုပ်ငန်း |

**တင်ဒါခေါ်ယူရေးအဖွဲ့**
**Kaung Myanmar Aung Group of Companies Limited**




# အများသိစေရန်ကြေညာခြင်း

ဦးသန်းလွင် ၈/မကန(နိုင်)၀၅၀၈၂၂ နှင့် ဒေါ်နီနီမိုး ၉/နထက(နိုင်)၁၀၇၆၅၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးသန်းလွင်နှင့် ဒေါ်နီနီမိုးတို့သည် ၁၃-၃-၂၀၂၀ ရက်တွင် မကွေးမြို့နယ်တရားရုံး၌ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထို့အတူ လင်မယားနှစ်ဦးပိုင်ပစ္စည်းအရပ်ရပ်ကိုလည်း ၁၃-၁၁-၂၀၂၀ ရက်တွင် နှစ်ဦးသဘောတူ ခွဲဝေယူခဲ့ကြပြီးဖြစ်ပါသည်။

ထို့ကြောင့် ဦးသန်းလွင်နှင့် ဒေါ်နီနီမိုးတို့သည် တစ်ဦးနှင့်တစ်ဦး လုံးဝပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် တစ်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စအဝဝအား ကျန်တစ်ဦးတွင် လုံးဝတာဝန်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဇော်မင်း (LL.B, CBL)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၂၂၉၅/၂၀၁၇)
အမှတ်(၃၈၉)၊ ဗိုဇဝါလမ်း၊ ရန်အောင်ရပ်၊ မကွေးမြို့
ဖုန်း-၀၉-၇၉၄၅၆၇၈၁၁

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ အမြို့မြို့အနယ်နယ်ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ




## စာအုပ်
## စာပေ
## လူ့မိတ်ဆွေ

## ကုမ္ပဏီ၏ အစုရှယ်ယာပမာဏ လျှော့ချမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

GOLDEN FUTURE LAND NETWORK COMPANY LIMITED ၏ ကုမ္ပဏီဒါရိုက်တာအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ Share Amount သိန်း (၅၀၀)မှ သိန်း (၁၀၀) သို့ လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Myint Wai (Managing Director)**
**GOLDEN FUTURE LAND NET WORK COMPANY LIMITED**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ်(၆၇)နေ ဦးကိုမင်း ၁၂/ကတန(နိုင်)၀၀၀၁၆၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ–

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကိုမင်းနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်စန်းစန်းဝင်း ၁၂/ဥကတ(နိုင်)၁၃၅၀၃၃ တို့သည် ၂၀၀၆ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ရာ သမီးဖြစ်သူ မချောနန္ဒာကိုနှင့် သားဖြစ်သူ မောင်အောင်ပိုင်မင်းတို့ကို မွေးဖွားထွန်းကားခဲ့ပြီး လင်မယားနှစ်ဦးပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအနေဖြင့် (၁)ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၁)လမ်းအထက်၊ အမှတ်(၄၃၃/က) မြေကွက်နှင့်နေအိမ်တစ်လုံး၊ (၂)ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ပါဒကြီး၊ ရွှေပျောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၁၉/A)၊ ဦးပိုင်အမှတ်(၅၆/၂)၊ ဧရိယာ ၀ ဒသမ ၁၀ ဧကရှိ ခြံ(၁)ခြံ၊ (၃)ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဆင်ကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၁၆)၊ ဦးပိုင်အမှတ်(၆/၁၀၆)၊ ဧရိယာ ၀ ဒသမ ၀၈ ဧကရှိ ခြံ(၁)ခြံ၊ (၄)ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဆင်ကန်ကျေးရွာ၊ ကန်ပတ်လမ်းရှိ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ခန့်ရှိ ခြံ(၁)ခြံ၊ (၅)မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အင်းကြီးကျေးရွာရှိ ဧရိယာ ၈ ဒသမ ၇ ဧကရှိ အောင်မြင့်မိုရ်ထောပတ်စိုက်ပျိုးရေးခြံ(၁)ခြံ၊ (၆)မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၄)၊ ညောင်နီကျေးရွာရှိ အကျယ်အဝန်း(၆၀ပေx၈၀ပေ)ခန့်ရှိ ခြံ(၂)ခြံတို့ကို ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ရွှေ့ပြောင်းနိုင်သောပစ္စည်းများအနေဖြင့် (၁)ယာဉ်အမှတ်(YGN–3Q/4701)၊ TOYOTA Vanguard 2011 Model အနက်ရောင်ကား (၁)စီး၊ (၂) ၁၆ပဲရည် ရွှေဆွဲကြိုး(၁)ကျပ်သား (၁)ကုံး၊ (၂)ကျပ်သား(၁)ကုံး၊ ပတ္တမြားဘယက်(၁)ကုံး၊ (၃)ငွေသားကျပ်သိန်း(၁၅၀)ကို ကြိုးပမ်းရှာဖွေစုဆောင်းရရှိခဲ့ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေအနေဖြင့် အထက်ပါမရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများမှ ၎င်းခံစားပိုင်ခွင့်ရှိသော အခွင့်အရေးတစ်စုံတစ်ရာနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ထံသို့မှ လွှဲပြောင်းပေးအပ်ထားခြင်း လုံးဝမရှိပါ။ သို့ဖြစ်ပါ၍ အထက်ပါပစ္စည်းများမှာ ကျွန်ုပ်တို့မိတ်ဆွေနှင့် ၎င်း၏ဇနီးဖြစ်သူတို့ လင်မယားနှစ်ဦးပိုင်ပစ္စည်းများဖြစ်၍ ကျွန်ုပ်တို့၏မိတ်ဆွေ သိရှိသဘောတူညီခြင်း၊ ခွင့်ပြုခြင်းတစ်စုံတစ်ရာမရှိဘဲ အထက်ပါပစ္စည်းများအား လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်စုံတစ်ရာပြုမူဆောင်ရွက်ခြင်းများ မပြုကြပါရန်နှင့် အကယ်၍ တစ်စုံတစ်ရာပြုမူဆောင်ရွက်ခဲ့ပါက မိမိတို့၏တာဝန်သာဖြစ်ကြောင်းနှင့် ထိုသို့ပြုမူဆောင်ရွက်သူမည်သူ့ကိုမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးသန်းအောင်** | **ဒေါ်သီရိအောင်** |
| **LL.B, WIPO (Switzerland)** | **LL.B, LL.M,C.B.L, WIPO(Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၄၆၉၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၈၆၅)** |
| **ဦးသန့်ဇော်လွင်** | **ဒေါ်ဆုလှဲ့ပြုံး** |
| **LL.B, D.B.L, WIPO(Switzerland)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၆၂၃)** | **အထက်တန်းရှေ့နေ(စဉ်–၅၀၀၇၅)** |

**အမှတ် (၉/၁၁)၊ အခန်း (၃၀၂/D)၊ တတိယထပ်၊ ၃၆ လမ်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၅၀၀၈၇၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ (၁)ရပ်ကွက်။ ယမုံနာ(၁၂)လမ်း၊ အမှတ်(၂၆၀) ဦးစိုးလှိုင်နှင့် ဒေါ်စူစီအမည်ပေါက်မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲအဆောက်အဦ၏ (၄)လွှာ(ခြေရင်းခန်း)တိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးစိုးလှိုင် ၁၂/အလန(နိုင်)၀၁၉၂၉၀ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သည့် မောင်မြတ်ဒီပါကိုကို ၁၂/ဒဂဆ(နိုင်)၀၂၉၉၃၈ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးအောင်ဇေယျ (LL.B)** | **ဦးအောင်ကျော်ဖြိုး (LL.B)** | **ဒေါ်ချစ်ချစ်စံ (LL.B)** |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်–၁၄၂၃၅) | (စဉ်–၃၈၉၅၃) | (စဉ်–၄၇၄၆၈) |

အခန်း (၄၀၁) (B–6)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း–၀၉–၄၁၀၀၈၆၉၅

## ဒေါ်နှင်းနွေးလှိုင်နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ်(၅၁၄)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ (၁၂) ရပ်ကွက်၊ အမှတ်(၇၉၇) တို့တွင် ဖွင့်လှစ်ထားသော နိုင်ငံခြားအရက်အမျိုးမျိုး လက်လီလက်ကားရောင်းချခြင်းဆိုင်များ၏ ဦးငြိမ်းချမ်းဌေး ၁၂/ဥကတ(နိုင်)၁၆၆၀၂၂ အမည်ပေါက်လိုင်စင်အမှတ် {၄၂/၂၀၁၉–၂၀၂၀(ဒဂရ)} နှင့် {၁၅၈/၂၀၁၉–၂၀၂၀(မ/ဥ)}တို့ အပါအဝင် အရောင်းအဝယ်ပြုသော အရင်းအနှီးအားလုံးသည် ဦးငြိမ်းချမ်းဌေး၏ မိဘများဖြစ်သော ဦးမြင့်ဌေးနှင့် ဒေါ်ဝင်းဝင်းမော်တို့မှ ငွေကြေးအရင်းအနှီးစိုက်ထုတ်၍ ဦးငြိမ်းချမ်းဌေးမှ မိဘများကိုယ်စား အမည်ငှားဖြင့် လိုင်စင်လျှောက်၍ ဦးစီးလုပ်ကိုင်စေခြင်းသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ ဦးငြိမ်းချမ်းဌေးနှင့် ဒေါ်နှင်းနွေးလှိုင်တို့၏ လင်မယားအမှုအခင်းဖြစ်ပွားနေချိန်တွင် အဆိုပါဆိုင်များနှင့်ပတ်သက်၍ ဒေါ်နှင်းနွေးလှိုင်တွင် မည်သည့်လုပ်ပိုင်ခွင့်မျှမရှိပါကြောင်းနှင့် အဆိုပါဆိုင်များ၏ လက်ကျန်ပစ္စည်းစာရင်းများနှင့် ရောင်းချရငွေများအား ဤသတင်းစာကြေညာပါသည့်ရက်မှစတင်၍ ခုနစ်ရက်အတွင်း ဦးငြိမ်းချမ်းဌေး၏မိခင် ဒေါ်ဝင်းဝင်းမော်ထံသို့ ဒေါ်နှင်းနွေးလှိုင်မှ လက်ရောက်အပ်နှံ စာရင်းရှင်းလင်းပေးရမည်ဖြစ်သည်။

ထို့အပြင် အဆိုပါအရောင်းလိုင်စင်များသည်လည်း ဦးငြိမ်းချမ်းဌေးမှ အမည်ငှားအဖြစ် ဆောင်ရွက်ရောင်းချနေခြင်းသာဖြစ်၍ ဒေါ်နှင်းနွေးလှိုင်မှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးငြိမ်းချမ်းဌေး၏မိဘနှစ်ပါး ခွင့်ပြုချက်မရဘဲ ဆက်လက်ရောင်းချနေခြင်း၊ လိုင်စင်များအား အမည်ပြောင်းခြင်း၊ တစ်နည်းနည်းဖြင့်ဆောင်ရွက်ခြင်းများ ပြုလုပ်လာပါက တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်နှင်းနွေးလှိုင်အား အသိပေးလိုက်ပါသည်။

**ဦးမြင့်ဌေးနှင့် ဒေါ်ဝင်းဝင်းမော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသိန်းလှိုင်ထွန်း (LL.B)**
**(စဉ်–၉၆၁၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၉၃/ခ၊ စကားဝါလမ်း၊ ၈၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၉၇၉၃၁၀၀၉၅**

## အများသိရှိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အာသောကလမ်း၊ အမှတ်(၅၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ တိုက်(၇)၊ အခန်း(၁၀၁)၊ အေ–၁၀ လမ်းနေထိုင်သူ ဇနီးဖြစ်သော ဒေါ်ဝင်းဝင်းဆင့်(ခ)ရွှေမိအပေါ်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၆၅၁ လင်မယားကွာရှင်းပေးစေလိုမှုနှင့် လက်ထက်ပွားပစ္စည်းများအား ခွဲဝေပေးစေလိုမှု စွဲဆိုထားပါသည်။

သို့ဖြစ်ရာ အမှုတွင်ပါရှိသော အောက်ပါလင်မယားနှစ်ဦးပိုင်ပစ္စည်းများအား မည်သူတစ်ဦးတစ်ယောက်မျှ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ပါရန် အကယ်၍ ပြုလုပ်လာပါက တရားမဝင်ပါကြောင်းနှင့် တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအပ်ပါသည်။

**လက်ထက်ပွားပစ္စည်းများ**

၁။ တိုက်(၇)၊ အခန်း(၀၀၁)၊ အေ(၁၀)လမ်း၊ (၉၄)ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်
၂။ တိုက်(၃၂)၊ အခန်း(၀၀၄)၊ ငုဝါလမ်း(စီ)၊ (၉၄)ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊
၃။ တိုက်(၁၀)၊ အခန်း(၀၀၃)၊ ၈လမ်း(အေ)၊ (၉၄)ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊
၄။ တိုက်(၅)၊ အခန်း(၁၀၂)၊ ၇လမ်း(အေ)၊ (၉၄)ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊
၅။ တိုက်(၁၈)၊ အခန်း(၁၀၁)၊ ၁၀လမ်း(အေ)၊ (၉၄)ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊
၆။ တိုက်(၂)၊ အခန်း(၀၀၁)၊ ၉လမ်း(ဘီ)၊ (၉၄)ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊
၇။ အမှတ်(၃၈၉)၊ ပုဏ္ဏာမီလမ်း၊ (၇၈)ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ဟု ခေါ်တွင် လုံးချင်းတိုက်
၈။ မြေကွက်အမှတ်–၄၅၈၊ နိုင်မြစ်လည်း၊ (၉၁)ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ဟု ခေါ်တွင် အကျယ်(ပေ၄၀x၆၀ပေ)ရှိသောမြေကွက်

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသိန်းလှိုင်ထွန်း LL.B တရားလွှတ်တော်ရှေ့နေ(စဉ်–၉၆၁၉)**
**အမှတ်–၉၃/ခ၊ စကားဝါလမ်း၊ ၈၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၉၇၉၃၁၀၀၉၅**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာနမှ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသော အစိုးရအသိအမှတ်ပြုနိုင်ငံသား ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါသွင်းနိုင်ပါရန် ဖိတ်ခေါ်ပါသည် –

| ၂။ | တည်နေရာ | လုပ်ငန်း | |
|---|---|---|---|
| (က) | ဇမ္ဗူသီရိမြို့နယ် | အုတ်တံတိုင်းကာရံခြင်း၊မြေသားပြုပြင်ခြင်း | Lot(၁)ခု |
| | | အဝီစိတွင်းတူးခြင်း၊ 20 KW ပါဝါမီတာ | |
| | | တပ်ဆင်ခြင်း၊ ရေကန်ဂါလန်(၅၀၀၀)ဆံ့၊ | |
| | | ရေစင်ဂါလန်(၁၆၀၀)ဆံ့ အားကစားမှူးနေအိမ်၊ | |
| | | ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၊ အားကစားနှင့် | |
| | | ကာယပညာဦးစီးဌာနရုံး | |
| (ခ) | ပုဗ္ဗသီရိမြို့နယ် | မြေသားပြုပြင်ခြင်း၊ အုတ်တံတိုင်းကာရံခြင်း | Lot(၁)ခု |
| (ဂ) | တပ်ကုန်းမြို့နယ် | (A) အဆင့်အားကစားရုံ | Lot(၁)ခု |
| (ဃ) | ပျဉ်းမနားမြို့နယ် | မြေသားပြုပြင်ခြင်း၊ မြေကြီးနှင့်သဲဖြည့်ခြင်း | Lot(၁)ခု |
| | ဘောဂဝတီကွင်း | ဘောလုံးကွင်းရေနုတ်မြောင်း (၁၃၇၂)ပေ | |
| | | ဘောလုံးကွင်းစိမ့်မြောင်း (၂၁)ခု | |
| | | ကွင်းပတ်လည်အုတ်ခြံစည်းရိုး (၁၇၁၂ ပေx၆ပေ) | |
| | | သံပိုက်လုံးဂိုးတိုင် (၁)စုံ | |
| | | သံရေစင်ဂါလန် (၄၈၀၀)ဆံ့ | |
| | | RC ရေကန် (၂၂၀၀၀)ဂါလန် | |
| | | ၄ လက်မ အဝီစိတွင်း(၂၀၀)ပေ | |
| | | Sprinkler (20 HP Motor Pite Line) | |
| | | မီတာ(၁၁၀) ပြေးလမ်း(ကျောက်မှုန့်) | |
| | | ရုံး/အိမ်(၄၀'x၃၄')မြို့ပြလုပ်ငန်း–ရေလုပ်ငန်း– | |
| | | မီးလုပ်ငန်း၊ ရေစက်အိမ် (၁၁'x၉'x၈') | |
| | | Culvert (၂၄'x၆')၊ ဘောလုံးကွင်းမြတ်စိုက်ခြင်း | |
| | | Score Board (၈'x၁၆') | |
| | | ပြင်ပမီးရရှိရေးလုပ်ငန်း၊ မိလ္လာစနစ်(၁၂'x၅.၅' x၇.၅') | |
| | | အဝင်လျှောက်လမ်းခင်းခြင်း (၄၄၀'x၂၄') | |

၃။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** – ၃–၁၁–၂၀၂၀ ရက်
**အချိန်** – နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီ
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** – ၂–၁၂–၂၀၂၀ ရက်
**အချိန်** – ညနေ ၄:၃၀ နာရီ
**တင်ဒါလျှောက်လွှာဖွင့်မည့်ရက်** – ထပ်မံကြေညာပါမည်။

၄။ Lot(၁)ခု လျှင် တင်ဒါလျှောက်လွှာ (၁)စောင်နှုန်းဖြင့် Lot(၄)ခု ရောင်းချသွားမည်ဖြစ်ပြီး တင်ဒါနှင့်ပတ်သက်သော လိုအပ်သည့်စည်းကမ်းချက်များ အသေးစိတ်၊ အချက်အလက်များကို ရုံးချိန်အတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးရုံး ဖုန်း–၀၆၇–၂၅၅၅၆၊ ရုံးဖုန်း–၀၆၇–၂၂၀၈၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

## ဦးစိုင်းဝဏ္ဏညိုနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်၊ မင်္ဂလာလမ်းသွယ်၊ အမှတ်(၆၀/ခ)နေ ဒေါ်ဆွေဆွေမြင့် ၁၃/တကန(နိုင်)၀၄၉၂၇၉ နှင့် ဒေါ်ဝါဝါမြင့် ၁၃/တကန(နိုင်)၀၄၉၄၁၉ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၆/တိရစ္ဆာန်မွေးမြူရေးရပ်၊ မြေကွက်အမှတ် (၀၆၆)၊ ဦးပိုင်အမှတ် $F\frac{9}{289}$ ပိုင်ဆိုင်ခွင့် L ၊ မြေမျိုးနှင့်အတန်းမြို့မြေ III ဧရိယာ ၀ ဒသမ ၁၅၂ ရှိ မြေသည် ဒေါ်ဆွေဆွေမြင့်နှင့် ဒေါ်ဝါဝါမြင့်တို့ပိုင်ဆိုင်သော မြေဖြစ်ပါသည်။ အဆိုပါမြေပေါ်တွင် BCES MYANMAR Co.,Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းဝဏ္ဏညို ၁၃/တကန(နိုင်)၀၄၉၃၇၀ နှင့် ဒေါ်ဆွေဆွေမြင့်၊ ဒေါ်ဝါဝါမြင့်တို့မှ ကန်ထရိုက်စနစ်ဖြစ် လူနေတိုက်ခန်းများ ဆောက်လုပ်ရောင်းချခြင်းအတွက် နှစ်ဦးသဘောတူ ကတိပဋိညာဉ်စာချုပ်ဖြင့်(၁၀)ခန်းတွဲ၊ (၅)ထပ်အဆောက်အဦဆောက်လုပ်ရန် ၂၃–၈–၂၀၁၅ ရက်စွဲပါ နှစ်ဦးသဘောတူစာချုပ်ပြုလုပ်ခဲ့ပါသည်။

ကန်ထရိုက်တာအနေဖြင့် ၂၃–၈–၂၀၁၅ ရက်စွဲပါ ကန်ထရိုက်တာတာဝန်ယူမှုအပိုဒ်(၁)နှင့် အပိုဒ်(၄)အရ သဘောတူပြီး နှစ်ဦးသဘောတူဆုံးဖြတ်ချက်အပိုဒ်(၁)နှင့် အပိုဒ်(၃)(ဂ)အရ သဘောတူခဲ့ပါသည်။

စည်ပင်သာယာခွင့်ပြုမိန့်ကျသည့် ၁၇–၁၁–၂၀၁၆ မှစ၍ (၂)နှစ် ၁၇–၁၁–၂၀၁၈ အပြီးဆောက်လုပ်ရန် သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။ ထို(၂)နှစ်အတွင်း အဆောက်အဦပြီးစီးမှုမရှိခဲ့ပါသဖြင့် ဦးစိုင်းဝဏ္ဏညို၏ မေတ္တာရပ်ခံချက်နှင့် လူမှုရေးအရ နောက်တစ်ကြိမ် ၁၇–၁၁–၂၀၁၈ မှ ၁၇–၁၁–၂၀၂၀ ထိ သက်တမ်းထပ်မံတိုးမြှင့်ပေးခဲ့ပါသည်။

ထိုစာချုပ်တွင် ၁၇–၁၁–၂၀၁၈ ရက်မှစ၍ (၂)နှစ်အတွင်း အဆောက်အဦအား အပြီးအချောသပ် ဆောက်လုပ်ပေးမည်ဟု (၂)နှစ်အတွင်း အဆောက်အဦမအပ်နိုင်ပါက ကန်ထရိုက်တာ ဦးစိုင်းဝဏ္ဏညိုမှ ဆောက်လက်စအဆောက်အဦအား အဆုံးရှုံးခံပြီး ဆောက်လက်စအဆောက်အဦနှင့်ပတ်သက်၍ လုံးဝစွန့်လွှတ်သွားမည်ဖြစ်ကြောင်း အသိသက်သေများရှေ့တွင် သဘောတူခဲ့ပါသည်။ သတ်မှတ်ရက် ၁၇–၁၁–၂၀၂၀ ရက်တွင် အဆောက်အဦ၏ပြီးစီးမှု ၄၀% ခန့်ပင်မပြီးစီးသည့်အတွက် ၂၃–၈–၂၀၁၅ ရက်စွဲနှင့် ထပ်တိုးကာလ ၁၇–၁၁–၂၀၁၈ ရက်စွဲပါ လူနေတိုက်ခန်းများ ဆောက်လုပ်ရောင်းချခြင်းအတွက် နှစ်ဦးသဘောတူ ကတိပဋိညာဉ်စာချုပ်အား ၁၈–၁၁–၂၀၂၀ ရက်စွဲပါ ရက်မှစ၍ နှစ်ဦးသဘောတူကတိပဋိညာဉ်စာချုပ်အား ဖျက်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဆွေဆွေမြင့်၊ ဒေါ်ဝါဝါမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြူဖြူ**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၈၃၇)**
**အမှတ် (၂၆၁)၊ မင်္ဂလာလမ်း၊ မင်္ဂလာဦးရပ်၊ တောင်ကြီးမြို့**
**ဖုန်း–၀၈၁–၂၀၆၃၈၂၊ ၀၉–၅၂၁၀၃၀၂**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ လိုအပ်သော ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် စမ်းသပ်ကိရိယာများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၁၁-၂၀၂၀ ရက်

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန်** - ၁-၁၂-၂၀၂၀ ရက်၊ ၁၆:၀၀ နာရီ

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊ အချိန်** - ၁၅-၁၂-၂၀၂၀ ရက်၊ ၁၆:၀၀ နာရီ

၅။ **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်၊ အချိန်** - ထပ်မံဆက်သွယ်အကြောင်းကြားပါမည်။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ- ၀၉-၂၅၇၇၂၈၈၄၄၊ ၀၉-၉၅၉၂၁၇၇၇၇၊ ၀၉-၉၅၄၃၉၅၄၈

မှတ်ချက်။ COVID-19 ကာလအတွင်းဖြစ်ပါ၍ တင်ဒါပုံစံဝယ်ယူခြင်းကို Online စနစ်ဖြင့် (mail adress: procurement.doh2020@gmail.com) သို့ ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံကြေးအား မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၊ နေပြည်တော်ရှိ လမ်းဦးစီးဌာန၏ ဘဏ်စာရင်းအမှတ် MD-012906 သို့ ပေးသွင်းရမည်ဖြစ်ပါသည်။ ငွေပေးသွင်းပြီးကြောင်း Fax စာရွက်အထောက်အထားပြနိုင်မှသာ တင်ဒါလျှောက်လွှာအား E-mail ဖြင့် တင်ဒါလျှောက်လွှာ ရောင်းကြေးပေးသွင်းသည့် ကုမ္ပဏီသို့ ပြန်လည်ပေးပို့ပါမည်။ နေပြည်တော်အတွင်း ကိုယ်တိုင်လာရောက် ဝယ်ယူလိုပါက ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအဝင်ဂိတ်ပေါက်တွင် ဝယ်ယူရမည်ဖြစ်ပါသည်။ တင်ဒါခေါ်ယူမည့် အချက်အလက်များအား ဆောက်လုပ်ရေးဝန်ကြီးဌာန၏ website တွင် ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထဲရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီသည် ဝန်ကြီးရုံးနှင့်တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောအဆောက်အဦများ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပြုတင်ဒါ အဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၁၇-၁၁-၂၀၂၀ ရက်မှစတင်၍ သက်ဆိုင်ရာဝန်ကြီးရုံးနှင့်တပ်ဖွဲ့/ဦးစီးဌာန (ရုံးချုပ်)များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံ တင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအုပ်စုအမှတ်စဉ်အလိုက် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဈေးနှုန်းအဆိုပြုလွှာများအား ၂၃-၁၁-၂၀၂၀ ရက် ၀၉:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ ကြာပင်အုပ်စု၊ ထန်းတပင် ကျောက်မျက်ကွက်သစ်၊ တော်ဝင်ရတနာလမ်း (ဆုတောင်းပြည့်ကျောင်းတိုက်အနီး)ရှိ ဒက္ခိဏခရိုင်မီးသတ်စခန်းတွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။)

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဝန်ကြီးရုံး
ဖုန်း-၀၆၇-၃၄၁၂၇၈၈၊ ၀၆၇-၃၄၁၂၆၂၁

(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့
ဖုန်း-၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂

(ဂ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ဖုန်း-၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅

(ဃ) အကျဉ်းဦးစီးဌာန
ဖုန်း-၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆

(င) မီးသတ်ဦးစီးဌာန
ဖုန်း-၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄

တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမည် |
|---|---|---|
| ၁ | ၀၁/မမ/ဌာနခွဲ အသီးသီး | စာရေးကိရိယာနှင့် မိတ္တူကူးစက် ဆက်စပ်ပစ္စည်းများ (1-Lot) |
| ၂ | ၀၂/မမ/ဌာနခွဲ အသီးသီး | ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ (1-Lot) |
| ၃ | ၀၃/မမ/ဌာနခွဲ အသီးသီး | အဆင့်မြင့် စက္ကူ (၂)မျိုး |

တင်ဒါပိတ်မည့် နေ့/အချိန် - (၁၆.၁၂.၂၀၂၀) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၇.၁၁.၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည် -

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၇၇/မမ/CE | ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း (ညောင်လေးပင်-တောင်ငူ) အပိုင်းရှိ ဖြူးဘူတာတွင် ကြီးကြပ်ရေးဝန်ထမ်းများအတွက်(၂)ခန်းတွဲ (၁)လုံးဆောက်လုပ်ခြင်း။(44' x 32') (RC Brick Walling Concrete ကွန်ကရစ် ကြမ်းခင်း၊ ရေ၊ မီး ၊ မိလ္လာအပါအဝင် )လုပ်ငန်း၊ |
| ၂ | ၇၈/မမ/CE | ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း(ပဲခူး-ညောင်လေးပင်) အပိုင်းရှိ ညောင်လေးပင်ဘူတာယာဒ်ဝင်းတွင် ဝန်ထမ်းများအတွက် (၄)ခန်းတွဲ (၁)လုံးဆောက်လုပ်ခြင်း။(88' x 32') (RC Brick Walling Concrete ကွန်ကရစ်ကြမ်းခင်း ၊ရေ၊ မီး ၊ မိလ္လာအပါအဝင် )လုပ်ငန်း၊ |
| ၃ | ၇၉/မမ/CE | တိုင်း(၃)မန္တလေး<br>ရန်ကုန်-မန္တလေးအပိုင်း ၊ ကူမဲလမ်း-မြစ်သားကြား မိုင်တိုင် (၃၄၃/၈-၉)ရှိ (6' -0") Span Slab (Box)တံတားအမှတ်(၇၁၁)တည်ဆောက်ခြင်း၊ (အစုန်/အဆန်) |
